
# ဦးနု ဘဝ နှင့် စာပေမှတ်တမ်း

သန်းဝင်းလှိုင်
ပြုစုသည်



# (၁)

စီစဉ်တည်းဖြတ်သူ၏ အမှာ

စာရေး ဆရာကြီး ၊ နိုင်ငံတော် ဝန်ကြီးချုပ်(ငြိမ်း)နှင့် ဆဋ္ဌသင်္ဂါယနာပဓာန သာသနာ့ဒါယကာကြီး ဦးနု (၁၉၀၇-၁၉၉၅)သည် ပြီးခဲ့သော ၂၀၀၇၊ မေ ၂၅ ရက်နေ့ တွင် အသက် ၁၀၀ ပြည့်ပြီ ဖြစ်သည်။ သူ၏ နှစ် ၁၀၀ ပြည့် မွေးနေ့ အခမ်းအနားကို ကျန်ရစ်သူမိသားစုနှင့် ခင်မင်ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် နိုင်ငံရေး သမားများ ၊ ရေး ဖော်ရေး ဖက် စာရေး ဆရာများ ၊ စာပေမိတ်ဆွေများ ၊ သူ၏ တပည့်တပန်းများ က ပြုလုပ်ခဲ့ကြသည့်အတွက် အထူးပင်ဝမ်းသာကြည်နူး ဖြစ်မိသည်။

တစ်ဘဝ ချုပ်ငြိမ်းသွားပြီ ဖြစ်သော "သူ့လိုလူ" တစ်ဦး၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင် ခြင်လျက် ဤကဲ့သို့ ပြုလုပ်ကသည့်ဆိုသည်မှာ တော် ရုံတန်ရုံ မေတ္တာစေတနာမျိုးဖြင့် မလုပ်နိုင်ပေ။ လောဘ၊ ဒေါသ၊ မာန၊ ဣဿာမစ္ဆရိယတို့ ကို ရှေ့တန်းတင်ပြီးလျှင် တစ်ဦးကိုတစ်ဦး ပျက်စီးရာပျက်စီးကြောင်း ဆင်ကန်းတောတိုးသည့်ပမာ ပြုလုပ်နေကြသည့် ဤလောကကြီးတွင် မေတ္တာ စေတနာကို အရင်းခံထားလျက် ပြုလုပ်သော အမှု ကိစ္စ ဖြစ် သော ကြောင့် ဝမ်းသာကြည်နူး ဖြစ်သည်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ကျွန်တော် သည် စာရေး ဆရာကြီး ဦးနု၏ နှစ် ၁၀၀ ပြည့် မွေးနေ့ အမှတ်ရအ ဖြစ် "ဦးနု၏ အတ္ထုပ္ပတ္တိ နှင့် ဓာတ်ပုံမှတ်တမ်း" စာအုပ်တအုပ် ကို၂၀၀၇ ခုနှစ် တွင် ရေး သားခဲ့သော် လည်း အကြောင်းကြောင်းကြောင့် မထုတ် ဖြစ်ခဲ့ချေ။ ယခုတစ်ဖန် အားမာန်သစ်စာပေတိုက်မှ စာပေမိတ်ဆွေကြီး ဦးညိုမှိုင်း (ခွန်ဂျာမှိုင်း) က "ဦးနု၏ ဘဝနှင့် စာပေမှတ်တမ်း စာအုပ်တစ်အုပ် တည်းဖြတ်ထုတ်ဝေလိုက်သဖြင့် ကျွန်တော့် အား ကူညီပေးပါဟု ပြောလာသည်။ ကျွန်တော် မဆိုင်းမတွပင် စီစဉ်ပေးမည် ဟုကတိပေးလိုက် မိပါသည်။ အဘယ်ကြောင့် နည်း ကျွန်တော် သည် နိုင်ငံရေး သမား မြောက်မြားစွာ နှင့် ရင်းနှီးခင်မင်သော် လည်း သက်ရှိထင်ရှားရှိစဉ်က စာရေး ဆရာကြီး နှင့် ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ရင်းနှီးခဲ့သူမဟုတ်ပါ။ သို့သော် ဆရာကြီး ဦးနု ရေး သားခဲ့သော စာအုပ်များ

အားလုံးနီးပါးအမှတ်တရ ဝယ်ယူစုဆောင်း၍ လေ့လာဖတ်ရှုဖူးသည်။ ဆရာကြီး အကြောင်း အခြားသူများ ရေး သော ဆောင်းပါးများ ၊ လုံးချင်းစာအုပ်များ ကိုလည်းဖတ်ဖူးပါသည်။ ဆရာကြီး သည် ကျွန်တော့် စာပေဘဝနှင့် ပတ်သက်နေသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ရုံမက ကျွန်တော့် စာပေ ဘဝ၏ 'လမ်းညွှန်' ဆရာကြီး လည်း ဖြစ်ခဲ့သည်။ ကျွန်တော် သည်ငယ်စဥ်ကပင် R. Page Arrot ၏ A Short History of the Russian Revolution ကို ဆရာကြီး ဆီလျော်အောင် မြန်မာဘာသာပြန်ဆို၍ 'လူမွဲတို့ ၏ ထွက်ရပ်လမ်း' အမည် ဖြင့် ရေး သားခဲ့သော စာအုပ်၊ ၁၉၄၆ ခုနှစ် ကရေး သားထုတ်ဝေသော 'မာ့စ်ဆမင်းမ် ဆိုတာဘာလဲ'(ဗမာတွေ ဘာလုပ်ရမလဲ)၊ 'ငါးနှစ် ရရာသီ ဗမာပြည်' စသည့် နိုင်ငံရေး စာအုပ်များ ၊ 'ကာမတဏှာ' ၊ 'ရက်စက်ပါပေ့ကွယ်' ၊ 'ကျေးရူးရှင်' ၊ 'ငရဲဆိုချိန့် လားမို့' စသည့်ဝတ္ထုများ ၊ 'မိတ္တဗလဋီကာ' ၊ 'အာဇာနည် ' စသည့်တက်ကျမ်းများ ' သကအလ ' ၊ 'ပုထုဇနော ဥမ္မတကော' ၊ 'ကမ္ဘာကျော်ရိုက်စပီးယား ပြဇာတ်များ '၊ ' အသားထဲကလောက်ထွက် '၊ 'လူထုအောင်သံ ' စသည် ပြဇာတ်များ ၊ နောက်ဆုံး ဆရာကြီး ရေး သားခဲ့သည့် The Discoverer ကို ဦးမြင့်ဆွေ မြန်မာပြန်ခဲ့သော ' မြတ်တရားကိုရှာဖွေတွေ့ရှိသူ ' စာအုပ်အဆုံး ဖတ်ရှုဖူးသည်။ ဆရာကြီး ဦးနုသည် နိုင်ငံတော် နှင့် လူမျိုးတို့ ၏ ဘဝနှင့် ခံစားချက်များ ကို အမြဲတမ်းကိုယ်စားပြုပြီး ရေး သားခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ဆရာကြီး ၏ ကိုယ်ကျင့်တရား၊ ညှာတာထောက်ထားမှု နှင့် ဘာသာသာသနာအပေါ် ကြည်ညိုလေးစားမှု ၊ စာပေအပေါ် သစ္စာရှိမှု များ သည် ကျွန်တော့် ဘဝအတွက် အတုယူဖွယ် စံနမူနာများ ပင် ဖြစ်သည်။ တစ်နည်းဆိုရသော် ဆရာကြီး သည် ကျွန်တော့် ဘဝအတွက် 'လမ်းပြကြယ်'ပင် ဖြစ်သည်။ ယနေ့ တိုင် ဆရာကြီး ပြောလေ့ရှိသော 'ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနဲ့ ' ဆိုသည့် ဆောင်ပုဒ်နှင့် ဆရာကြီး အတွေးအမြင်များ ၊ ဆရာကြီး ၏ စာပေလက်ရာများ သည် ကျွန်တော့် အပေါ် လွှမ်းမိုးနေဆဲပင် ဖြစ်သည်။ဆရာကြီး နှင့် ပတ်သက်၍ အလေးအနက်ထား၍ မှတ်တမ်းတင်ထားရမည့် အချက်များ မှာ ကျောင်းသားဘဝ မှစ၍ သူ့ကျွန်ဘဝ လွတ်မြောက်ရေး အတွက် မြန်မာ့ လွတ်လပ်ရေး သမိုင်း၌ စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံရေး ဖြင့် ကိုယ်ကျိုးရှာခဲ့မှု လုံးဝမရှိခဲ့ခြင်း၊ သာသနာရေး နှင့် လူမှု ရေး လုပ်ငန်းများ ကို ကွယ်လွန်ချိန်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း၊

ဆဌသင်္ဂါယနာတင်ပွဲကြီးအောင်မြင်ပြီးစီးသည်အထိ အဓိက ဦးဆောင်ဆော်ဩခဲ့သော သာသနာ့ဒါယိကာကြီး ဖြစ်ခြင်း၊ တိုင်းကျိုးပြည်ပြုစာပေများ ကို အပတ်တကုတ် ရေးသားပြုစုခဲ့ခြင်း စသည်တို့ ပင် ဖြစ်သည်။

မည် သို့ ဆိုစေ 'ဆရာကြီး ဦးနု၏ ဘဝနှင့် စာပေလက်ရာများ ' စာအုပ် ဖြစ်မြောက်ရေး အတွက် မအားလပ်သည့်ကြားမှ ကူညီရေး သား ချီးမြှင့်ခဲ့ကြသော စာရေးဆရာမျာ အားလည်းကောင်း၊ ကူညီအားပေးခဲ့သည့် ပုဂ္ဂိုလ်များ အားလည်းကောင်း၊ လိုအပ်သည့်ဓာတ်ပုံများ နှင့် စာအုပ်စာတမ်းများ ကူညီရှာဖွေပေး၍ ဆောင်းပါးများ ချီးမြှင့်ခဲ့သော ဆရာကြီး ဦးနု၏ သမီးများ ဖြစ်ကြသော ဒေါ်စန်းစန်းနုနှင့် ဒေါ်သန်းသန်းနု (မြသန်းသန်းနု) တို့ အား လည်းကောင်း ကျေးဇူးဥပကာရတင်ရှိကြောင်း ဤနေရာ၌ အမှတ်တရ ဖော်ပြအပ်ပါသည်။

အာလုံးကိုကျေးဇူးတင်စွာ ဖြင့် _

သန်းဝင်းလှိုင်

(စီစည်တည်းဖြတ်သူ)

၂၀၀၉ ၊ဇန်နဝါရီ ၂၂ရက်



ဦးနု(၁၉၀၇-၁၉၉၅)၏ အတ္ထုပ္ပတ္တိအကျဉ်း

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဦးဆုံးသော နိုင်ငံတော်

ဝန်ကြီးချုပ် နှင့် စာရေး ဆရာကြီး ဦးနုကို ၁၉၀၇ ခု၊ မေလ ၂၅ရက်နေ့ တွင် ဧရာဝတီတိုင်းမြောင်းမြခရိုင်၊ ဝါးခယ်မမြို့၌ အဘ ဦးစံလွန်း၊ အမိဒေါ်ခင်တို့ မှ ဖွားမြင်ခဲ့သည်။ မွေးချင်းနှစ် ယောက် တွင် အကြီးဆုံး ဖြစ်ပြီး ညီငယ်အမည် မှာ မောင်ဥ ဖြစ်သည်။၁၉၁၄ ခုတွင် ဝါးခယ်မမြို့အစိုးရ အင်္ဂလိပ်-မြန်မာ နှစ် ဘာသာ စာသင်ကျောင်းတွင် သူငယ်တန်းမှ ပဥ္စမတန်း အထိ ပညာဆည်းပူး သင်ကြားခဲ့သည်။

ထို့နောက် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်လာသော ကြောင့် အမျိုးသားပညာရေး စနစ်နှင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသော အခါ အစိုးရကျောင်းသို့ ပြန်မတက်တော့ ဘဲ ဝါးခယ်မမြို့တွင် ဘုရားတန်ဆောင်းများ ၌ ပထမဆုံး အစိုးရ အထောက်အပံ့မယူဘဲ ဖွင့်လှစ်သော အမျိုးသားကျောင်းသို့ ဝင်ရောက်ပြီး ဆဌမတန်းမှစ၍ ပညာဆက်လက် ဆည်းပူးခဲ့သည်။ ဆဌမတန်း၌ ပညာသင်ကြား နေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာ အခက်အခဲရှိနေ၍ ဆရာတစ်ဘက်၊ ကျောင်းသားတစ်ဘက်ဆောင်ရွက်ခဲ့သည်။၁၉၂၅ တွင် မြို့မ အထက်တန်းကျောင်းမှ ၁၀တန်းအောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက် ခဲ့သည်။

၁၉၂၉ ခုတွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (BA) ရရှိခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အစည်းအရုံး တည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်ခဲ့သည်။ ထို့နောက် ဦးသန့် (နောင် ကုလသမဂ္ဂ အထွေထွေအတွင်းရေး မှူးချုပ် ဖြစ်လာသူ) ၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသား အထက်တန်းကျောင်းတွင် ကျောင်းအုပ်အ ဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

ယင်းနောက် သုံးခွမြို့ အမျိုးသားကျောင်းသို့ ပြောင်းရွှေ့၍ ကျောင်းအုပ်အ ဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့နောက်ပန်းတနော်မြို့ အမျိုးသားကျောင်းကော်မတီဥက္ကဌ ဦးအောင်ငြိမ်း၊ ဒေါ်ညီမတို့၏ တတိယသမီး မမြရီ နှင့် အိမ်ထောင်ကျခဲ့သည်။ အိမ်ထောင်ကျပြီးနောက် သုံးခွ အမျိုးသားကျောင်းမှ ပန်းတနော် အမျိုးသားကျောင်းသို ပြန်လည်၍ တာဝန်ထမ်းရွက်သည်။ ၁၉၃၄ တွင် ဘီအယ်လ်ခေါ် ဥပဒေတန်းတက်ရန်အတွက် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်

ရောက်ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပဒေတန်း တက်ရောက်နေစဉ် တက္ကသိုလ်သမဂ္ဂ အမှု ဆောင်အ ဖြစ် ရွေးချယ်ခံရသည်။ထို့နောက် ၁၉၃၅ တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ အ ဖြစ် ရွေးချယ်ခံရသည်။ ထိုနှစ် မှာ ပင် ဘီအယ်လ် (ဥပဒေဝိဇ္ဇာဘွဲ့) ရရှိသည်။ ၁၉၃၆ ခုတွင် တက္ကသိုလ်ကျောင်းသားသပိတ်ပေါ်ပေါက်လာသော အခါ ဦးဆောင်ပါဝင် လှုပ်ရှားခဲ့သည်။ ကျွန်ပညာရေး ကို အလိုမရှိဟူသော သဘောဖြင့် ဘီအေ(BA) ဘွဲ့ကို ပြန်အပ်ခဲ့သည်။

၁၉၃၇ တွင် သတင်းစာဆရာ ဦးဘစိန်၊ ဒီးဒုတ်ဦးဘချို့တို့ ဖွဲ့စည်းထားသော ဖေဘီယံ နိုင်ငံရေး ပါတီတွင် ဝင်ရောက်ကူညီသည်။ ထို့နောက် တို့ဗမာ အစည်းအရုံးသို ဝင်ရောက်ခဲ့ရာ အမည် ကိုနုမှ သခင်နု ဖြစ်လာသည်။ ထိုနှစ် ၁၉၃၇ မှာ ပင် သခင်နုနှင့် တိုးတက်သော နိုင်ငံရေး အမြင်ရှိသည့် လူငယ်များ စုပေါင်း၍ အင်္ဂလန်ပြည်ရှိ လက်ဝဲစာအုပ် အသင်းကို အတုယူကာ၁၉၃၇ ခု၊ နိုဝင်ဘာ (၄) ရက်နေ့တွင် နဂါးနီ စာအုပ် အသင်းကြီးကို တည်ထောင်ခဲ့သည်။ ဒီးဒုတ် ဦးဘချိုဦးစီးထုတ်ဝေလျက်ရှိသော ဒီဒုတ်ဂျာနယ် တွင် လည်း(ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ ကို ၁၉၃၆ မှ ၁၉၃၈ ခုနှစ် အထိ အခန်းဆက် ရေး သားနေခဲ့သည်။ နောင်တွင် အဆိုပါ ပြဇာတ်များ ကို စုပေါင်း၍ ၁၉၃၅ ခု၊ မတ်လတွင် ကမ္ဘာကျော် ရှိတ်စပီးယားပြဇာတ်များ အမည် ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ၁၉၃၉ တွင် သခင်နုသည် တရုတ်ပြည်သို့ ချစ်ကြည်ရေး သွားသော အဖွဲ့တွင် အဖွဲ့ဝင်အ ဖြစ် လိုက်ပါ သွားခဲ့သည်။

၁၉၄၁ တွင် သခင်နုသည် အင်္ဂလိပ်အစိုးရက သခင်နုအား ဖမ်းဆီး၍ ရုံးတင်စစ်ဆေးပြီး ထောင်ဒဏ် ၂နှစ် အပြစ်ပေးခဲ့သည်။ အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီးနောက် ၁၉၄၃ ခု၊ ဩဂုတ်လ ၁ရက်၊ ဂျပန်ခေတ်၊ ဒေါက်တာဘမော် အစိုးရ အဖွဲ့တွင် နိုင်ငံခြားရေး ဝန်ကြီးအ ဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။၁၉၄၄ ခုတွင် ပြန်ကြားရေး ဝန်ကြီးအ ဖြစ် တာဝန်ထမ်းဆောင်သည်။ ထိုနှစ် မှာ ပင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့တွင် ဥက္ကဋ္ဌ အ ဖြစ် ဆောင်ရွက်သည်။ ၁၉၄၅ ခု၊ ဇန်နဝရီလ ၂၀ ရက်နေ့တွင် ဖဆပလ လူထုညီလာခံမှ ရွေးချယ်သော ဗဟိုအမှု ဆောင် ၁၀ ဦးတွင်

ပါဝင်သည်။ ထို့နောက် ဖဆပလ အဖွဲ့တွင် ဒုတိယဥက္ကဌ ဖြစ်လာသည်။ ၁၉၄၇ခု ၊ ဇွန်လ ၁၃ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဌ အ ဖြစ် တင်မြှောက်ခြင်းခံရသည်။ထိုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေး အတွက် ဗြိတိန်နိုင်ငံသို့ ထွက်ခွာ၍ ဇူလိုင် ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိသည်။ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ၁၉၄၇ ခု၊ ဇူလိုင် ၁၉ ရက်နေ့တွင် ယာယီအစိုးရ၏ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဌအ ဖြစ်မှနုတ်ထွက်ခဲ့သည်။

၁၉၄၇ ခု၊ ဩဂုတ်လ ၂၆ ရက်နေ့ ဘာသာပြန်စာပေအသင်းကြီး တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည်။၁၉၄၇ ခု၊ အောက်တိုဘာ ၁၇ ရက်နေ့တွင် အင်္ဂလန်ပြည်၊ လန်ဒန်မြို့၌ နန်းရင်းဝန် ရစ်ချက်အက်တလီနှင့် မြန်မာ နိုင်ငံ ယာယီအစိုးရအဖွဲ့ ဝန်ကြီးချုပ် သခင်နုတို့ မြန်မာနိုင်ငံလွတ်လပ်ရေး အတွက် 'နုအက်တလီစာချုပ်' ကိုလန်ဒန်မြို့၌ သဘောတူ လက်မှတ်ရေး ထိုးခဲ့သည်။၁၉၄၈ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးမှ မြန်မာနိုင်ငံ၏ ပထမ ဆုံးဝန်ကြီးချုပ်အ ဖြစ် အမည် တင်သွင်းခံရသည်။ ထို့နောက်ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီးနောက် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတော် ဝန်ကြီးချုပ် ခန့် အပ်ခြင်းခံရသည်။

ထိုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂျပ်ဆင်ကောလိပ် ကျောင်းဝင်းအတွင်း ယာယီအသင်းတိုက်၌ ဘာသာပြန် စာပေအသင်းကို ဖွင့်လှစ်ခဲ့သည်။ ထိုမှတစ်ဖန်အမှတ် ၃၆၁ ၊ ပြည်လမ်းပေါ်ရှိ ဆိုရန်တိုဗီလာ အဆောက် အဦ (ယခု မြန်မာ့စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး ဌာန)သို့ ပြောင်းရွှေ့ပြီးနောက် 'စာပေဗိမာန်' ဟု အမည် ပြောင်းခဲ့သည်။

၁၉၅၁ ခုတွင် ဘာသာပြန် စာပေအသင်း အုပ်ချုပ်မှု ကောင်စီကို ဖွဲ့စည်း၍ ဥက္ကဌအ ဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၁ ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီတော် အနီးတွင် မဟာပသာဏလိုဏ်ဂူ တော် ကြီးကို ပန္နက်ရိုက်

အုတ်မြစ်ချပေးခဲ့သည်။ ၁၉၅၄ ခု၊ မေလ ၁၇ ရက်နေ့ တွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော် ကို ရန်ကုန်မြို့ ရေကူးရပ် သီရိမင်္ဂလာကုန်းမြေရှိ မဟာပသာဏ လိုဏ်ဂူတော် ကြီးတွင် ကျင်းပရာ ဥပသကာအဖွဲ့ဥက္ကဋ္ဌ အ ဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခု၊ ဇွန်လ ၁၂ ရက်နေ့ တင် နိုင်ငံတော် ဝန်ကြီးချုပ်ရာထူးမှ ခေတ္တ နုတ်ထွက်သည်။ ထိုနှစ် မှာ ပင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အ ဖြစ် ရွေးချယ်ခံရသည်။ ၁၉၅၇ ခုတွင် ဇနီး ဒေါ်မြရီ၊ ဦးသန့်၊ ဗိုလ်မှူးသွင်၊ ဗိုလ်ကြီးပြည်စိုး တို့ နှင့် အတူကမ္ဘာတစ်ပတ် ချစ်ကြည်ရေး ခရီး လှည့်လည်ခဲ့သည်။

၁၉၅၈ ခု၊ ဇွန်လ ၉ ရက်နေ့ တွင် သန့်ရှင်း ဖဆပလ အဖွဲ့ကို တည်ထောင်ခဲ့သည်။ ထိုနှစ် အောက်တိုဘာ ၂၈ ရက်နေ့ တွင် အိမ်စောင့်အစိုးရသို့ အာဏာလွှဲပြောင်းပေးခဲ့သည်။ ၁၉၆၀ ပြည့်နှစ် တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အ ဖြစ် ထပ်မံရွေးချယ်ခံရသည်။ ၁၉၆၀ ပြည့်နှစ် ၊မတ်လ ၁၈ ရက်နေ့ တွင် သန့်ရှင်းဖဆပလအဖွဲ့ကို ပြည်ထောင်စုပါတီအ ဖြစ် အမည် ပြောင်းခဲ့ပြီး ပါတီဥက္ကဋ္ဌ အ ဖြစ် တာဝန်ပေးခဲ့သည်။ ဧပြီလ ၄ ရက်နေ့ တွင် ကာကွယ်ရေး ဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီး၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီး တာဝန်များ ကို စတင်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ခု၊ အောက်တိုဘာလ ၁ ရက်နေ့ တွင် တရုတ်-မြန်မာ နယ်စပ်ကိစ္စကို လက်မှတ် ရေး ထိုးသည်။

၁၉၆၁ ခု၊ မတ်လ ၁၄ ရက်နေ့ တွင် ပါတီဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၆၀ ပြည့် နှစ် မှ ၁၉၆၂ ခု၊ မတ်လ ၂ ရက်နေ့ အထိ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ပထစ အဖွဲ့ဝင်အ ဖြစ် ထမ်းဆောင်ခဲ့သည်။ ၁၉၆၂-၆၆ ခုနှစ် အထိ ခေတ္တ ထိန်းသိမ်းခြင်းခံရသည်။ လွတ်မြောက်သော အခါရဟန်းဝတ်ပြီး မြန်မာပြည်အနှံ့ ဗုဒ္ဓဘာသာ တရားတော် များ ဟောကြားခဲ့သည်။ ၁၉၆၉ ခုတွင် မိသားစုနှင့် အတူ အိန္ဒိယသို့ ထွက်ခွာသွားခဲ့သည်။ ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်လကျာ်တို့ နှင့် ပူးပေါင်းပြီးပါလီမန် ဒီမိုကရေစီပါတီ တည်ထောင်သည်။

ထို့ နောက် သံဃာ့ဂိုဏ်းပေါင်းစုံ စုဝေးစည်းရုံးကြလျက် သာသနာတော် သန့် ရှင်းရေး ၊ တည်တံ့ရေး တို့ ကိုဆောင်ရွက်ကြရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့သည်ကိုနှစ်

ထောင်းအားရသော အားဖြင့် နိုင်ငံတော် အစိုးရ၏ သဘောထားနှင့် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေး ရရန် ဆင်နွှဲခဲ့သည့် ဆောင်ရွက်မှု များ တွင် အဓိကအခန်းမှရှပ်ရှပ်ချွံချွံ ပါဝင်ခဲ့ခြင်းများ ကို ထောက်ထားခြင်း ၊ အသိအမှတ်ပြုခြင်း ၊ ဂုဏ်ပြုခြင်း အားဖြင့် ဝန်ကြီး ချုပ်ဟောင်း ဖြစ်သူ ဦးနုအား မြန်မာပြည်သို့ ခေတ္တ ဖြစ်စေ၊အမြဲ ဖြစ်စေ ပြန်လာရန် နိုင်ငံတော် ကောင်စီနှင့် အာဏာပိုင်အဖွဲ့အစည်းများ ကိုယ်စား နိုင်ငံတော် သမ္မတက ဖိတ်ကြားမေတ္တာရပ်ခံခဲ့သည်ကို တုံ့ပြန်သော အားဖြင့် လည်းကောင်း၊ပြည်တွင် းပြည်ပ သာသနာရေး လုပ်ငန်းများ ကို အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လည်းကောင်း၊ ဦးနုနှင့် ဇနီးဒေါ်မြရီတို့ သည် ရန်ကုန်မြို့သို့ ၁၉၈၀ ပြည့်နှစ် ၊ ဇူလိုင်လ ၂၉ ရက်နေ့၊ ညနေ ၃ နာရီခွဲအချိန်တွင် ပြန်လည်ရောက်ရှိခဲ့သည်။ ၁၉၈၁ ခု၊ ဇန်နဝါရီလ ၄ ရက်နေ့ တွင် ဦးနု အားနိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမအဆင့်) ချီးမြှင့်ခဲ့သည်။ ထို့နောက် ဗုဒ္ဓသာသနာ ပြန့်ပွားရေး အတွက် ပိဋကတ်ဘာသာပြန်လုပ်ငန်းကို ဦးစီး၍ ဆောင်ရွက်သည်။ ၁၉၈၈ ခုတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ (ယာယီ) ကို ဖွဲ့စည်းပြီး ခေတ်ပြိုင်အစိုးရ ဖွဲ့စည်းခဲ့သည်။ ဦးနုသည် စာရေး ဆရာလည်း ဖြစ်ရာ ပထမဆုံး ပုံနှိပ်စာမူ ဖြစ်သည့် 'အချစ်လော အမုန်းလော' ပြဇာတ်ကို ဂူဝံ မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခြင်းခံရသည်။

၁၉၃၆ ခု တက္ကသိုလ် ကျောင်းသားသပိတ် ပြီးသော အခါ သပိတ်မှော က်ကျောင်းသားအမည် ဖြင့် ဇာတ်ညွှန်းရေး ၍ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်အ ဖြစ်ရိုက်ကူး ခဲ့သည်။ ထိုနှစ် မှာ ပင် ဒီးဒုတ် ဂျာနယ်၌ ကမ္ဘာကျော် ရိုတ်စပီးယားပြဇာတ်များ ကို ရေး သားခဲ့သည်။ ၁၉၃၇ ခုတွင် ပြဇာတ်တိုများ ထဲမှ ကောင်းနိုးရာရာများ ကို ရေး ချယ်၍ "ခေတ်မီပြဇာတ်များ " အမည် ပေး၍ နဂါးနီ စာအုပ်အသင်းမှ ထုတ်ဝေခဲ့သည်။

ဦးနု၏ ထင်ရှားခဲ့သော စာအုပ်များ မှာ ဗမာ့သတ္တိ၊ လူပေါ်လူဇော်လုပ်နည်း (ပ၊ ဒု တွဲ ) (နောက်တွင် အဆိုပါစာအုပ်ကို မိတ္တဗလဋီကာ အမည် သစ်သို့ ပြောင်း၍ ထုတ်ဝေရာ ကျောင်းသုံးစာအုပ်အ ဖြစ် အစိုးရပညာရေး ဌာနမှ ကျောင်းများ တွင် သင်ကြားရန်ပြဋ္ဌာန်းခြင်းခံရသည်) ဂန္ဓာလရာဇ်၊ နိုင်ငံရေး အဘိဓာန်၊ (သခင်လှဖေခေါ်ဗိုလ်လကျာ်နှင့် တွဲ ဖက်၍ ရေး သည်) နွားသိုးကြိုးပြတ်(ပြဇာတ်)

ပုထုဇနော၃မ္မတကော (ပြဇာတ်)၊ "ရက်စက်ပါပေ့ကွယ်" (အဆိုပါ စာအုပ်ကို
အင်းစိန်ထောင်အတွင် း အကျဉ်းခံနေရစဉ်က ရေး သားခဲ့သည်။ ဦးသော
င်းဒန်(အင်းစိန်ထောင်ထဲတွင် ရေး သားခဲ့သော ယခုတိုင် ပုံမနှိပ်ရသေးချေ။)
အာဇာနည်ဆိုတာ ဘာလဲ၊ မာခ်ဆဇ္ဇင်(မ်) ဆိုတာဘာလဲ၊ (ဗမာတွေ ဘာလုပ်ရမလဲ)၊ ငါးနှစ်
ရာသီဗမာပြည် (အဆိုပါ စာအုပ်ကိုမြန်မာနိုင်ငံအစိုးရ အမျိုးသား စီမံကိန်းဌာန၊
အတိုင်ပင်ခံအရာရှိကြီး မစ္စတာ ဂျေအပ်ဖ်ဖာနဗဲလ်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ခဲ့ သည် ။) "
လူမွဲတို့ ထွက်ရပ်လမ်း" (ပ၊ ဒု တွဲ )၊ "စာရိတ္တမထ္ထိုင်၊ လူထု အောင်သံပြဇာတ်"
(အဆိုပါပြဇာတ်ကို မြန်မာနိုင်ငံရှိ စာသင်ကျောင်းများ ၌ သင်ကြားရန် ပညာရေး
ဌာနမှပြဋ္ဌာန်းသည်။ အမေရိကန် ရုပ်ရှင်ကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံ
ဒီမိုကရေစီပညာ ပြန့် ပွားရေး အသင်းမှ ကြီးမှူး၍ ရုပ်ရှင်ရိုက်ကူးခဲ့သည်။ ထို့ ပြင်
အမေရိကန်ပြည်ထောင်စုတွင် ပြဇာတ်အ ဖြစ်လည်း စတင်ကပြခဲ့သည်။) နိုင်ငံတော် ပန်းတိုင်
(ပ၊ ဒုတွဲ )၊ "ပြည်တော် သာသာပန်းတိုင်"၊ ဓမ္မအအကြောင်း "ငါးပါးသီလအကြောင်း"၊
ငါးပါးသီ(မြတ်စွာ ဘုရား၊ သံဃာတော် ဓမ္မအကြောင်း)"ဗုဒ္ဓဘာသာ အရေး တော်ပုံ ၊
"ဖိနှိပ်တိုက်ပွဲအဆင့်ဆင့် "၊"ဒီမိုကရေစီ ကာကွယ်ကြ " (မြန်မာ၊ အင်္ဂလိပ် နှစ် ဘာသာ)
ရေတန်းခေါင်းဆောင် ဖြစ်လိုသော် "အိန္ဒိယပြည်၌ ဟောပြောသော ဗုဒ္ဓတရားတော် များ "
"ကာမတဏှာ " ရုပ်စုံအခြေခံသမိုင်းအတွဲ -၁ " (ကမ္ဘာနှင့် သတ္တဝါအစ၊ ယဉ်ကျေးမှု အစ)၊
"ညောင်ကန်အေး ဝိပဿနာတရားတော် " " ကျေးရူးရှင် " "ဓမ္မစကြာတရားတော် "၊
အနတ္တလက္ခဏာသုတ်တရားတော် "၊ " ငရဲဆိုချိုနဲ့ လားမို့ "၊ "
တြိရတနာသဗ္ဗဇေယျမင်္ဂလာဂါထာတော် များ " မြတ်တရားကို ရှာဖွေတွေ
့ရှိသူ(ဂေါတမမြတ်စွာ ဘုရား)တို့ ဖြစ်ပြီး၊ အင်္ဂလိပ်ဘာသာဖြင့် ရေး သားသော စာအုပ်များ မှာ
'Towards Pease & Democracy' 'From Peace to Slability' 'The People win
through' 'Burma looks Ahead' 'Burma under the Japan: Picture and
Portraits' 'Forward with the People' 'We must Defend Democracy'
'Wages of Sin' စသည်တို့ ဖြစ်သည် ။ ဦးနု ရေး သားခဲ့သော " တာတေစနေသား ၊
ဘဝတဏှာ ၊ သမုဒ္ဒယတဏှာ ၊ ကမ္ဘာတစ်ပတ် စာအုပ်တို့ မှာ ယနေ့ တိုင်

မထုတ်ဝေရသေးပေ။

ထို့နောက် ၁၉၅၅ ခု၊ ဖေဖော်ဝါရီလ ၁၄ ရက်၊အင်္ဂါနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ဆဋ္ဌသင်္ဂါယနာပဓာန သာသနာ့ဒါယကာကြီး နိုင်ငံတော် ဝန်ကြီးချုပ်(ငြိမ်း)နှင့် စာရေး ဆရာကြီး ဦးနုသည် အသက် ၈၈နှစ် အရွယ်တွင် ဇဗပါး ရောဂါ ဖြင့် အမှတ် ၄၂၊ ပြည်ထောင်စုလမ်းသွယ်၊ဆရာစံလမ်းမကြီး၊ ဗဟန်းမြို့နယ် နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်၌ သမီး ဒေါ်စန်းစန်းနု (ဦးသက်တင်)၊ဦးအောင်ရဲမြင့် + ဒေါ်မြမြအေး၊ ဦးသောင်းထိုက် +ဒေါက်တာ မေသဇင်သန်းထိုက်၊ ဦးအောင် + ဒေါ်ခင်စန်း နွဲ့၊ ဦးအောင်ငြိမ်း + ဒေါ်သန်းသန်းနု၊ ဒေါက်တာ ခင်အေးသက်တင်(ခ)ဒေါ်ခင်အေးနု တို့ ကျန်ရစ်ခဲ့သည်။ဇနီး ဒေါ်မြရီသည် ဦးနု မကွယ်လွန်မီ လွန်ခဲ့သော ၂နှစ် ခန့် (၁၉၉၃ခု၊ ဖေဖော်ဝရီလ ၇ ရက်နေ့)တွင် ကွယ်လွန်သွား ခဲ့ပြီး ဖြစ်သည်။ ဦးနု၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ကြံတောသုသာန၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ (၁၁-၁၂-၉၆)ရက်နေ့ တွင် ကြံတောသုသာန် ဖျက်သိမ်းလိုက်သော ကြောင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်သို့ ဇနီး ဖြစ်သူ ရုပ်ကလာပ်နှင့် အတူပြောင်းရွှေ့ဂူသွင်းထားခဲ့သည်။

(၂)

## နိုင်ငံတော် ဝန်ကြီးချုပ်(ငြိမ်း) ဦးနု၏ ဘဝ ဖြစ်စဉ်ရက်စွဲသမိုင်း



၁၉၀၇ မေ ၂၅၊ အဘ ဦးစံထွန်း၊ အမိ ဒေါ်စောခင်တို့ မှစနေနေ့ နံနက် ၈နာရီ၊ ၃၉မိနစ်၊ ၁၂ စက္ကန့် ၌ သားဦးကလေး မောင်နုအား ဝါးခယ်မမြို့ ဘုရားကြီးလမ်းထိပ် နေအိမ်၌ ဖွားမြင်သည်။ မွေးချင်း နှစ် ယောက် တွင် အကြီးဆုံး ဖြစ်ပြီး ညီငယ်အမည် မှာ မောင်ဥ (သခင်ဥ) ဖြစ်သည်။

၁၉၂၀ တက္ကသိုလ်ကျောင်း သားသပိတ်တွင် ဝါးခယ်မ မြို့အစိုးရကျောင်း ၌ ပဥ္စမတန်းမှ ပါဝင်ခဲ့သည်။ဧတန်း၌ ပညာသင်ကြားနေစဉ် ဝါးခယ်မ အမျိုးသားကျောင်းတွင် ဆရာအခက်အခဲရှိနေ၍ ဆရာတစ်ပိုင်း၊ ကျောင်းသားတစ်ပိုင်း ဆောင်ရွက်ခဲ့သည်။

၁၉၂၅ မြို့မအထက်တန်းကျောင်းမှ ဆယ်တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ် ဆက်တက်သည်။

၁၉၂၉ ရန်ကုန်တက္ကသိုလ်မှ ဘီအေ(ဝိဇ္ဇာ )ဘွဲ့ ရရှိသည်။မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ် များ အစည်းအရုံးတည်ထောင်ရာတွင် ကမကထလုပ်၍ ပါဝင်သည်။ဦးသန့် ၏ တိုက်တွန်းချက်အရ ပန်းတနော်မြို့ အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းအုပ်အ ဖြစ် တာဝန်ထမ်းရွက်သည်။ ထို့ နောက် ပန်းတနော်မြို့ အမျိုးသားကျောင်း ကော်မတီဥက္ကဋ္ဌနှင့် ဆန်စက်ပိုင်ရှင် ဦးအောင်ငြိမ်းနှင့် ဒေါ်ညိုမတို့ ၏ တတိယသမီးမမြရီနှင့် နှစ် ဦးသဘောတူ လက်ထပ် ယူသည်။ ပန်းတနော် အမျိုးသားကျောင်း သို့ ပြန်၍ တာဝန်ထမ်းဆောင်သည်။

၁၉၃၄ ကိုနုသည် ဘီအယ်လ် (B.L) ခေါ် ဥပဒေပညာသင်ရန် ရန်ကုန်တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိလာသည်။ ထိုစဉ်မှာ ပင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ (တကသ) ဒုတိယဥက္ကဋ္ဌနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရာအနိုင်ရသည်။

၁၉၃၅-၃၆ တက္ကသိုလ်ကျောင်း သားများ သမဂ္ဂ အမှု ဆောင်အဖွဲ့ဖွဲ့စည်းသည်။ သမဂ္ဂအမှု ဆောင်



အဖွဲ့ဝင်များ မှာ -

(၁) ကိုန - ဥက္ကဋ္ဌ

(၂) မစ္စတာရာရှစ် - ဒုဥက္ကဋ္ဌ

(၃) ကိုသီဟန် - အတွင်းရေး မှူး

(၄) ကိုအုန်း - ငွေထိန်း

(၅) ကိုထွန်းအုံ - စာကြည့်တိုက်မှူး

(၆) ကိုဘဆန်း -အားကစားခန်စားမှူး

(၇) ကိုအောင်ဆန်း - အိုးဝေမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ

(၈) ကိုသာလှ - နိုင်ငံခြားဆက်သွယ်ရေး မှူး

(၉) ကိုထွန်းတင် - ပေါင်းသင်းဆက်ဆံရေး မှူး

၁၉၃၆ ဇန်နဝါရီ ၃၀၊ တက္ကသိုလ် ကျောင်းသားများ သမဂ္ဂ မှ ကြီးမှူးကျင်းပသော စကားရည် လုပွဲ၌ သဘာပတိ ကိုနု(တကသဥက္ကဋ္ဌ) က ကျောင်းအုပ်ကြီး မစ္စတာဒီဂျီစလော့စ် (ဳ.ჟ. Ⴝloss) သည် ကျောင်းသားများ ၏ ကိုယ်ရေး ကိုယ်တာ ကိစ္စများ ကို ဝင်ရောက်စွက်ဖက်နေကြောင်း၊ ကျောင်းသားများ ကျွန်စိတ်မွေးမှု နှင့် ကြောက်စိတ်တွေ ကို ပယ်ဖျောက်ပစ်သင့်ကြောင်း စသည်ဖြင့် တက္ကသိုလ် အာဏာပိုင်များ ၏ ဖြစ်အင်ချို့ယွင်းမှု များ ကို ဝေဖန်ပြောဆိုခဲ့သည်။

ဖေဖော်ဝါရီ ၂၁၊ ရန်ကုန်တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာဒီဂျီစလော့စ် (ဳ.ჟ. Ⴝloss) က ကိုနုကို ကျောင်းထုတ်လိုက်ကြောင်းအကြောင်းကြားစာကို ပေးပို့ ခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ အမှု ဆောင်အစည်းအဝေးခေါ် ၍ ကိုနုအားကျောင်းထုတ်သည့်ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၂၅၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌ ကိုနုကို ကျောင်းထုတ် လိုက်ခြင်းနှင့် ကျောင်းသားသမဂ္ဂ၏ အိုဝေမဂ္ဂဇင်းတွင် အင်္ဂလိပ်ကဏ္ဍပိုင်း၌ ပါဝင်သော ယမမင်း (ဦးညိုမြ၏ ကလောင်ကွဲ)၏ The Hell Hound At Large(ငရဲခွေးကြီး လွတ်ပြေးနေသည်) အမည် ရှိအယ်ဒီတာထံပေးစာနှင့် ပတ်သက်၍ ပေးစာရေး သူအမည် ကို ဖော်ထုတ်ရန် တောင်းဆိုသည်ကိုငြင်းပယ်ခဲ့သည့် တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းတို့ ကို ကျောင်းထုတ်လိုက်ခြင်းသည် ကျောင်းသားထုတစ်ရပ်လုံးကို စော်ကားခြင်းဟု သမဂ္ဂကယူဆခဲ့သည်။ ဤသို့ ဖြင့် "ဒုတိယအကြိမ် ပြည်လုံးကျွတ် တက္ကသိုလ်ကျောင်းသားသပိတ်ကြီး " ကိုကျောင်းသားကျောင်းသူ ၇၀၀ ကျော်ဖြင့် စတင်သပိတ်မှော က်ခဲ့ကြသည်။



၁၉၃၆ ခု၊ တက္ကသိုလ် ကျောင်းသားသပိတ်ကောင်စီဝင်အချို့အားသခင်နုက ရှင်းလင်းပြောကြားနေစဉ်

ရွှေတိဂုံစေတီကုန်းပေါ်၌ တက္ကသိုလ်သပိတ် စောင့်ရှောက်ရေး အဖွဲ့ကို ဖွဲ့စည်း ခဲ့သည်။ သပိတ်စောင့်ရှောက်ရေး အဖွဲ့ကို ဦးဆောင်ခဲ့သူများ မှာ -

(၁) ဦးကျော်မြင့် (ဝတ်လုံ)

(၂) ဒီးဒုတ်ဦးဘချို (နောင်အာဇာနည်)

(၃) ဒေါက်တာ ဦးကျော်ငြိမ်း

(၄) ဒေါ်နှင်းမြ တို့ ဖြစ်ကြသည်။

ဖေဖော်ဝါရီ ၂၆၊ ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်းရှိ မော်လမြိုင်ဇရပ် တွင် သပိတ်မှော်ကောင်စီကို ဖွဲ့စည်းပြီး ကျောင်းသားသပိတ်ကို ကြီးကြပ်ပေးခဲ့သည်။ အဖွဲ့ဝင် ၃၁ဦး သပိတ်မှော်ကောင်စီထဲမှ ထင်ရှားသူများ မှာ -

(၁) ကိုနု

(၂) မစွတာရာရှစ်

(၃) ကိုအုန်း

(၄) ကိုသီဟန်

(၅) ကိုကျော်ငြိမ်း

(၆) ကိုထွန်းအုံ

(၇) ကိုဘဆက်

(၈) ကိုညိုထွန်း

(၉) ကိုစိုးမောင်

(၁၀) မအုန်း

(၁၁) မခင်မြ

(၁၂) တီကေဘွန်း

(၁၃) ကိုသန်းတင်

(၁၄) ကိုထွန်းဖေ

(၁၅) ကိုထွန်းတင်

(၁၆) ကိုလှဖေ

(၁၇) သရဲဗအေး

(၁၈) ကိုသိန်းတင် (ဦးညိုမြ)

(၁၉) မအမာ (လူထုဒေါ်အမာ)

(၂၀) မမကြီး

(၂၁) ကိုအောင်ဆန်း (နောင်ဗိုလ်ချုပ်)

(၂၂) ကိုလှမောင် (ရမည်း သင်း)

(၂၃) ကိုလှခင်မောင်

(၂၄) ကိုညွန့် စသည်တို့ ဖြစ်ကြသည်။

၁၉၃၈ အောက်တိုဘာ၊ ကိုအောင်ဆန်း (နောင်ဗိုလ်ချုပ်)၊ ကိုနု(နောင်ဝန်ကြီးချုပ်)၊ကိုသန်းထွန်း(နောင်ဗကပဥက္ကဋ္ဌ) တို့ သည် တို့ ဗမာအစည်းအရုံးသို့ တစ်နေ့ တည်း ဝင်ရောက်ခဲ့ကြသည်။ ကိုနုသည် တို့ ဗမာအစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီးနောက် သခင်နု ဖြစ်လာသည်။

နိုဝင်ဘာ ၃၊ သခင်အောင်ဆန်း တကသဥက္ကဋ္ဌ အ ဖြစ်မှ နှုတ်ထွက်ခဲ့သဖြင့် ကိုဗဟိန်းကို တကသ ဥက္ကဋ္ဌအ ဖြစ် ထပ်မံ ရွေးကောက်တင်မြှောက်ခဲ့သည်။

နိုဝင်ဘာ ၂၀၊ တတိယအကြိမ် တို့ ဗမာ အစည်းအရုံး အလုပ်အမှု ဆောင်အဖွဲ့၏ နိုင်ငံလုံးဆိုင်ရာ ဒုတိယအစည်းအဝေးကို ရွှေတိဂုံစေတီ မော်လမြိုင် ဇရပ်တွင် ကျင်းပရာ သခင်ဗစိန်၊ သခင်ထွန်းအုပ်စသည့် အလုပ်အမှု ဆောင်များ ကို အစည်း အရုံးမှထုတ်ပယ်ကြောင်း ဆုံးဖတ်၍ အမှု ဆောင်အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းလိုက်သည်။ အမှု ဆောင်အဖွဲ့ဝင်သစ်များ မှာ -

(၁) သခင်ကိုယ်တော် မှိုင်း - နာယက

(၂) သခင်ထိပ်တင်ကိုယ်တော် ကြီး- ဥက္ကဋ္ဌ

(၃) သခင်လှဘော်- ဒုဥက္ကဋ္ဌ

(၄) သခင်အောင်ဆန်း -အထွေထွေ အတွင် းရေး မှူး

(၅) သခင်ဗမောင် (မော်လမြိုင်)- ငွေထိန်း

(၆) သခင်တင်မောင် (ပန်းတနော်) -ကိုယ့်မင်း ကိုယ်ချင်း

(၇) သခင်သင် (ချောက်)- လယ်သမား ဌာန

(၈) သခင်သန်းထွန်း -။

(၉) သခင်နု - ဝါဒဖြန့် ချိရေး

(၁၀) သခင်သိန်းအောင် (အလုံ) -။

(၁၁) သခင်လှဖေ (ကာလကတ္တား)-။

(၁၂) သခင်မြ - စာရင်းစစ်

(၁၃) သခင်လှမောင် (ခုနစ်ထောင်စံ) - ဗမာ့လက်ရုံးတာဝန်ခံ

(၁၄)သခင်ဗဦး - အမှု ဆောင်

(၁၅) သခင်ဗသန်း (သထုံ) -။

(၁၆) သခင်သန်း (မော်လမြိုင်)-။ စသည်တို့ ဖြစ်သည်။

၁၉၃၉ ဧပြီ ၇ ၊ သခင်ကိုယ်တော် မှိုင်း ဦးဆောင်သော တို့ဗမာအစည်းအရုံး၏ စတုတ္ထအကြိမ် ညီလာခံကိုမော်လမြိုင်မြို့တွင် ကျင်းပသည်။ ညီလာခံမှ ရွေးကောက်တင်မြှောက်လိုက်သော အလုပ်အမှု ဆောင်အဖွဲ့မှာ -

(၁) သခင်ကိုယ်တော် မှိုင်း - နာယက

(၂) သခင်ထိပ်တင်ကိုယ်တော် ကြီး -။

(၃) လယ်တီပဏ္ဍိတ သခင်မောင်ကြီး -။

(၁) သခင်လှဘော် - ဥက္ကဋ္ဌ

(၂) သခင်အောင်ဆန်း- အထွေထွေအတွင်း းရေး မှူး

(၃) သခင်စိုး - အလုပ်သမား ဌာနမှူး

(၄) သခင် ခင်အောင် - လယ်သမားဌာန မှူး

(၅) သခင်လှဖေ - စည်းရုံးရေး ဌာနမှူး

(၆) သခင်လေးမောင် - ပြန်ကြားရေး ဌာနမှူး

(၇) သခင်ဗသာ - ဗမာ့လက်ရုံးတပ် ဌာနမှူး

(၈) သခင်နု - ဘဏ္ဍာရေး မှူး

(၉) သခင်တင်မောင် (ပန်းတနော်) -ကိုယ့်မင်းကိုယ့်ချင်း

(၁၀) သခင်လှမောင် (တောင်ငူ) - ဌာနချုပ်ရုံးအုပ်ချုပ်ရေး

(၁၁) သခင်သိန်းမောင် - အမှုဆောင်

(၁၂) သခင်ထွန်းရွှေ -။

(၁၃) သခင်သန်းထွန်း -။

(၁၄) သခင်လှမောင် -။

(၁၅) သခင်မြ -။

(၁၆) သခင်အုန်းဖေ -။

(၁၇) သခင်သန်း -။

(၁၈) သခင်သင် -။ တို့ ဖြစ်သည်။

၁၉၃၉ စက်တင်ဘာ ၁၊ ဒေါက်တာဘမော်၏ နေအိမ်တွင် အစည်းအဝေး ကျင်းပ၍ " ဗမာ့ ထွက်ရပ်ဂိုဏ်း "(Burma Freedom Bloc) ကို စတင်ဖွဲ့စည်းသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ မှာ -

(၁) ဒေါက်တာဘမော်(ဆင်းရဲသားဝံသာနုအဖွဲ့)-ခေါင်းဆောင်

(၂) သခင်အောင်ဆန်း(တို့ဗမာအစည်းအရုံး)- အထွေထွေအတွင်း ရေး မှူး

(၃) သခင်သန်းထွန်း(တို့ဗမာအစည်းအရုံး)- အမှုဆောင်

(၄) သခင်လှဘော် (တို့ဗမာအစည်းအရုံး)- ။

(၅) သခင်နု(တို့ဗမာအစည်းအရုံး)- ။

(၆) သခင်မြ (တို့ဗမာအစည်းအရုံး)- ။

(၇) ဦးလှမင်း (ဆင်းရဲသား ဝံသာနုအဖွဲ့)- ။

(၈) ဗန္ဓုလဦးစိန်(ဆင်းရဲသား ဝံသာနုအဖွဲ့)- ။

(၉) ဒေါက်တာသိန်းမောင်(ငါးပွင့်ဆိုင်အဖွဲ့) - ။

(၁၀) ဦးထွန်းအောင်(ငါးပွင့်ဆိုင်အဖွဲ့) - ။

(၁၁) ဦးဘရွှေ (မန္တလေး)(နေပြည်တော် အဖွဲ့) - ။

(၁၂) ဦးဘဦး (မန္တလေး)(နေပြည်တော် အဖွဲ့) - ။

(၁၃) စောဖေသာ(ကရင်အမျိုးသားအဖွဲ့) - ။စသည်တို့ ဖြစ်သည်။

ဒီဇင်ဘာ ၁၂၊ မြို့မကျောင်းအုပ်ကြီး ဦးဘလွင် ဦးဆောင်သော အဖွဲ့ဝင်(၈)ဦးပါ တရုတ်-မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။ ယင်းတို မှာ -

(၁) ဦးဘလွင် - အဖွဲ့ခေါင်းဆောင်

(၂) ဒီးဒုတ်ဦးဘချို - အဖွဲ့ဝင်

(၃) မစ္စတာဂန်ဂါဆင်း(အောက်လွှတ်တော် အမတ်)- အဖွဲ့ဝင်

(၄) သခင်နု - အဖွဲ့ဝင်

(၅) ဒေါ်မြစိန် - အဖွဲ့ဝင်

(၆) မစ္စတာ စောတိန်လျောင် - အဖွဲ့ဝင်

(၇) မစ္စတာ ဝီလျံကျန် - အဖွဲ့ဝင်

(၈) မစ္စတာ လယူး - အဖွဲ့ဝင် တို့ ဖြစ်သည်။

၁၉၄၁ သခင်နုကို အင်္ဂလိပ်အစိုးရအား ဆန့်ကျင်ဝေဖန်တရားဟောမှု ကြောင့် ဖမ်းဆီး၍ ထောင်ဒဏ်နှစ် နှစ် အပြစ်ပေးသည်။- သခင်နုသည် အကျဉ်းကျနေစဉ် အင်္ဂလိပ်ပြဇာတ် ၁၅ ပုဒ်ကို ဆီလျော်အောင် ဘာသာပြန်ဆိုခဲ့သည်။ (၎င်းတို့ထဲမှ နွားသိုးကြီးပြုတ်နှင့် ပုထုဇနော့ဥမ္မတတကော ပြဇာတ်နှစ် ပုဒ်ကို ဂျပန်တို မြန်မာပြည်အုပ်စိုးနေချိန်က ထုတ်ဝေသည်။)ထို့ပြင် အင်းစိန်ထောင်ထဲတွင် "ရက်စက်ပါပေ့ကွယ် " နှင့် "ဦးသော င်းဒန် "ဝတ္ထုတို့ကို ရေး သားသည်။

၁၉၄၂ ဇွန် ၄၊ မြန်မာပြည်ရှိ ဂျပန်စစ်တပ်များ ကွပ်ကဲအုပ်ချုပ်ရသော ဂျပန်စစ်သေနာပတိ ဗိုလ်ချုပ်ကြီး အီဒါးရှိုဂျီရို (Gen. Eida Shojiro) က မြန်မာပြည်ရှိ နိုင်ငံရေး ခေါင်းဆောင်များ ကိုမေမြို့ (ပြင်ဦးလွင်)သို့ ဖိတ်ကြားပြီး "ဗမာပြည်ဗဟိုအုပ်ချုပ်ရေး စီစဉ်မှု အဖွဲ့" ကို ဖွဲ့စည်းပေးခဲ့သည်။ ယင်းတို့မှာ -

(၁) ဒေါက်တာဘမော်- ခေါင်းဆောင်

(၂) ဦးဘဘေ - အဖွဲ့ဝင်

(၃) ဒေါက်တာသိမ်းမောင်-။

(၄) သခင်မြ -။

(၅) ဗန္ဓုလ ဦးစိန် -။

(၆) သခင်ထွန်းအုပ် -။

(၇) သခင်နု -။

(၈) ဦးဘသိန်း(ခါးမတပ်ဗိုလ်) -။

(၉) ဦးလှဖေ -။

(၁၀) သခင်ဗစိန် -။ တို့ ဖြစ်သည်။

ဇူလိုင် ၂၇၊ တို့ ဗမာအစည်းအရုံး နှစ် ခြမ်းကွဲပြီးနောက် သခင်ကိုယ်တော် မှိုင်း ကြီးမှူးသော တို့ ဗမာအစည်းအရုံး၊ သခင်ဗစိန် ကြီးမှူးသော တို့ ဗမာအစည်းအရုံးနှင့် ဒေါက်တာဘမော် ကြီးမှူး သော ဆင်းရဲသားဝံသာနု အစည်းအရုံးအဖွဲ့ တို့ ပူးပေါင်းကာ "တို ဗမာဆင်းရဲသား အစည်းအရုံး" ဟူသော အမည် သို့ ပြောင်းလဲပြီး "တစ်သွေး၊တစ်သံ၊ တစ်မိန် " အဖြစ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် အစည်းအရုံးသို့ ဦးသာဇံလှကြီးမှူးသော "ရခိုင်အမျိုးသားများ အစည်းအရုံး "၊သခင်တင် ကြီးမှူးသော "ဗမာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမား အစည်းအရုံး"၊ ဟသ်ာတ ဦးမြ ကြီးမှူးသော မျိုးချစ်အဖွဲ့၊ ဒေါက်တာစံစီဖိုးကြီးမှူးသော ကရင်အမျိုးသားများ အစည်းအရုံး တို့ ပူးပေါင်းပါဝင်လှုပ်ရှားလာခဲ့ ကြသည်။

တို့ ဗမာဆင်းရဲသား အစည်းအရုံးတွင် ပါဝင်ခေါင်းဆောင်ကြသည့် ပုဂ္ဂိုလ်များ မှာ

သခင်ကိုယ်တော် မှိုင်း - ဂုဏ်ထူးဆောင်နာယက

(၁) ဒေါက်တာဘမော်- အာဏာရှင်၊ခေါင်းဆောင်

(၂) သခင်နု - ဌာနချုပ်မှူး

(၃) သခင်ချစ် - ဒုတိယဌာန ချုပ်မှူး

(၄) သခင်ဦး - ဒုတိယဌာန ချုပ်မှူး

(၅) သခင်တင် - ဝါဒဖြန့် ချိရေး မှူး

(၆) သခင်သင် (ရွှေတောင်)-စီးပွားရေး မှူး

(၇) ဦးသန့် ဇင် - ဘဏ္ဍာရေး မှူး

(၈) သခင်တင်ထွန်း - လူငယ်ဌာနမှူး

(၉) သခင်ဝင် - စည်းရုံးရေး မှူး(အောက်ဗမာပြည်)

(၁၀)ဦးကိုကိုကြီး - စည်းရုံးရေး မှူး(အထက်ဗမာပြည်)

(၁၁) ဦးအောင်ဇံဝေ - စည်းရုံးရေး မှူး(ရခိုင်နှင့် ချင်း)

(၁၂) သခင်ခင်အောင် - စည်းရုံးရေး မှူး(တနင်္သာရီ)

(၁၃) ဦးသိန်း - ဌာနချုပ်အတွင် းရေး မှူး

၁၉၄၃ မေ ၈၊ မြန်မာနိုင်ငံ လွတ်လပ်ရေး စီစဉ်မှု အဖွဲ့ (Burma Independance Preparatry Commission) ကို ဖွဲ့စည်းသည်။ ၎င်းအဖွဲ့သည် မြန်မာနိုင်ငံ အုပ်ချုပ်ရေး စည်းမျဉ်း ဥပဒေကို ရေး ဆွဲရန် ဖြစ်သည်။ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘမော်က နံနက် ၉နာရီတွင် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်ခန့် အပ်လွှာများ ပေးအပ်သည်။အဖွဲ့၏ အတွင် းရေး မှူးမှာ အတွင် းဝန် ဦးကျော်ငြိမ်း ဖြစ်သည်။ အဖွဲ့ဝင် ပါဝင်မည့် ပုဂ္ဂိုလ်များ ကို ဂျပန်စစ်ဗိုလ်ချုပ်ကြီး၏ သဘောတူညီချက်အရ ဝန်ကြီးချုပ် ဒေါက်တာဘမော်က ရွေးချယ်ခဲ့သည်။အဖွဲ့ဝင်များ မှာ -

(၁) ဒေါက်တာဘမော် - ဥက္ကဋ္ဌ

(၂) သခင်မြ - အဖွဲ့ဝင်

(၃) ဦးသိမ်းမောင်(ဝတ်လုံ)(M.A.LLB.)- ။

(၄) ဦးမြဘူး(လွှတ်တော် တရားဝန်ကြီး) - ။

(၅) ဦးအေး(ပြည်ထဲရေး ဝန်ကြီးဟောင်း)- ။

(၆) ဦးမြ (ဟင်္သာတ)(မျိုးချစ်အဖွဲ့ခေါင်းဆောင်)-။

(၇) သခင်ကိုယ်တော် မှိုင်း - ။

(၈) သခင်နု - ။

(၉) သခင်အောင်ဆန်း - ။

(၁၀) ဦးထွန်းဖေ (ယုဒသန်) -။

(၁၁) ဒေါက်တာစံစီဖိုး(ကရင်ခေါင်းဆောင်) -။

(၁၂) ဦးဆက် -။

(၁၃) ဦးအေးလွင် (မြန်မာကုန်သည်ကြီးများ အသင်း) -။

(၁၄) ဦးချစ်လှိုင် -။

(၁၅) သခင်သန်းထွန်း -။



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးနုအား ၁၃-၇-၄၇ နေ့ ၌ မြို့တော် ခန်းမ၌ ဗိုလ်ချုပ်၏ နောက်ဆုံးမိန့် ခွန်းကို ပြောကြားနေစဉ်က အတူတွေ့ရစဉ်

(၁၆) သခင်ထွန်းအုပ် -။

(၁၇) ဦးထွန်းအောင် -။

(၁၈) သခင်ဗစိန် -။

(၁၉) ဗန္ဓုလဦးစိန် -။

(၂၀) ဦးဘဝင်း -။

(၂၁) ဒေါက်တာသိမ်းမောင် -။

(၂၂) ဆာဦးသွင် -။

(၂၃) ဦးကျော် -။

(၂၄) ဦးခင်မောင်ဌေး -။

(၂၅) ဦးလှဖေ -။

(၂၆) ဦးကျော်ငြိမ်း -အတွင်းရေးမှူးစသည်တို့ ဖြစ်သည်။

၁၉၄၃ ဩဂုတ် ၁၊ နံနက် ၈နာရီတွင် ဘုရင်ခံအိမ်တော် တွင် ကျင်းပသော လွတ်လပ်ရေး အခမ်းအနားသဘင်တွင် ဂျပန်တို့က မြန်မာပြည်ကို လွတ်လပ်ရေး ပေးကြောင်း ကြေညာသည်။ ထို့နောက်မြန်မာပြည်နယ်မြေဆိုင်ရာ ဂျပန်တပ်မတော် စစ်သေနာပတိ ဒုတိယဗိုလ်ချုပ်ကြီး ကဝါဘီ (၁၅-၃-၄၂) တွင် စတင်ခဲ့သော စစ်အုပ်ချုပ်ရေး ကိုလည်းကောင်း၊ (၁-၈-၄၂)တွင် စတင်ခန့် အပ်ခဲ့သော ယာယီအစိုးရအဖွဲ့ကို လည်းကောင်း၊ ဗမာ့ကာကွယ်ရေး တပ်မတော် စစ်မှု ပြင်ဆင်ရေး ရုံးကိုလည်းကောင်း၊ ဗမာ့ကာကွယ်ရေး တပ်မတော် အကြံပေးအဖွဲ့ကိုလည်းကောင်း ဖျက်သိမ်းကြောင်းကြေညာခဲ့သည်။

ထို့နောက် ဒေါက်တာဘမော်အား နိုင်ငံတော် အဓိပတိအ ဖြစ်တင်မြှောက်၍ နံနက် ၁၁ နာရီတွင် နိုင်ငံတော် အဓိပတိ၏ ခွင့်ပြုချက်အရ ဝန်ကြီးများ ၏ အမည် ကို ကြေညာသည်။ ဝန်ကြီးအဖွဲ့ဝင်များ မှာ -

(၁) ဒေါက်တာဘမော်- နိုင်ငံတော် အဓိပတိ

(၂) သခင်မြ - ဒုတိယဝန်ကြီးချုပ်

(၃) ဒေါက်တာသိမ်းမောင်- ဘဏ္ဍာရေး ဌာနဝန်ကြီး

(၄) ဦးထွန်းအောင် - ပူးပေါင်းဆောင်ရွက်ရေး ဌာနဝန်ကြီး

(၅) ဦးဘဝင်း - ပြည်ထဲရေး ဌာနဝန်ကြီး

(၆) ဗန္ဓုလဦးစိန် - ကြီးပွားရေး နှင့် ဝါဒဖြန့် ချိရေး ဌာနဝန်ကြီး

(၇) ဦးလှဖေ - သစ်တောဌာနဝန်ကြီး

(၈) သခင်သန်းထွန်း - မြေနှင့် စိုက်ပျိုးရေး ဌာနဝန်ကြီး

(၉) ဦးသိမ်းမောင် - တရားရေး ဌာနဝန်ကြီး

(၁၀)ဗျော်ဘွယ် ဦးမြ - ကူးသန်းရောင်းဝယ်ရေး နှင့် စက်မှု လက်မှု

(၁၁)ဦးလှမင်း - ပညာရေး၊ ကျန်းမာရေး နှင့် စည်ပင်သာယာရေး ဌာနဝန်ကြီး

(၁၂)ဦးအေး - အခွန်တော် ဌာနဝန်ကြီး

(၁၃)သခင်လေးမောင်- သယ်ယူပို့ ဆောင်ရေး နှင့် ဆည်မြောင်းဌာနဝန်ကြီး

(၁၄) သခင်နု - နိုင်ငံခြားရေး ဌာနဝန်ကြီး

(၁၅)ဗိုလ်ချုပ်အောင်ဆန်း - ကာကွယ်ရေး ဌာန ဝန်ကြီး

(၁၆) သခင်လွန်းဘော်- လမ်းပန်း၊အဆောက်အဦနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီး

၁၉၄၄ ဇွန် ၂၆၊ မြန်မာနိုင်ငံက အခြားနိုင်ငံရပ်ခြားတို့၏ အကြောင်းအရာ အရပ်ရပ်တို့ကို သိရှိရန် မြန်မာနိုင်ငံ၏ အကြောင်းအရာများ ကိုလည်း နိုင်ငံခြားမှ သိရှိကြစေရန် ရည်ရွယ်၍ "ဗမာနိုင်ငံတော် နိုင်ငံခြားရေး ရာအသင်း" ကြီးကို

စတင်တည်ထောင်ခဲ့သည်။ စတင်တည်ထောင်ခဲ့သူများ မှာ -

(၁) သခင်နု - နိုင်ငံခြားရေး ဝန်ကြီး

(၂) ဦးဘကလေး - အတိုင်ပင်ခံလွှတ်တော် အမတ်

(၃) ဦးတင် -မြန်မာ့အလင်း

(၄) ဦးဘလွင် - ဗမာ့ဝန်ထမ်းဌာနခွဲညွှန်ကြားရေး ဝန်

(၅) ဦးထွန်းညို - (ပညာရေး ဌာန)

(၆) ဦးညွှန့် - ( ။ )

(၇) ဦးသံတိုင် - သမာဓိမြို့ဝန်

(၈) ဦးထွန်းစိန် - (ဝါဒဖြန့် ချိရေး ဌာနခွဲညွှန်ကြားရေး ဝန်)

(၉) ဦးဘဂျမ်း (ပုဂံ)- (အာရှလူငယ်ဌာနချုပ် ဥက္ကဋ္ဌ)

(၁၀)ဦးသိန်း - (ဗမာနိုင်ငံ ကုန်သည်ကြီးများ အသင်းအတွင် းရေး မှူး)

(၁၁)ဦးမိုးမင်း - (အင်္ဂလိပ်ဘာသာစာပေကထိက)

(၁၂) ဦးသိန်းဟန် (ဇော်ဂျီ) - (စာပေနှင့် စာကြည့်တိုက် ဌာနခွဲ)

(၁၃) ဦးညာဏ - ( ။ ) စသည်တို့ ဖြစ်သည်။

၁၉၄၅ ဇန်နဝါရီ ၂၀၊ သခင်နုသည် ဖဆပလ လူထုအစည်းအဝေးကြီး၌ ဖဆပလ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ အရွေးချယ်ခံရသည်။

၁၉၄၇ ဇွန် ၁၀၊ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကို နံနက် ၁၁ နာရီတွင် စတင်ကျင်းပရာ လွှတ်တော် သို့ အမတ်၂၅၅ အနက်၊ ၂၄၆ ဦး တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးမှခေတ္တ သဘာပတိအ ဖြစ် သခင်မြကိုလည်းကောင်း၊ တတိယနေ့ (၁၃-၆-၄၇) အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌ အ ဖြစ် သခင်နုကို

လည်းကောင်းရွေးကောက်တင်မြှောက်ခဲ့သည်။

ဇွန် ၁၉၊ "အောင်ဆန်း-အက်တလီစာချုပ်" ချုပ်ဆိုပြီးနောက် ဗြိတိန်-မြန်မာနိုင်ငံ ချစ်ကြည်ရေး နှင့် အာဏာလွှဲပြောင်းရေး ကိစ္စများ အဆင်ပြေ ချောမွေ့စေရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဋ္ဌ သခင်နု ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ (Good Will Mission)သည် ဗြိတိသျှအစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်များ နှင့် တွေ့ဆုံဆွေးနွေးရန် ဗြိတိန်နိုင်ငံ၊လန်ဒန်မြို့သို့ ထွက်ခွာသွားခဲ့သည်။

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်-

(၁) သခင်နု - အဖွဲ့ခေါင်းဆောင်

(၂) ဦးကျော်ငြိမ်း - အဖွဲ့ဝင်

(၃) ဦးတင်ထွတ် -။

(၄) ဦးကိုကိုကြီး -။

(၅) ဗိုလ်ထွန်းလင်း -။

(၆) ဗိုလ်ခင်မောင်ကလေး -။ တို့ လိုက်ပါသွားခဲ့ကြသည်။

ဇူလိုင် ၁၂၊ သခင်နု ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်မြို့မှ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည်။

ဇူလိုင် ၁၆၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နုတို့ ဘုရင်ခံနှင့် ထပ်မံတွေ့ဆုံကာ လက်နက်များ ပျောက်ဆုံးနေမှု ကို ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၈၊ ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် သခင်နုတို့ တွေ့ဆုံရာ ဘုရင်ခံက ဦးစော၏ အိမ်မှလက်နက်များ ဖော်ထုတ်ပေးမည် ဟု ပြောကြားခဲ့သည်။

ဇူလိုင် ၁၉၊ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ အတွင်းဝန်များ ရုံး (နောင်ဝန်ကြီးများ ရုံး)၌ အစည်းအဝေးပြုလုပ်နေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်

ခေါင်းဆောင်ကြီးများ ကို ဂဠုန်ဦးစော၏ နောက်လိုက်လူသတ်သမားတို့ က လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ကျဆုံးခဲ့ရသည်။- ညနေ ၄နာရီတွင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် က သခင်နုကို ခေါ်ယူတွေ့ဆုံပြီး အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရန် ပြောဆိုဆွေးနွေးခဲ့သည်။- ညနေ ၆ နာရီတွင် ဖဆပလ အဖွဲ့ချုပ်ဒုတိယ ဥက္ကဋ္ဌ သခင်နု ခေါင်းဆောင်၍ ကျဆုံးပြီး သော ခေါင်းဆောင်ကြီးများ နေရာတွင် လူသစ်များ အားဖြည့်လျက် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ(ကြားဖြတ်ယာယီအစိုးရအဖွဲ့)ကို ဖွဲ့စည်းကာကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

ပြန်လည်ဖွဲ့စည်းခဲ့သော ကြားဖြတ်ယာယီအစိုးရအဖွဲ့မှာ -

(၁) ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် - ဥက္ကဋ္ဌ

(၂) သခင်နု - ဒုဥက္ကဋ္ဌ(ဝန်ကြီးချုပ်)

(၃) ဗိုလ်လကျာ် - ကာကွယ်ရေး ဝန်ကြီးဌာနဝန်ကြီး

(၄) ဗိုလ်မှူးဖိုးကွန်း - ပညာရေး နှင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနဝန်ကြီး

(၅) သခင်လွန်းဘော် - ပြန်ကြားရေး ဝန်ကြီးဌာနဝန်ကြီး

(၆) သခင်တင် - လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက်စီးပွားရေး ဌာနဝန်ကြီး

(၇) ဦးဝင်း - စက်မှု လက်မှု နှင့် အလုပ်သမားဌာနဝန်ကြီး

(၈) ပျော်ဘွယ် ဦးမြ - ဘဏ္ဍာရေးနှင့် အခွန်တော် ဌာနဝန်ကြီး

(၉) ဦးအောင်ဇံဝေ - ပြည်သူ့ဝန်ထမ်းဌာနဝန်ကြီး

(၁၀) ဦးဘဂျမ်း (ပုဂံ) - ပြန်လည်ထူထောင်ရေး ဌာနဝန်ကြီး

(၁၁) ဦးကျော်ငြိမ်း - ပြည်ထဲရေး နှင့် တရားရေး ဌာနဝန်ကြီး

(၁၂) စောစံဖိုးသင် - လမ်းပန်းဆက်သွယ်ရေး ဌာနဝန်ကြီး

(၁၃) ဟသ်ာတ ဦးမြ - ကူးသန်းရောင်းဝယ်ရေး နှင့် ထောက်ပံ့ရေး ဌာနဝန်ကြီး

(၁၄) ဦးဖေခင် - ဌာနလက်ကိုင်မရှိဝန်ကြီး

၁၅) မန်းဝင်းမောင် -။

(၁၆) စဝ်ခွန်ချို -။

(၁၇) ဦးတင်ထွတ် -။ စသည်တို့ ဖြစ်သည်။

မိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးနောက်ပြန်လည်ဖွဲ့စည်းလိုက်သော ဖဆပလ အဖွဲ့ချုပ်အလုပ်အမှု ဆောင်အဖွဲ့သစ်မှာ -

(၁) သခင်နု - ဥက္ကဋ္ဌ

(၂) မိုလ်မှူးအောင် - ဒုတိယဥက္ကဋ္ဌ

(၃) ဦးဗဆွေ -အထွေထွေအတွင် းရေး မှူး

(၄) ဦးတင် (မြန်မာ့အလင်း) -ဘဏ္ဍာရေး မှူး

(၅) ဦးမြ (ပျော်ဘွယ်)- အမှု ဆောင်

(၆) ဦးကျော်ငြိမ်း -။

(၇) ဦးဖေခင် -။

(၈) သခင်ဗတင် -။

(၉) ဟသ်ာတဦးမြ -။

(၁၀) သခင်တင် (လယ်သမား) -။

(၁၁) မိုလ်ထွန်းလင်း - အမှု ဆောင်

(၁၂) သခင်လွန်းဘော်-။

(၁၃) မိုလ်စိန်မှန် -။

(၁၄) ဦးကိုကိုကြီး -။

(၁၅) ဗိုလ်မှူးဖိုးကွန်း -။

(၁၆) ဦးလှ -။

(၁၇) ဦးဝင်း (အလုပ်သမား)-။

(၁၈) ဗိုလ်အောင်ကြီး -။

(၁၉) ဦးအောင်ဇံဝေ -။

(၂၀) မန်းဝင်းမောင် -။

၁၉၄၇ ဇူလိုင် ၂၃၊ ဆင္ဒမမြောက် ကျော့ဘုရင်၊ ဗြိတိသျှနန်းရင်းဝန် အက်တလီနှင့် အစိုးရ အဖွဲ့ဝင်များ ၊ အိန္ဒိယ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၊ ဂျဝါဟလာနေရူး၊ ဘုရင်ခံချုပ် လော့ဒ်လူဝီမောင့်ဘက်တန်၊ မဒရပ် နန်းရင်းဝန်၊ အမေရိကန်သမ္မတ တို့က ကြားဖြတ်အစိုးရဝန်ကြီးချုပ် သခင်နုထံ ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာများ ရေး ပို့ ခဲ့သည်။ သခင်နု ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်ရောက်စဉ် ၌ ဗိတိသျှ အစိုးရနှင့် ဆွေးနွေးသဘောတူညီချက်များ ကိုတရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၂၄၊ ဗြိတိသျှအစိုးရနှင့် သခင်နုတို့ သဘောတူညီချက်အရ-

(၁) မြန်မာနိုင်ငံတော် ကြားဖြတ်အစိုးရအဖွဲ့သည် "မြန်မာပြည်ယာယီအစိုးရ" ဖြစ်လာခဲ့သည်။

(၂) ဘုရင်ခံတော် ၏ အမှု ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ သည် "ယာယီအစိုးရဝန်ကြီးချုပ်" ဖြစ်လာခဲ့သည်။

(၃) အခြားအမှု ဆောင် ဝန်ကြီးများ သည် "ယာယီအစိုးရဝန်ကြီးများ " ဖြစ်လာခဲ့သည်။

ဇူလိုင် ၂၆၊ သခင်နုသည် တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဋ္ဌ ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဇလိုင် ၂၇၊ ယာယီအစိုးရအဖွဲ့၏ အစည်းအဝေးကို ပထမဆုံးအကြိမ်ကျင်းပရာ ဝန်ကြီးချုပ် သခင်နုက သဘာပတိအ ဖြစ် ဆောင်ရွက်ခဲ့သည်။- ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း၊ ဂျူဗလီဟော လူထုစည်းဝေးပွဲတစ်ရပ်ပြုလုပ်ရာ သခင်နု က မိန့်ခွန်းပြောကြားခဲ့သည်။

ဇူလိုင် ၂၉၊ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယအစည်းအဝေးကိုကျင်းပရာ လွှတ်တော် ဥက္ကဋ္ဌ အ ဖြစ် ဒေါက်တာ... သြောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ကို ရွေး ကောက်တင်မြှောက်ခဲ့သည်။ လွှတ်တော် အစည်းအဝေးတွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံး၍ ဝမ်းနည်းကြေကွဲကြောင်းအဆိုကို သခင်နုက တင်သွင်း၍ ဦးကျော်ငြိမ်းက ထောက်ခံသည့် မိန့်ခွန်းများ ပြောကြားခဲ့သည်။

၁၉၄၇ ဩဂုတ် ၂၆၊ ပြည်ထောင်စု တိုင်းရင်းသားများ အသိပညာတိုးပွားစေမည့် ဘာသာခြားဖြင့် ရေး သားထားသည့် စာအုပ်စာတမ်းများ ကို ဘာသာ



ပြန်ရန်၊ ပြည်ထောင်စု တိုင်းရင်းသားဘာသာဖြင့် ရေး သားထားသည့် စာအုပ်စာတမ်းများ ကိုနိုင်ငံခြား ဘာသာသို့ ပြန်ဆိုရန်၊ မြန်မာမှု အရပ်ရပ်ကိုစူးစမ်းရှာဖွေရန်၊ စာအုပ်စာတမ်း အရပ် ရပ်ကို ပုံနှိပ်ဖြန့် ချိရန် စသော ရည်ရွယ်ချက်များ ဖြင့် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကိုဖွဲ့စည်းတည်ထောင်သည်။ အသင်း၏ အုပ်ချုပ်မှု ကောင်စီအဖွဲ့၏ ဥက္ကဋ္ဌမှာ ဝန်ကြီးချုပ် သခင်နု ဖြစ်သည်။

စက်တင်ဘာ ၄၊ တိုင်းပြည်ပြုလွှတ်တော် သည် ပြည်ထောင်စု မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။

စက်တင်ဘာ ၂၅၊ တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေးမှ ယာယီသမ္မတအ ဖြစ် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် အားလည်းကောင်း၊ ယာယီဝန်ကြီးချုပ်အ ဖြစ် သခင်နု အားလည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

အောက်တိုဘာ ၁၂၊ ယာယီဝန်ကြီးချုပ် သခင်နု၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်လက်ျာ နှင့် နိုင်ငံခြားရေး အတွင် းဝန် ဗိုလ်ထွန်းလင်းတို့ သည် အချုပ်အခြာအာဏာလွှဲပြောင်းရယူရေး စာချုပ်ချုပ်ဆိုရန် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ ထွက်ခွာသွားသည်။

အောက်တိုဘာ ၁၇၊ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းတွင် အထူးအရေး ပါသည့် သမိုင်းဝင်"မြန်မာ့လွတ်လပ်ရေး စာချုပ်"ခေါ် "နု-အက်တလီ စာချုပ်" ကို အင်္ဂလန်ပြည်၊လန်ဒန်မြို့ ကြီး၌ ဗြိတိသျှအစိုးရကိုယ်စား နန်းရင်းဝန်ကလီမင့် ရစ်ချတ်အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရကိုယ်စား ဝန်ကြီးချုပ် သခင်နုတို့ နှစ် ဦးသဘောတူချုပ်ဆို၍ လက်မှတ်ရေး ထိုးကြသည်။ အဆိုပါစာချုပ်ကို ၁၉၄၇ နှစ် အင်္ဂလိပ်-မြန်မာ စာချုပ်ဟူ၍ လည်း ခေါ်တွင် ခဲ့သည်။

၁၉၄၈ ဇန်နဝါရီ ၃၊ ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော် စတုတ္ထအစည်းအဝေး၌ သခင်နုအား နိုင်ငံတော် ဝန်ကြီးချုပ်အ ဖြစ် အမည် စာရင်း တင်သွင်းသည်။ ဝန်ကြီးချုပ် သခင်နု တင်သွင်းသော ဝန်ကြီးအဖွဲ့စာရင်းကို လွှတ်တော် မှ အတည်ပြုကြေညာခဲ့သည်။

ဇန်နဝါရီ ၄ ၊ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပြုအုပ်စိုးမှု အောက်၌ အောက်မြန်မာပြည်သည် ၁၂၃ နှစ် ၊ အထက်မြန်မာပြည်သည် ၆၃ နှစ် အသီးသီး နေထိုင်ခဲ့ပြီးနောက် နံနက် ၄နာရီ၂၀ အချိန် တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အ ဖြစ် ကြေညာနိုင်ခဲ့သည်။

နံနက် ၄နာရီ ၂၀မိနစ်တွင် ရန်ကုန်မြစ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ဘာမင်ဟမ် စစ်သင်္ဘောကြီးများ အမြောက်များ ပစ်ဖောက်ပြီးအချက်ပေးရာ တိုင်းပြုပြည်ပြု လွှတ်တော် ရှေ့၌ ဗြိတိသျှယူနီယံဂျက်အလံကိုဖြုတ်ချပြီး ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအလံကို လွှတ်တင်ခဲ့သည်။- နံနက် ၆နာရီ ၃၀မိနစ်တွင် ဘုရင်ခံအိမ်တော် ၌ အာဏာလွှဲပြောင်းသည့် အထိမ်းအမှတ် အခမ်းအနား ပြုလုပ်ခဲ့သည်။ - နံနက် ၈နာရီ ၂၀မိနစ်တွင် ဘုရင်ခံဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့ ဘာမင်ဟမ်သင်္ဘောဖြင့် မြန်မာနိုင်ငံမှ

ထွက်ခွာသွားခဲ့သည်။- မဟာဗန္ဓုလပန်းခြံ၌ ကျင်းပသော လွတ်လပ်ရေး မော်ကျွန်းကျောက်တိုင် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတက်ရောက်၍ အုတ်မြစ်ချပေးသည်။

လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၏ ပထမဆုံး အစိုးရအဖွဲ့အမည် စာရင်းကို ထုတ်ပြန်ကြေညာသည်။ယင်းတို့မှာ စဝ်ရွှေသိုက် -

စဝ်ရွှေသိုက် - နိုင်ငံတော် သမ္မတကြီး

(၁) ဦးနု - ဝန်ကြီးချုပ်

(၂) ဗိုလ်လက်ျာ - ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး

(၃) ဦးတင်ထွတ် - နိုင်ငံခြားရေး ဌာနဝန်ကြီး

(၄) ဦးတင် (မြန်မာ့အလင်း) - ဘဏ္ဍာရေး နှင့် အခွန်တော် ဌာနဝန်ကြီး

(၅) ဦးကျော်ငြိမ်း - ပြည်ထဲရေး ဌာနဝန်ကြီး

(၆) ဦးဘဂျမ်း (ပုဂံ) - တရားရေး ဌာနဝန်ကြီး

(၇) ဦးကိုကိုကြီး - ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ထောက်ပံ့ရေး နှင့် သယ်ယူပို့ဆောင်ရေး ဌာနဝန်ကြီး



လွတ်လပ်သော မြန်မာနိုင်ငံ ပထမဦးဆုံး နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု

(၈) သခင်တင် -လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောရေး ဌာန ဝန်ကြီး

(၉) ဟသ်ာတ ဦးမြ - အမျိုးသား စီမံကိန်း၊စက်မှု လက်မှု နှင့် သတ္တုတွင်းဌာနဝန်ကြီး

(၁၀) ဗိုလ်မှူးဖိုးကွန်း - ပညာရေး ၊ ပြည်သူ့ဆက်ဆံရေး နှင့် ပြန်လည်ထူထောင်ရေး ဌာနဝန်ကြီး

(၁၁) မန်းဝင်းမောင် - ပြည်သူ့လုပ်ငန်း၊လမ်းပန်းဆက်သွယ်ရေး နှင့် အလုပ်သမားဌာနဝန်ကြီး

(၁၂) ဦးညိုထွန်း - ပြန်ကြားရေး ဌာနဝန်ကြီး

(၁၃) ဗိုလ်မှူးစိန်မှန် - ဌာနလက်ကိုင်မရှိဝန်ကြီး

(၁၄) ဦးထွန်းမြင့် - ရှမ်းပြည်ဆိုင်ရာဝန်ကြီး

(၁၄) ဦးထွန်းမြင့် - ရှမ်းပြည်ဆိုင်ရာဝန်ကြီး

(၁၅) ဆမားဒူဝါဆင်ဝါနောင် - ကချင်ပြည်ဆိုင်ရာဝန်ကြီး

(၁၆) စောဝတ္တာ - ကရင်နီပြည်ဆိုင်ရာဝန်ကြီး

(၁၇) စောစံဖိုးသင် - ကရင်ရေး ရာဝန်ကြီး

(၁၈) ဦးဝမ်းသူမောင် - ချင်းရေး ရာဝန်ကြီး စသည်တို့ ဖြစ်သည်။

နိုင်ငံတော် သမ္မတက ခန့်အပ်ခဲ့သည့် အကြီးအကဲများ မှာ -

(၁) ဆာဘဦး - နိုင်ငံတော် တရားသူကြီးချုပ်

(၂) ဦးချန်ထွန်း - နိုင်ငံတော် ရှေ့နေချုပ်

(၃) ဦးစံလွင် - နိုင်ငံတော် စာရင်းစစ်ချုပ်

(၄) ဦးအေးမောင် - လွှတ်တော် ချုပ်တရားဝန်ကြီး

(၅) ဦးကျော်မြင့် - လွှတ်တော် ချုပ်တရားဝန်ကြီး

(၆) ဦးသိမ်းမောင် - လွှတ်တော် ချုပ် တရားဝန်ကြီး

(၇) ဦးထွန်းဖြူ- လွှတ်တော် တရားဝန်ကြီးအဖွဲ့ဝင်

(၈) ဦးအုန်းဖေ -။

(၉) ဦးသော င်းစိန် -။

(၁၀) ဦးစံမောင် -။

(၁၁) ဦးအောင်သာကျော် -။

(၁၂) ဦးဘိုကြီး -။ တို့ ဖြစ်သည်။

၁၉၅၁ မတ် ၂၂၊ ရန်ကုန်မြို့၊ ရေကူးရပ်၊ သီရိမင်္ဂလာကုန်းတော် တွင် တည်ထားခဲ့သော ကမ္ဘာအေးစေတီတော် ၏ ထီးတော် တင်ပွဲနှင့် ပထမအကြိမ် ဘုရားပွဲတော်ကြီးကို ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင် ထီးတော် တင်သည်။ စေတီတော်သည် အမြင့် ညှက်တော် ၇၈တောင် ၂ မိုက်ရှိသည်။

၁၉၅၂ မေ ၂၃၊ ပညာမင်းကြီး ဦးကောင်း ခေါင်းဆောင်သော ပညာရေးလေ့လာမှု အဖွဲ့ဝင်များ က လေ့လာဆည်းပူးခဲ့သမျှဗဟုသုတများ ကို နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုထံ အစီရင်ခံတင်ပြသည်။ (အဆိုပါပညာရေး မစ်ရှင်အဖွဲ့သည် ၁၉၅၁၊ နိုဝင်ဘာ၂၇မှ စတင်၍ ဗြိတိန်၊ အမေရိကန်၊ မက္ကဆီကို၊ ကနေဒါနိုင်ငံ အသီးသီးသို့ ၆ လ မျှ သွားရောက်လေ့လာခဲ့ကြသည်။) ဇွန် ၇၊ စနေနေ့ (နယုန်လပြည့်နေ့ )တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ ၄၅နှစ် မြောက်မွေးနေ့ အထိမ်းအမှတ်ပွဲကို ကျင်းပသည်။

၁၉၅၃ ဇန်နဝါရီ ၁၅၊ ရန်ကုန်မြို့သီရိမင်္ဂလာကုန်းတော်၊ကမ္ဘာအေးစေတီတော် အနီးတွင် မဟာပါသာဏလိုဏ်ဂူတော် ကြီး တည်ဆောက်ရန်အတွက် ပန္နက်ရိုက် အုတ်မြစ်ချ အခမ်းအနားကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုကိုယ်တိုင် တက်ရောက်၍ ပန္နက်ရိုက်

အုတ်မြစ်ချပေးသည်။

မေ ၁၊ ရန်ကုန်မြို့ အလုံပန်းခြံအနီး၌ ဆောက်လုပ်မည့် အလုပ်သမား စောင့်ရှောက်ရေး ဌာန အဆောက်အအုံ အုတ်မြစ်ချ အခမ်းအနား သို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်၍ အုတ်မြစ်ချပေးသည်။

၁၉၅၃ မေ ၂၊ နိုင်ငံတော် ဝန်ကြီး ဦးနုနှင့် အဖွဲ့ဝင်များ တနင်္သာရီတိုင်း လှည့်လည်စစ်ဆေးရန် ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့သည်။

မေ ၁၅၊ နိုင်ငံတော် အစိုးရ ပညာရေး ဌာနမှကြီးမှူးကျင်းပသော ကျောင်းဆရာမ ၂း ညီလာခံပိတ်ပွဲတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဘဝသစ်ပညာရေး စီမံကိန်းအကြောင်း ရှင်းလင်းပြောကြား သည်။

မေ ၁၉၊ အင်းစိန်ခရိုင်၊ အောင်ဆန်းမြို့တွင် ပြန်လည်ထူထောင်ရေး ဝန်ထမ်းတပ် တတိယနှစ် ပတ်လည် အခမ်းအနားကိုကျင်းပရာ ဝန်ကြီးချုပ် ဦးနု တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

မေ ၂၄၊ မန္တလေးမြို့တွင် ကျင်းပလျက်ရှိသော မြန်မာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံးညီလာခံကြီးသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။ ဝန်ကြီးချုပ်က ငြိမ်းချမ်းရေး တည်ဆောက်ရာ၌ စေတနာကောင်းမှု ၊ ကျွမ်းကျင်မှု ၊ စည်းကမ်းသေဝပ်မှု ၊ လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝမှု ၊အကြားအမြင် ဗဟုသုတများ မှု ၊ ခွဲလုံ့လပြည့်စုံမှု ဟူသော ဂုဏ်ခြောက်ရပ်နှင့် ပြည့်စုံကြရ မည် ဟု ထည့်သွင်းပြောကြားသွားသည်။

မေ ၃၁၊ ပြည်တွင် း ရေကြောင်း သယ်ယူပို့ဆောင်ရေး ဌာနကို ပြည်သူပိုင် ပြုလုပ်ခဲ့သည့် ငါးနှစ် ပတ်လည် အထိမ်းအမှတ်ပွဲသို့ ဝန်ကြီးချုပ်ဦးနုတက်ရောက်၍ မိန် ခွန်းပြောကြားသည်။

ဇွန် ၁၆၊ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးတင့်ဆွေ (၄၇ နှစ် )၊ကိုလံဘိုမြို့ ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ရာနိုင်ငံတော် သမ္မတကြီး ဒေါက်တာဘဦးနှင့်

နိုင်ငံ တော် ဝန်ကြီးချုပ် ဦးနုတို့ က ကျွန်ရစ်သူဇနီးသည်အား ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ သည်။

ဇူလိုင် ၂၆၊ ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ အလျားပေ ၂၀၀၊ အနံ ၅၇ ပေခွဲရှိမြေနေရာတွင် တည်ဆောက်မည့် စာပေဗိမာန် ဘာသာပြန်စာပေအသင်း အဆောက်အအုံကို နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု အုတ်မြစ်ချသည်။

နိုဝင်ဘာ ၁၇၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ပြည်ထဲရေး ဝန်ကြီး ဦးကျော်ငြိမ်းနှင့် ဒူးဝါဇော်လွန်း တို့ ကိုကိုးကျွန်းသို့ သွားရောက်လေ့လာသည်။

နိုဝင်ဘာ ၂၀၊ ဒုတိယအကြိမ်မြောက် ရန်ကုန်မြို့လမ်းမတော် ရပ်ကွက်လုံးဆိုင်ရာ တန်ဆောင်တိုင်မီးထွန်းပွဲ အခမ်းအနားကို လမ်းမတော် မဲဆန္ဒနယ် ပါလီမန်အမတ် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုမီးခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၁၉၅၄ ဇန်နဝါရီ ၂၁၊ အင်းစိန်ခရိုင် ထောက်ကြံ့ရွာရှိအစိုးရ အနာကြီး ရောဂါ ကုသရေး စခန်းသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် သွားရောက်ကြည့်ရှုပြီးလျှင် လူနာများ အား အားပေးစကားပြော ကြားသည်။

ဇန်နဝါရီ ၂၅၊ ရန်ကုန်မြို့ ချော်တွင်းကုန်းလူထုပညာစခန်း၌ ပထမအကြိမ်မြောက် ပြည်ထောင်စုလူမှု ဝန်ထမ်း ညီလာခံကို ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက် ရောက်၍ မိန့်ခွန်းစကားပြောကြားရာ၌ လူမှု ဝန်ထမ်းလုပ်ငန်းသည် ပြည်တော် သာ ရည်မှန်းချက်နှင့် တစ်စခန်းတည်း၊ တစ်ခရီးတည်းပင် ဖြစ်ပါသည် ဟူသော အချက်များ ကို ထည့်သွင်း ပြောကြားခဲ့သည်။

၁၉၅၄ ဇန်နဝရီ ၂၆၊ မြန်မာ၊ ထိုင်း၊ အိန္ဒိယ သုံးနိုင်ငံ ချစ်ကြည်ရေး ကြက်တောင်ရိုက် ပြိုင်ပွဲကိုအောင်ဆန်းအားကစားကွင်း၌ ကျင်းပရာ ဝန်ကြီးချုပ်ဦးနု ဖွင့်လှစ်ပေးသည်။

ဧပြီ ၁၁၊ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ထီးတော် ပထမဆင့်ကို နိုင်ငံတော် ဝန်ကြီး ချုပ် ဦးနုနှင့် လူထုပရိသတ်တို့ က အောင်မြင်စွာ တင်လှူသည်။

ဧပြီ ၁၅၊ ပဲခူးရွှေမော်ဓောစေတီတော် ဆပ်သွားဖူးတော် ကို နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဦးဆောင်၍ တင်လှူသည်။

ဧပြီ ၁၇၊ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်း၏ နှစ် ပတ်လည် အစည်းအဝေးသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု သဝဏ်လွှာပေးပို့ သည်။အဆိုပါ သဝဏ်လွှာ၌ "အပြုသဘောဆောင်သော လုပ်ငန်းတိုင်းကို လူတိုင်း အားသွန်ဆောင်ရွက်ကြရမည် ဖြစ်ရာ ထိုလုပ်ငန်းအတွက် သတင်းစာများ သည် အလွန်အရေး ပလျက်ရှိရာ ထိုတာဝန်ကိုထမ်းရွက်လျက် ရှိနေကြသည်ကို အထူးသတိပြုရန် လိုအပ်ပေသည်"ဟူ၍ ဖော်ပြထားသည်။

ဧပြီ ၁၈၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် အဖွဲ့ဝင်များ တောင်ငူမြို့ရှိ မြတ်စောညီနောင်ဘုရားကို ကြီးမှူးမွမ်းမံရန် ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

ဧပြီ ၂၁၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ဒေါ်မြရီတို့၏ သမီးကြီး စန်းစန်းနုနှင့် ကိုယ်ရံတော် ဗိုလ်ကြီးသက်တင် တို့၏ လက်ထပ်ထိမ်းမြားရန်နှစ် ဖက်မိဘများ စေ့စပ်ကြောင်းလမ်းသည်။

ဧပြီ ၂၆၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု နှင့်အဖွဲ့ဝင်များ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပမည့် အာရှငါးနိုင်ငံ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ ထွက်ခွာသည်။

မေ ၈၊ ရန်ကုန်မြို့ မော်တင်လမ်းထောင့်ခြံကွက်သစ်ကို "လမ်းသစ်ရိပ်သာ"ဟု အမည် ပေးလျက်လူနေအိမ် အဆောက်အအုံများ ဆောက်လုပ်ရန်ဝန်ကြီးချုပ်ဦးနု အုတ်မြစ်ချသည်။

မေ ၁၃၊ ကမ္ဘာကျော် စာပေနိုဘယ်ဆုရှင် အိန္ဒိယ စာဆိုတော်ကြီးရာဘင်ဒြာနတ်တဂိုး၏ ၉၄ ကြိမ်မြောက် မွေးနေ့ပွဲကို ပြည်ထောင်စုကလပ်၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်သည်။

မေ ၁၄၊ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ စသော ဂိုဏ်ပေါင်းစုံ ဦးစီးနာယကဆရာတော်

ကြီးများ ပါဝင်သော ဆဋ္ဌသင်္ဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့ဝင်များ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု နေအိမ်သို့ ကြွရောက်ဆွေးနွေးပြီးနောက် ဆဋ္ဌသင်္ဂါယနာဓမ္မ သဘင်ကြီးကို ပြေပြစ်ချောမွေ့စွာ ဆောင်ရွက်မည် ဟု တညီတညွတ်တည်း သဘောတူညီတော် မူကြသည်။

၁၉၅၄ မေ ၁၆၊ ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကမ္ဘောဒီယာ ကုလသမဂ္ဂ ဥက္ကဋ္ဌကြီး မဒမ်ပန်ဒစ် နှင့် ဗြိတိသျှမဟာမင်းကြီး မစ္စတာမက်ဒေါ်နယ်တို့ အားနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေး ဧည့်ခံသည်။

မေ ၁၇၊ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်ကြီးကိုနေ့လယ် ၁၂နာရီ ၁၂မိနစ် မင်္ဂလာအခါတော် ကြေးစည်၊ ခရုသင်းများ တစ်ပြိုင်နက် တီးမှုတ်၍ ရန်ကုန်မြို့ ဆဋ္ဌသင်္ဂါယနာမဟာပသာဏ လိုဏ်ဂူ တော် ကြီး၌ စတင်ဖွင့်လှစ်သည်။ အဆိုပါ ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ကြီး၌ အဘိဓဇမဟာ ရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရ ညောင်ရမ်းဆရာတော် ကြီးက သံဃာ့နာယကအဖြစ် ဆောင်ရွက်၍ ၊နိုင်ငံတော် သမ္မတကြီး ဒေါက်တာဘဦး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတို့က သဂယနာဒယကာအ ဖြစ်ခံယူသည်။

မေ ၁၈၊ ဆဋ္ဌသင်္ဂါယနာမဟာဓမ္မသဘင်ဖွင့်ပွဲ ဒုတိယနေ့ အခမ်းအနားကို သီရိမင်္ဂလာ ကုန်းတော် ရှိ မဟာပါသာဏ လိုဏ်ဂူတော် ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက သာသနာ တော် အဓွန့်ရှည်စွာ တည်တန့်မှု အတွက် ပြုစုဆောင်ရွက်ရေး ကို လျှောက်ထားတင်ပြသည်။

မေ ၂၁၊ ရန်ကုန်မြို့ ဗဟိုအစိုး ရတန်းမြင့်ကျောင်း၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာမျှား ညီလာခံ နောက်ဆုံးနေ့ အခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်၍ မိန့်ခွန်းပြောကြား သည်။

မေ ၂၃၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ်ကတော် ဒေါ်မြရီတို့ သမီးကြီး စန်းစန်းနုနှင့် ကိုယ်ရံတော် ဗိုလ်ကြီးသက်တင်တို့ ၏ မင်္ဂလာဧည့်ခံပွဲကို ဝန်ကြီးချုပ်၏ နေအိမ်ဝင်းအတွင်း ၌ရှိ မင်္ဂလာဧည့်ခံမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် သမ္မတကြီး ဒေါက်တာဘဦးနှင့် တကွ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ၊ သံတမန်များ ၊ ဖိတ်ကြားထားသော

ဧည့်သည်များ စုံညီသိုက်မြိုက်စွာ တက်ရောက်ကြသည်။

မေ ၂၈၊ ရန်ကုန်မြို့ ပြည်လမ်း စာပေဗိမာန်အဆောက်အအုံ၌ ကျင်းပသော အမေရိကန်



မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း ၁၉၅၄ ခုနှစ် အုပ်ချုပ်ရေး ကောင်စီ

တီစီအေ ထောက်ပံ့မှု အစီအစဉ်အရမြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသို့ ခေတ်မီပုံနှိပ်စက်ကိရိယာများ ပေးအပ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း အုပ်ချုပ်မှု ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်ဖွင့်လှစ်ပေး၍ မိန့်ခွန်းပြောကြားသည်။

ဇွန် ၅၊ ရန်ကုန်မြို့တော် ဘူတာရုံသစ်ကြီးကို နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဇူလိုင် ၂၊ ဒုတိယအကြိမ်မြောက် အာရပြေးခုန်ပစ်အားကစားပြိုင်ပွဲ ပါဝင်ဆင်နွှဲခဲ့သော အောင်ပွဲရ မြန်မာအားကစားသမားများ အား နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက ၎င်း၏ နေအိမ်တွင် ဂုဏ်ပြုဧည့်ခံသည်။

ဇူလိုင် ၁၉၊ ၇ ကြိမ်မြောက် အာဇာနည်နေ့ကို ရန်ကုန်မြို့

အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်း၌ ကျင်းပရာ ဖဆပလ ဥက္ကဋ္ဌ နှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်၍ မိန့်ခွန်းမွက်ကြားသည်။

၁၉၅၄ ဇူလိုင် ၂၄၊မြန်မာနိုင်ငံတော် အစိုးရ ဝယ်ယူခဲ့သည့် "အောင်မေတ္တာ" သင်္ဘောကို နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုနှင့် ဝန်ကြီးများ သွားရောက်ကြည့်ရှုသည်။

၁၉၅၅ ဇန်နဝါရီ ၁၆၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါင်းမြို့၌ ကျင်းပသော အာရှ၊ အာဖရိက ကွန်ဖရင့်သို့ တက်ရောက်ရန် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် အဖွဲ့ဝင်များ ရန်ကုန် လေဆိပ်မှ ထွက်ခွာသည်။

၎င်း ၂၈၊ ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် တတိယသန္နိပါတ အခမ်းအနားသို့ သံဃာ့ဝန်ဆောင် ဆရာတော် များ ၊ ထေရဝါဒ ငါးနိုင်ငံမှ သံဃာတော် များ မြန်မာပြည်တစ်ဝှမ်းမှ သင်္ဂီတိကာ ရက ရဟန်းတော် များ နှင့် နိုင်ငံခြား ဧည့်သည်တော် များ ၊ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

၎င်း ၂၈၊ လက်နက်တပ်ပေါင်းစုံ ချီးမြှင့်ရေး အမျိုးသမီးအဖွဲ့ချုပ်၏ နှစ် ပတ်လည် ညီလာခံကို အဖွဲ့ချုပ်တည်ရှိသော ရန်ကုန်မြို့ ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်နေအိမ် ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ကာကွယ်ရေး ဝန်ကြီး ဦးဗဆွေတို့ တက်ရောက်၍ မိန့်ခွန်းစကားပြောကြားသည်။

၎င်း ၂၉၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည်



ဦးနု မိသားစု

မြန်မာနိုင်ငံ သတင်းစာဆရာများ တွေ့ဆုံ၍ ဘန်ဒေါင်းညီလာခံအကြောင်း ရှင်းလင်းပြောကြားသည်။

ဧပြီ ၃၀၊ မြန်မာနိုင်ငံ သတင်းစာဆရာများ အသင်း၏ နှစ် ပတ်လည် အစည်းအဝေးသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု တက်ရောက်ချီးမြှင့်၍ သြဝါဒမိန့် ခွန်းမွက်ကြားသည်။

မေ ၁၊ ရန်ကုန်မြို့ ကျိုက္ကဆံမြင်းပြိုင်ကွင်းတွင် လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက်ကြီးပွားရေး ဌာနမှ ကြီးမှူးကျင်းပသော မြင်း၊ နွား အလှပြိုင်ပွဲနှင့် အပြေးပြိုင်ပွဲသို့ နိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတို့ လာရောက်အားပေးကြည့်ရှုသည်။

မေ ၅၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်တိုက်သစ်ကြီးနှင့် စာပေဗိမာန်လုပ်ငန်းပြပွဲကြီးကိုနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု

ကိုယ်တိုင် တက် ရောက်၍ ဖွင့်လှစ်ပေးသည်။

ဇူလိုင် ၃၁၊ မော်လမြိုင်မြို့တွင် ကျင်းပသည့်ရာမညမွန် အမျိုးသား အထက်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ကိုယ်တိုင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

ဩဂုတ် ၈၊ အစ္စရေး နိုင်ငံသို့ ချစ်ကြည်ရေး ခရီး ရောက်ရှိခဲ့စဉ်က နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ယူဆောင်လာသော ဂျော်ဒန်မြစ်ရေနှင့် လက်ဝါးကပ်တိုင်များ ကို မြန်မာနိုင်ငံ ခရစ်ယာန်ဂိုဏ်းချုပ် အကြီးအကဲ နှစ် ဦးတို့ အား နိုင်ငံတော် သမ္မတ အိမ်တော် တွင် နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။

ဒီဇင်ဘာ ၁၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် အစိုးရအဖွဲ့ဝင်များ တရုတ်ပြည်သို့ ချစ်ကြည်ရေး ခရီးသွားရောက်သည်။

၁၉၅၅ ဒီဇင်ဘာ ၁၂၊ ဝန်ကြီးချုပ် ဦးနုနှင့် အဖွဲ့ဝင်များ နံနက်ပိုင်း နန်းကင်းမြို့သို့ သွားရောက်လည်ပတ်၍ တရုတ်ပြည် အမျိုးသားခေါင်းဆောင်ကြီးဒေါက်တာဆွန်ယက်ဆင်၏ အုတ်ဂူသို့ သွား ရောက်ကာ လွမ်းသူပန်းခွေချသည်။- တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်းနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုတို့ တွေ့ဆုံဆွေးနွေး၍ ကြေညာချက်ထုတ်ပြန်သည်။- နေ့လယ်တွင် ဝန်ကြီးချုပ် ချူအင်လိုင်းက နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုနှင့် ချစ်ကြည်ရေး



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ် နေရူးနေအိမ်၌ မွေးထားသော ကျားပေါက်ကလေးများကို ကြည့်ရှုနေစဉ်။

အဖွဲ့ဝင်များ အား ညစာဖြင့် တည်ခင်းဧည့်ခံသည်။အဆိုပါ ဧည့်ခံပွဲသို့
တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး မော်စီတုန်းနှင့်
အစိုးရထိပ်သီးခေါင်းဆောင်များ တက်ရောက်ကြသည်။

ဒီဇင်ဘာ ၁၃၊ ရှန်ဟဲမြို့၌ နေထိုသော ဒေါက်တာ ဆွန်ယက်ဆင်၏ ဇနီး မဒမ်ဆွန်ချင်လင်းထံသို့ ဝန်ကြီးချုပ် ဦးနုနှင့် ဇနီး ဒေါ်မြရီတို့ သွားရောက်နှုတ်ဆက်၍ မြန်မာပန်းချီကားတစ်ချပ် လက် ဆောင်ပေးအပ်သည်။ ဝန်ကြီးချုပ် ဦးနုနှင့် အဖွဲ့အား မဒမ်ဆွန်ချင်လင်းက နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံသည်။

၁၉၅၆ ဖေဖော်ဝါရီ ၂၂၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် စိန်မိုက်ကယ် မျက်မမြင်ကျောင်းသို့ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု သွားရောက်ကြည့်ရှု၍ အလှူတော် ငွေကျပ် ၃၀၀၀ လှူဒါန်းခဲ့သည်။

မတ် ၄၊ ရန်ကုန်ခရိုင် ဖဆပလ ညီလာခံကြီးကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဖဆပလ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနု ကိုယ်တိုင် တက်ရောက်၍ မိန့်ခွန်းပြောကြား သည်။

ဇွန် ၁၂၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ ဝန်ကြီးချုပ်အ ဖြစ်မှ ခေတ္တ နုတ်ထွက်သည်။ ထို့နောက် ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ အနေဖြင့် ဖဆပလ သန့်ရှင်းရေး နှင့် စည်းရုံးရေး ကို ဆောင်ရွက်ခဲ့ သည်။ အစိုးရအဖွဲ့တွင် ဦးဗဆွေက ဝန်ကြီးချုပ်၊ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စဝ်ခွန်ချိုတို့ က ဒုတိယဝန်ကြီးချုပ်များ အ ဖြစ် ဆောင်ရွက်သည်။- ရန်ကုန်အရှေ့ပိုင်းခရိုင် ပါလီမန်အမတ်အ ဖြစ် ဦးနုအား ရွေးကောက်တင်မြှောက် ခဲ့ကြသည်။

ဩဂုတ် ၄၊ ပါကစ္စတန်နိုင်ငံမှ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးနှင့် အတူ ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနုအား သွားရောက်တွေ့ဆုံပြီးနှစ် ပေါင်း ၁၀၀၀ သက်တမ်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဓမ္မလက်ဆောင်အ ဖြစ်ပေးအပ်သည်။

ဩဂုတ် ၁၅၊ ဖဆပလ ဥက္ကဋ္ဌ ဦးနုကမြန်မာ့မြေပေါ်မှ တရုတ်ဖြူစာပ်များ ရုပ်သိမ်းသွားရေး အတွက် ကူညီဆောင်ရွက်ပေးရန် အိန္ဒိယ ဝန်ကြီးချုပ်နေရူးအား မေတ္တာရပ်ခံသည့်အတွင် းရေး စာတစ်စောင်ကို ပေးပို့ ခဲ့သည်ဟု အိန္ဒိယနိုင်ငံထုတ် သတင်းစာများ ၌ ဖော်ပြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေး ခရီး သွားရောက်စဉ်က

၁၉၅၆ ဒီဇင်ဘာ ၂၆၊ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော် ကြီး၌ ကျင်းပသည့်အင္ဂကထာ သင်္ဂါယနာ ပထမသန္နိပါတမဟာဓမ္မသဘင်ဖွင့်ပွဲသို့ ဥပသကာ ဒယကာကြီး ဖဆပလ ဥက္ကဋ္ဌ ဦးနု တက်ရောက်၍ လျှောက်ထားမြွက်ကြားသည်။

၁၉၅၇ ဇန်နဝါရီ ၆၊ ရန်ကုန်မြို့ ပြည်လမ်း အမှတ်(၃၆၁)၊ စာပေဗိမာန်ပရဝဏ်အတွင်း ၌ ကျင်းပသော (၇)ကြိမ်မြောက် စာပေဗိမာန်စာပေဆုနှင်းသဘင် အခမ်းအနားသို့ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း အုပ်ချုပ်မှု ကောင်စီဥက္ကဋ္ဌ ဦးနု နှင့် ဇနီး ဒေါ်မြရီတို့ တက်ရောက်၍ စာပေဆုများ ချီးမြှင့်ပေးခဲ့သည်။ အဆိုပါ ဆုနှင်းသဘင်၌ ဝတ္ထုဆုအတွက် ရှုဝံ၏ "ငွမ်ပုံ"၊ ဘာသာပြန်ဆုအတွက် မိုလ်အေးမောင်၏ "လူလော နာနာ ဘာဝလော"၊ စာပဒေသာဆုအတွက်လူထု ဦးလှ၏ "ထောင်နှင့် လူသား"၊ သုတပဒေသာဆုအတွက် သူရိယကန္တိ ၏ "ဝတ္ထုရေး လိုသော် "တို့ အသီးသီးရရှိသည်။

ဖေဖော်ဝါရီ ၂၈၊ ဖဆပလ ဥက္ကဋ္ဌ ဦးနုကိုပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဝန်ကြီးချုပ်အ ဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်သည်။ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်နှင့် စဝ်ခွန်ချိုတို့ သည် ဒုတိယဝန်ကြီးချုပ်များ အ ဖြစ် တာဝန်ယူကြသည်။

မတ် ၁၊ ဝန်ကြီး ၃၀ ပါဝင်သော ဝန်ကြီးချုပ် ဦးနု၏ အစိုးရအဖွဲ့သည် ကျမ်းကျိန်ဆိုသည်။

မတ် ၅၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ရောက်ရှိလာသော ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ်၊ဟန်းစ်ခရစ်ရှန်ဟန်ဆင်အား နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုက လေဆိပ်၌ ခရီးဦးကြိုဆို နှုတ်ဆက်သည်။

မတ် ၁၂၊ ပြည်သူ့လွှတ်တော် အစည်းအဝေး၌ အတိုက်အခံ အမတ်များ က ဦးနု၏ ဖဆပလ အစိုးရအား အယုံအကြည်မရှိ အဆိုတင်သွင်းကြသည်။ လွှတ်တော် အမတ် ဦးအေးမောင်(ပြည်)က အဆိုတင်သွင်း၍ ၊ သခင်ချစ်မောင်(ဝိဇ္ဇူရ) အပါအဝင် အမတ် ၁၀ဦးက ထောက်ခံခဲ့သည်။ အဆိုတင်သွင်းရသည့် အကြောင်းပြချက်တွင် အစိုးရသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနိုင်ခြင်းမရှိ ခဲ့ကြောင်း၊ပြည်တွင်းအခြေအနေနှင့် ပတ်သက်၍ အစိုးရ၏ ထုတ်ပြန်ကြေညာချက်အရ ၁၉၄၈ မှ ၁၉၅၆ အထိတရားခံဖော်ထုတ်နိုင်သော လူသတ်မှု ပေါင်း၆၄၄ မှု ၊ ဓားပြမှု ၁၇၀၀၄ မှု ၊ ပြန်ပေးမှု ၁၁၅၆ မှု ၊ မုဒိမ်းမှု ၆၃၃ မှု ရှိခဲ့ကြောင်း၊ ၄င်း အပြင် စာရင်းမပေါက်သည့် အမှု များ လည်း ရှိခဲ့သေးကြောင်း၊ ဤကဲ့သို့ လူသတ်မှု ၊ ဓားပြမှု ၊ ပြန်ပေးမှု များ ကို တရားခံဖော်ထုတ်မပေးနိုင်ခင်း၊ပျူစောထီးတပ် အပါအဝင် လက်နက်ကိုင် ကာကွယ်ရေး တပ်များ ၏ အနိုင်ကျင့်မှု များ ကိုဖြေရှင်း မပေးနိုင်ခြင်း၊ ပြည်တွင်းသောင်းကျန်းမှု ပြဿနာကို မဖြေရှင်းနိုင်ခြင်းတို့ အတွက် အစိုးရမှာ တာဝန်ရှိကြောင်း၊ ထို့ကြောင့် အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို တင်သွင်းခြင်း ဖြစ်ကြောင်း တင်ပြခဲ့သည်။- အစိုးရအပေါ် အယုံအကြည်မရှိအဆိုကို လွှတ်တော် အများ က မဲခွဲ၍ ပယ်ချလိုက်သည်။

၁၉၅၈ ဇန်နဝါရီ ၂၉၊ ပြည်လုံးကျွတ် ဖဆပလ ညီလာခံကို ကမ္ဘာအေးကုန်းမြေတွင် ဖေဖော်ဝါရီ ၂ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ ဖဆပလ အဖွဲ့ချုပ် အမှု ဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးနု၊ ဦးဗဆွေ၊ သခင်တင်၊ ဦးတင်၊ ဗိုလ်ခင်မောင်ကလေး၊ ဦးကျော်ငြိမ်း၊ သခင်ကျော်ထွန်း၊ဟသ်ာတ ဦးမြ၊ ဦးခင်မောင်လတ် နှင့် သခင်ပန်းမြိုင်၊ အစိုးရအဖွဲ့ဝင်ကြီးများ ဖြစ်သော ဦးထွန်းတင်၊ သခင်တင်မောင်၊

ဗိုလ်ခင်မောင်၊ သခင်ချစ်မောင်(မြန်အောင်)၊ သခင်စံမြင့်၊ စောအောင်ပ၊ ဦးထွန်းဝင်း၊ စောလှထွန်း၊ စဝ်ဝဏ္ဏ၊ဦးဘစော၊ ဆမားဒူဝါဆင်ဝါးနောင်၊ ဒေါက်တာစိန်ဘန်းနှင့် ဖဆပလ အဖွဲ့ချုပ် အလယ်ပိုင်း တိုင်းမှူး ဗိုလ်တင်မောင်ကြီးတို့ တက်ရောက်ကြသည်။ ဦးနုက ညီလာခံမိန့် ခွန်းတွင် ဖဆပလ၏ ဝါဒမှာ မာ့က်စ်ဝါဒမဟုတ်၊ ခေနရှင်ဝါဒလည်း မဟုတ်ဘဲ ဆိုရှယ်လစ်ဝါဒပင်ဖြစ်ကြောင်း၊ ဖဆပလ ပန်းတိုင်သည် ဆိုရှယ်လစ်နိုင်ငံပင် ဖြစ်ကြောင်း၊ ဖဆပလ အဖွဲ့ဝင်များ ကလည်း (၁)အကျင့်သီလ ပြည့်စုံကြရန်၊ (၂) ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ (၃) ကိုယ့်ကိုယ်ကိုယ် အထင် မကြီးရန်၊ (၄) ခေါင်းဆောင်များ ကလည်း မိမိအတွက်သာကြည့်ပြီး အားမမွေးကြဘဲ ဖဆပလ တစ်ဖွဲ့လုံးအတွက် အားမွေးကြရန်၊ မိမိကိုယ်ကို နှိမ့်ချရန်၊ (၅) စည်းရုံး ရေး အတွက် လက်နက်အားမကိုးဘဲ ခေါင်းဆောင်နိုင်သည့် အရည်အချင်းနှင့် စင်ကြယ်မှု ကိုသာ အားကိုးရန် ပြောကြားခဲ့သည်။ ငြိမ်းချမ်းရေး နှင့် ပတ်သက်၍ လည်း ရောင် စုံသူပုန်များ ကို စကားကြီးသုံးခွန်းပြောကြားခဲ့သည်။ ၄င်းတို့ မှာ - (၁) ခင်ဗျားတို့ နဲ့ ကျွန်တော် တို့ ဘယ်သူမှာ းတယ်၊ ဘယ်သူမှန်တယ် ဆိုတာတွေ ကိုအချီအချ ပြောမနေကြပါနဲ့ တော့။ (၂) ကျွန်တော် တို့ က မှာ းခဲ့တာတွေ ရှိရင်လည်းသည်းခံဖို့ ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျား တို့ မှာ းခဲ့တာတွေ ရှိရင်လည်း ကျွန်တော် တို့ ကသည်းခံပါ့မယ်။ (၃) ခင်ဗျားတို့ နဲ့ ကျွန်တော် တို့ ဟာ ဝါဒနဲ့ လမ်းစဉ်မှာ တစ်ဖက်တစ်လမ်း ဖြစ်နေပေမယ့် ပြည်ထောင်စုသားတွေ ကောင်းစားဖို့ လုပ်ပေးရမယ့် လုပ်ငန်းတွေ မှာ တော့ အတူတူလက်တွဲ ပြီးလုပ်ပေးနိုင်မယ့် လုပ်ငန်းတွေ က အများ ကြီးရှိပါ တယ်။ ဒီလုပ်ငန်းတွေ ကို စနစ်တကျရှာဖွေပြီးအတူတူ လက်တွဲ လုပ်ကြရအောင် အလင်းကိုဝင်ခဲ့ကြပါ ဟူ၍ ဖြစ်သည်။

ဧပြီ ၂၆၊ ဝန်ကြီးချုပ်ဦးနု ပြည်ထဲရေး ဌာနကိုတရားဝင်လွှဲယူသည်။

ဧပြီ ၂၇၊ ဦးနုက ဦးကျော်ငြိမ်း၊ ဦးထွန်းဝင်း၊သခင်ချစ်မောင်(မြန်အောင်)တို့ အား ခေါ်ယူကာ ဖဆပလ အဖွဲ့ကြီးကို ဆက်လက်မထိန်းသိမ်းနိုင်တော့၍ စကားနည်းရန်စဲလမ်းစဉ်အရ ဖဆပလကြီးကို ခွဲရန်ဆုံးဖြတ်ကြောင်း ပြောကြားခဲ့သည်။

၁၉၅၈ ဧပြီ ၂၉၊ ဦးနုက အဘယ်ကြောင့် ပြည်ထဲရေး ဌာနကို သိမ်းယူရကြောင်း

အသံလွှင့် ပြောကြားခဲ့သည်။ ဦးနုသည် ပြည်ထဲရေး ဌာန လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲချုပ် ဦးဘို၊ အတွင်း ဝန်ချုပ် ဦးခင်မောင်ဖြူ ဒုတိယဝန်ကြီးချုပ်(စီးပွားရေး )၏ အတွင်း ဝန် ဦးထွန်းသောင်း၊ နိုင်ငံခြားရေး ရုံးအမြဲတမ်းအတွင်း ဝန် မစ္စတာဘာရင် တန် (Mr.James Barrington) တို့ ပါဝင်သော အကြံပေးအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

မေ ၃၊ ဝန်ကြီးချုပ် ဦးနု နေအိမ်၌ အလုပ်အမှု ဆောင် အစည်းအဝေးကို ကျင်းပကာ ဖဆပလ ခွဲရန် နှစ် ဖက်ခေါင်းဆောင်များ သဘောတူကြသည်။ ၎င်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ် ဦးဗဆွေ၊ ဒုတိယဝန်ကြီးချုပ် ဦးကျော်ငြိမ်း၊ ဒုတိယဝန်ကြီးချုပ် သခင်တင်၊ သခင်ကျော်ထွန်း၊ သခင်သာခင်၊ ဦးတင်၊ ဦးထွန်းဝင်း၊ ဦးခင်မောင်လတ်၊ သခင်ချစ်မောင်(မြန်အောင်)၊ ဗိုလ်ခင်မောင်၊ သခင်စံမြင့်၊ သခင်တင်မောင်၊ ဒေါက်တာစိန်ဘန်း၊ ဗိုလ်မင်းခေါင်၊ ဦးအောင်ပ၊ ဗိုလ်ခင်မောင်ကလေး၊ သခင်ပန်းမြိုင်၊ ဒေါ်စိန်ပု၊ ဖဆပလ တိုင်းမှူး များ ဖြစ်ကြသော ဦးဖိုးတင်၊ ဦးမန်းတင်၊ ဦးအောင်သန်းနှင့် ဗိုလ်တင်မောင်ကြီးတို့ တက်ရောက်ကြ သည်။ ထိုအစည်းအဝေးတွင် ဦးနုက စကားနည်းရန်စဲမှု ခုနစ်ရပ် ကို တင်ပြခဲ့သည်။၎င်းတို့မှာ -

(၁) အခုကွဲတာဟာ တစ်ဦးနှင့်တစ်ဦး ဆက်ပြီးမပေါင်းနိုင်တော့လို့ ကွဲကြတဲ့အကွဲပဲ ဖြစ်ပါတယ်။အင်အားများ တဲ့ဘက်က အင်အားနည်းတဲ့ဘက်ကို အနိုင်ကျင့်ပြီး ထုတ်ပစ်လိုက်တဲ့အကွဲမျိုး မ ဖြစ်စေရ။

(၂) ဖဆပလပိုင် ရန်ပုံငွေများ နှင့် ပစ္စည်းများ ကိုအုပ်စုတွေ ညီတူညီမျှ ခွဲယူကြ။

(၃) ဖဆပလ အဖွဲ့ကို ဘယ်သူယူထိုက်တယ် ဆိုတာမျိုးတော့ ဦးစီးအဖွဲ့ကဆုံး ဖြတ်ပေး။

(၄) အစိုးရအဖွဲ့ထဲက ဝန်ကြီးချုပ်တွေ ကို ဝန်ကြီးချုပ်က အချိန်မရွေး ထုတ်ပစ်နိုင်တဲ့ အာဏာရှိပေမယ့် ထုတ်မပစ်ဘူး။ ဩဂုတ်လ လွှတ်တော် ကျင်းပတဲ့ နေ့အထိ ဝန်ကြီးအ ဖြစ်နဲ့ ဆက်လက်ဆောင်ရွက်သွားကြ၊ အဲဒီ လို ဆောင် ရွက်နေတဲ့ အတောအတွင်း ပါလီမန်အင်အားကို စုဆောင်း၊ အဲဒီ လိုစုဆောင်းပြီး လွှတ်တော် ကျင်းပတဲ့အခါ ဖြတ်ချနိုင်ရင်

ကျွန်တော် ခေါင်းဆောင်တဲ့ အစိုးရ အဖွဲ့ကိုဖြုတ်ချ၊ ကျွန်တော် တို အတိုက်အခံဘက်ကိုသွားမည် ။ ဖြုတ်မချနိုင်ရင် တစ်ဘက်ကလူတွေ အတိုက်အခံဘက်ကိုသွား။

(၅) ကျွန်တော် တို့ အစိုးရ ဖြစ်ရင် တစ်ဘက်လူတွေ ကို ကျွန်တော် တို့ မညှဉ်းဆဲပါဘူး။ တစ်ဘက်ကလူတွေ အစိုးရ ဖြစ်ရရင်လည်း ကျွန်တော် တို့ ကိုမညှဉ်းဆဲပါနဲ့ ။

(၆) အစိုးရဌာနအသီးသီးမှာ ဟိုဘက်ဒီဘက်က သွင်းထားတဲ့ အရာရှိတွေ ရှိနေကြရင် ဘယ်ဘက်ကပဲ အစိုးရ ဖြစ် ဖြစ် ဒီလူတွေ ကို ထုတ်မပစ်ရဘူး။ အစိုးရစည်းမျဉ်း ဥပဒေအတိုင်း သူတို့ရဲ့ တာဝန်ဝတ္တရားများ ကို ဆောင်ရွက်နေသမျှ ကာလပတ်လုံး သူတို့ ဆက်ပြီးလုပ်ပါစေ။

(၇) နိုင်ငံရေး နယ်ပယ်အတွင်း မှာ နိုင်ငံရေး သဘောတရားအရ တစ်ယောက် နဲ့ တစ်ယောက် ပြောမှား ဆိုမှား ရှိတဲ့အခါရှိလိမ့်မယ်။ ဒီလို အမှား အယွင်းမျိုးတွေ ဟာ နိုင်ငံရေး လောကထဲမှာ ရှောင်လို့ မရဘူး။ ဒါတွေ ဟာ နိုင်ငံရေး ဓမ္မတာတွေ ပဲ။အဲဒီ တော့ အမှား အယွင်းတွေ ရှိလာရင် တစ်ယောက် အပေါ် တစ်ယောက် အာဃာတ မထားကြနဲ့ ။ ကျွန်တော် တို့ ဘက်မှာ ကိစ္စကြီးငယ်ရှိရင်လည်းဝင်ထွက် သွားလာပါ။ ကျွန်တော် တို ကလည်းဒီလိုပဲ ဝင်ထွက်သွားလာချင်ပါတယ် ဟူ၍ ဖြစ်သည်။

၄င်းအချက် (၇)ချက်ကို အများ က သဘောတူလက်ခံခဲ့ကြသည်။ ၄င်းအပြင် လွှတ်တော် ခေါ်ရန်ကိစ္စနှင့် ဖဆပလ နာမည် ကို မည် သို့မည် ပုံ ခွဲဝေမည် ဆို သည့်ကိစ္စကို စဉ်းစားရန် ဝန်ကြီး ချုပ် ဦးနု၊ ဒုတိယဝန်ကြီး ချုပ်များ ဖြစ်သော ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်တင်တို့ ပါဝင်သော လေးဦးကော်မတီအား တာဝန်ပေးအပ်ကြသည်။

၁၉၅၈ ဇွန် ၁၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ အသက် ၅၀ပြည့် ရွှေရတု မွေးနေ့ အထိမ်း အမှတ်အ ဖြစ် သံဃာတော် များ အား ဆွမ်းကပ်လှူဒါန်းသည်။

ဇွန် ၅၊ ရန်ကုန်မြို့ အတွင်း ဝန်များ ရုံး (နောင်ဝန်ကြီးများ ရုံး)ရှိ ပြည်သူ့လွှတ်တော် ပါလီမန် အဆောက်အဦးတွင် အထူးလွှတ်တော် အစည်းအဝေးကို

ကျင်းပသည်။ ဤအစည်းအဝေးသည် ဖဆပလ မကွဲမီ နောက်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေး ဖြစ်သည်။ ထိုနေ့မှာ ပင် နု-တင် အုပ်စု နှင့် ဆွေ-ငြိမ်းဖဆပလ အုပ်စုဟူ၍ နှစ် ချမ်းကွဲသွားသည်။ ဦးဗဆွေက ပါတီတည်မြဲရေး ကိုအဓိကရည်ရွယ်ခဲ့သူ ဖြစ်၍ ၎င်းတို ပါတီအား တည်မြဲ ဖဆပလ ဟုခေါ်ဆိုကာ ဦးနုက ၎င်း၏ ပါတီသန့်ရှင်းရေး အတွက် လုပ်ဆောင်ခဲ့သော ကြောင့် သန့်ရှင်း ဖဆပလ ဟူသော အမည် ကိုခံယူခဲ့ကြသည်။

နု-တင်၊ ဆွေ-ငြိမ်း အုပ်စုကွဲရာတွင် ဖဆပလ အစိုးရတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီး ၃၀ရှိသည့်အနက်အုပ်စုတစ်စုတွင် ၁၅ဦးစီပါဝင်သည်။ နု-တင် သန့်ရှင်း ဖဆပလ အုပ်စုတွင် ဦးနု(ဝန်ကြီးချုပ်)၊ သခင်တင်(ဒုတိယဝန်ကြီးချုပ်လမှု ရေး )၊ ဦးတင်(မြန်မာ့အလင်း) (ကုန်သွယ်မှု တိုးတက်ရေး )၊ သခင်ကျော်ထွန်း(စိုက်ပျိုးရေး နှင့် သစ်တော)၊ ဗိုလ်မင်းခေါင်(ပို ဆောင်ရေး )၊ သခင်ပန်းမြိုင်(ဒီမိုကရေစီနှင့် ဒေသန္တရ အုပ်ချုပ်ရေး )၊ သခင်တင်မောင်(အိမ်ရာဆောက်လုပ်ရေး )၊ ဦးအောင်ပ(ပင်လယ်ရေ ကြောင်းသွားလာရေး )၊ ဦးဘစော(သာသနာရေး )၊ ဦးရာရှစ်(သတ္တုတွင်း)၊ ဆမားဒူဝါဆင်ဝါးနောင်(အမျိုးသားစည်းလုံးရေး )၊စဝ်ထွန်းအေး(လူဝင်မှု ကြီးကြပ်ရေး )၊ စဝ်ခွန်ချို(ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေး နှင့် ရှမ်းပြည်နယ်ဝန်ကြီး)၊ စဝ်ဝဏ္ဏ (ကယားပြည်နယ်ဝန်ကြီး)၊ ဦးဇာရဲလျန် (ချင်းရေး ရာဝန်ကြီး)တို့ ပါဝင်သည်။

ဆွေ-ငြိမ်း တည်မြဲ ဖဆပလ အုပ်စုတွင် ဦးဗဆွေ(ဒုဝန်ကြီးချုပ်၊ ကာကွယ်ရေး )၊ ဦးကျော်ငြိမ်း(ဒုတိယဝန်ကြီးချုပ်၊ စီးပွားရေး )၊ ဒေါက်တာ စောလှထွန်း(ကရင် ပြည်နယ်ဝန်ကြီး)၊ ဦးဇန်ထားဆင်(ကချင်ပြည်နယ်ဝန်ကြီး)၊ ဗိုလ်ခင်မောင်ကလေး (ဘဏ္ဍာရေး နှင့် အခွန်)၊ သခင်သာခင်(ပြည်ထဲရေး ဝန်ကြီးဟောင်း)၊ ဦးခင်မောင်လတ်(တရားရေး ဝန်ကြီးဟောင်း)၊ ဦးရှိန်ထန်း(ပြန်လည်ထူထောင်ရေး )၊ ဦးထွန်းဝင်း (သမဝါယမ)၊ဦးတင်ညွန့် (အလုပ်သမား)၊ သခင်ချစ်မောင်(မြန်အောင်) (ပြန်ကြားရေး )၊ သခင်စံမြင့်(လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး )၊ ဗိုလ်ခင်မောင် (စက်မှု လက်မှု )၊ ဦးထွန်းတင်(ပညာရေး )နှင့် ဒေါက်တာစိန်ဘန်း(ကျန်းမာရေး )တို့ ပါဝင်သည်။ ပါလီမန်အတွင်း ဝန် ၃၂ ဦးရှိရာ ၂၂ယောက် က ဆွေ-ငြိမ်းဘက်သို့ပါ၍ ၁၀ယောက် နု-

တင်ဘက်သို့ ပါခဲ့သည်။

ဖဆပလ အလုပ်အမှု ဆောင်အဖွဲ့ဝင် ၂၀ ရှိသည့်အနက် အုပ်စုတစ်စုစီတွင် ၁၀ဦးစီ ပါဝင်နေသည်။ နု-တင် အုပ်စုတွင် ဦးနု(ဥက္ကဋ္ဌ)၊သခင်တင်(ဒုတိယ ဥက္ကဋ္ဌ)၊ သခင်ကျော်ထွန်း (အထွေထွေအတွင်းရေး မှူး)၊ ဦးတင် (ဘဏ္ဍာရေး မှူး)၊ ဟသ်ာတဦးမြ၊ သခင်ပန်းမြိုင်၊ ဗိုလ်မင်းခေါင်၊ ဦးအောင်ပ၊ ဦးဘစော၊ သခင် တင်မောင်စသော အမှု ဆောင်များ ပါဝင်သည်။

ဆွေ-ငြိမ်း အုပ်စုတွင် ဦးဗဆွေ(ဒုဥက္ကဋ္ဌ)၊ဦးကျော်ငြိမ်း(ဒုဥက္ကဋ္ဌ)၊သခင်သာခင်(တွဲဖက်အထွေထွေ အတွင်းရေး မှူး)၊ ဦးခင်မောင်လတ်၊ ဗိုလ်ခင်မောင်ကလေး၊ ဦးတင်ညွန့်၊ ဒေါ်စိန်ပု၊ ဦးထွန်းမင်း၊ သခင်ချစ်မောင်၊ သခင်စံမြင့် စသော အမှု ဆောင်များ ပါဝင်သည်။ ဖဆပလ နှစ် ခြမ်းကွဲရာတွင် နှစ် ဖက်အင်အားမှာ မကွာလှပေ။

- နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော သန့်ရှင်း ဖဆပလ အဖွဲ့က ဝန်ကြီးအသစ်ငါးဦးနှင့် လက်ရှိဝန်ကြီးများ အပါအဝင် ဝန်ကြီးအဖွဲ့ဝင် ၂၀ ဦးနှင့် ပါလီမန်အတွင်းဝန် ၂၇ ဦး တို့ကို ရွေးချယ်ခန့် အပ်၍ အစိုးရသစ်ကို ဖွဲ့စည်းကြောင်းကြေညာသည်။

(၁) ဦးနု-ဝန်ကြီးချုပ်၊ အမျိုးသား စီမံကိန်းနှင့် ကာကွယ် ရေး ဝန်ကြီးဌာန။

(၂) စဝ်ခွန်ချို - နိုင်ငံခြားရေး ဌာနနှင့် ရှမ်းပြည်နယ်ဝန်ကြီးဌာန။

(၃) သခင်တင် - လူမှု ရေး ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နှင့် စက်မှု လက်မှု ဝန်ကြီး ဌာန။

(၄) စောလူးလူ - ကရင်ပြည်နယ်ဝန်ကြီးဌာန။

(၅)ဒူဝါဇော်ရစ် - ကချင်ပြည်နယ်ဝန်ကြီးဌာန။

(၆) စဝ်ဝဏ္ဏ - ကယားပြည်နယ်ဝန်ကြီး ဌာန။

(၇) ဦးဇာရဲလျှံ - ချင်းရေး ရာဝန်ကြီးဌာန။

(၈) ဦးတင် - ကုန်သွယ်မှု တိုးတက်ရေး နှင့် ပစ္စည်းထောက်ပံ့ရေး ဝန်ကြီးဌာန။

(၉) သခင်ကျော်ငြိမ်း - လယ်ယာစိုက်ပျိုးရေး နှင့် သစ်တောရေး ဝန်ကြီးဌာန၊ ပြည်သူ့ရိက္ခာထောက်ပံ့ရေး နှင့် သမဝါယမ ဝန်ကြီးဌာန။

(၁၀) ဦးရာရှစ် - ပညာရေး နှင့် သတ္တုတွင်း ဝန်ကြီးဌာန။

(၁၁) ဗိုလ်မင်းခေါင် - ပြည်ထဲရေး ၊ သယ်ယူပို့ဆောင်ရေး နှင့် စာတိုက် ကြေးနန်းဝန်ကြီးဌာန။

(၁၂) ဦးဘစော - လူမှု ဝန်ထမ်း သာသနာရေး ဝန်ကြီးဌာန။

(၁၃) ဦးအောင်ပ - ရေကြောင်းနှင့် မြို့ပြလေကြောင်းဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာန။

(၁၄) ဆမားဒူဝါဘင်ဝါနော် - အမျိုးသားစည်းလုံးညီညွတ်ရေး ၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန။

(၁၅) သခင်ပန်းမြိုင် - ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး နှင့် ပြန်ကြား ရေး ဝန်ကြီးဌာန။

(၁၆) သခင်တင်မောင် - ပြည်သူ့လုပ်ငန်း၊ အိမ်ယာဆောက်လုပ်ရေး နှင့် အလုပ်သမားဝန်ကြီးဌာန။

(၁၇) စဝ်ထွန်းအေး - လူဝင်မှု ကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင် ဝန်ကြီးဌာန။

(၁၈) ဦးကျော်မင်း - ဘဏ္ဍာရေး ဝန်ကြီးဌာန။

(၁၉) ဦးမောင်ကျော်ဇံ - တရားရေး ဝန်ကြီးဌာန။

(၂၀) ဦးရွှေကြိုင် - ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာန။ တို့ ဖြစ်ကြသည်။

၁၉၅၈ ခုနှစ် ၇၊ ပမညတက ပါလီမန် ဖျက်သိမ်း၍ ပြည်တွင်းငြိမ်းချမ်းရေး ကို

အမြန်ဆုံးတည်ဆောက်ရန် အလေးအနက် စဉ်းစားသင့်ပြီ ဖြစ်ကြောင်း နိုင်ငံဝန်ကြီးချုပ် ဦးနုထံ တင်ပြတောင်းဆိုသည်။

ဇွန် ၉၊ တည်မြဲ ဖဆပလအဖွဲ့မှ ခေါင်းဆောင် ဦးဗဆွေက ပြည်သူ့လွှတ်တော် လုပ်ငန်းစဉ် နည်းဥပဒေ ၂၃(၁)အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုကို တင်သွင်းသည်။ယင်းအယုံအကြည်မရှိအဆိုကို ဖြောင်မဲပေးစနစ်ကျင့်သုံး၍ ဆန္ဒမဲယူရာ အဆိုကိုထောက်ခံသူက ၁၁၉ မဲရကာ ကန့်ကွက်သူက ၁၂၇ မဲရရှိခဲ့သည်။ ထို့ကြောင့် အစိုးရအဖွဲ့အား အယုံအကြည်မရှိအဆိုမှာ ၈ မဲကွာဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ဇွန် ၁၁၊ နိုင်ငံတောဝန်ကြီးချုပ် ဦးနုက သန့်ရှင်း ဖဆပလအား ထောက်ခံသည့် အမတ်ပေါင်းစုံနှင့် အဖွဲ့အစည်းကိုယ်စားလှယ်များ အား ဝန်ကြီးချုပ် နေအိမ်သို့ ဖိတ်ကြား၍ မိတ်ဆုံထမင်းစားပွဲကျင်းပသည်။

၁၉၅၈ ဇွန် ၁၉၊ ဝန်ကြီးချုပ် ဦးနု၏ အစိုးရအဖွဲ့ သစ်တွင် ပါဝင်ဆောင်ရွက်ရန် နောက်ထပ်ပါလီမန် အမတ်သုံးဦး ဖြစ်သော ရခိုင်တိုင်းမှ အပ္ပဒုလ်ကဖား၊ အဘူဘော်ရှော် နှင့် ချင်းတောင်တန်း မတူပီမြို့မှ ဦးမန်းတလင်းတို့ အား ခန့်အပ်ထားသည်။

ဇွန် ၂၄၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု အစိုးရ အဖွဲ့သစ်၏ မူဝါဒနှင့် လမ်းစဉ်ကို သန့်ရှင်း ဖဆပလ ဝန်ကြီးများ ၊ ဌာနချုပ်အမှု ဆောင်များ ၊ လက်အောက်ခံ အဖွဲ့အစည်းပေါင်းစုံတို့မှာ တိုက်နယ်ကိုယ်စားလှယ်များ အား ဖိတ်ကြား၍ နေအိမ်အတွင်းရှိ ဧည့်ခံခန်းမ၌ ရှင်းလင်းပြောကြားသည်။

ဇူလိုင် ၃၀၊ ဝန်ကြီးချုပ်ဦးနုသည် တပ်မတော် အာဏာပိုင်များ နှင့် ဆွေးနွေးခဲ့သည်။ ၎င်းဆွေးနွေးပွဲတွင် ဝန်ကြီးချုပ် ဦးနုက ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးကြီး အောင်ကြီးတို့ အား နေရာတိုင်းတွင် ပျူစာထီးများ ကို ၅၀ ရာခိုင်နှုန်းလျှော့ပစ်ပြီး ၎င်းနေရာများ တွင် နိုင်ငံရေး သမားများ အလျဉ်းမပါဘဲနယ်လုံခြုံရေး အဖွဲ့က ကိုယ်တိုင်ကြီးကြပ် ရွေးချယ် သော ပျူစာထီးများ ခန့်ထားရန် အမိန့်ပေးခဲ့သည်။

ကာကွယ်ရေး ဝန်ကြီး ဗိုလ်မှူးအောင်နှင့် ပြည်ထဲရေး ဝန်ကြီး ဗိုလ်မင်းခေါင်တို့ ကိုလည်း ဗိုလ်ချုပ်ကြီးနေဝင်းတို့ နှင့် တိုင်ပင်ဆောင်ရွက်ရန်ညွှန်ကြားခဲ့သည်။

ဩဂုတ် ၈၊ ပမညတ အဖွဲ့ က ပုန်စာထိးများ ရှိနေသရွေ့ တရားမျှတသန့်ရှင်းသော ရွေးကောက်ပွဲမ ဖြစ်နိုင်ဟုဆိုကာ ပုန်စာထိးများ ဖျက်သိမ်းရန်ဝန်ကြီးချုပ် ဦးနုအား ထပ်မံတိုက်တွန်းခဲ့သည်။

ဩဂုတ် ၁၉၊ နိုင်ငံတော် သမတ္တ ပြည်သူ့လွှတ်တော် ညီလာခံကို ဩဂုတ် ၂၈ရက် နေ့ တွင် လည်းကောင်း၊ လူမျိုးစုလွှတ်တော် ကို စက်တင်ဘာ ၁၅ရက်နေ့ တွင် လည်းကောင်း ကျင်းပရန် ဆင့်ခေါ် ထားချက်ကို ဝန်ကြီးချုပ် ဦးနု၏ အကြံပေးချက်အရ ပယ်ဖျက်လိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

ဩဂုတ် ၂၂၊ လွှတ်တော် ဖျက်သိမ်းသည့်ကိစ္စကို ဆွေးနွေးရန် ဝန်ကြီးချုပ် ဦးနု၏ ဖိတ်ကြားချက်အရ တည်မြဲ ဖဆပလ ခေါင်းဆောင်များ ဖြစ်ကြသော ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးထွန်းတင်တို့ သည် ဝန်ကြီးချုပ်နေအိမ်သို့ သွားရောက်ဆွေးနွေးသည်။ဆွေးနွေးပွဲတွင် ဆွေ-ငြိမ်းတို့ က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဘတ်ဂျက်လွှတ်တော် သည် အရေး ကြီးဆုံး ဖြစ်သည့်အလျောက် အစည်းအဝေးမခေါ်ဘဲထားခြင်းမှာ မသင့်လျော်ကြောင်း၊ ကမ္ဘာ့ပါလီမန် အစဉ်အလာများ တွင် လည်း အစိုးရ၏ ဘတ်ဂျက်ကို တစ်ချက်လွှတ်အမိန့်ဖြင့် အစိုးရ ပြဋ္ဌာန်းလုပ်ဆောင်သော အစဉ်အလာမျိုး မရှိခဲ့ဖူး၍ ဝန်ကြီးချုပ်က လွှတ်တော် ကျင်းပသင့်ကြောင်း တောင်းဆိုကြသည်။ ဝန်ကြီးချုပ် ဦးနုကလွှတ်တော် ကို မခေါ်လိုတော့ကြောင်း ၁၉၅၈-၅၉ အတွက် အစိုးရ၏ ဘတ်ဂျက်ကို ပုဒ်မ ၁၁၀(၁)အရ နိုင်ငံတော် သမ္မတကြီး အမိန့်ဖြင့် ထုတ်ပြန်ပြီးအသုံးပြုသွားမည် ဖြစ်ကြောင်း၊ သမ္မတ အမိန့် နှင့် ပြဋ္ဌာန်းပြီးနောက်မှသာ လက်ရှိလွှတ်တော် ကို ရုပ်သိမ်းပြီး အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

၁၉၅၈ စက်တ်တင်ဘာ ၄၊ ဝန်ကြီးချုပ် ဦးနုက ပုန်စာထိးများ နှင့် ပတ်သက်၍ အရေး ကြီးသော မိန့်ခွန်းတစ်ရပ် ပြောကြားသည်။

စက်တင်ဘာ ၁၄၊ တည်မြဲ ဖဆပလ အဖွဲ့၏ ဒီမိုကရေစီကာကွယ်ရေး လူထုဆန္ဒပြပွဲတစ်ရပ်ကို အောင်ဆန်းကစားကွင်း၌ ကျင်းပသည်။ ၎င်းဆန္ဒ ပြပွဲ၌ ဘတ်ဂျက် ပါလီမန် ဖျက်သိမ်းခြင်းကိုပြင်းထန်စွာ ရှုတ်ချသည်။

အောက်တိုဘာ ၂၈၊ ဝန်ကြီးချုပ် ဦးနုက တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ဗိုလ်ချုပ်ကြီးနေဝင်းအား အာဏာလွှဲပြောင်းပေးသည်။(ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော အိမ်စောင့် အစိုးရသည် ၁၉၆၀၊ ဧပြီ ၃ရက်အထိ အုပ်ချုပ်ခဲ့သည်။)

အောက်တိုဘာ ၂၉၊ မြန်မာနိုင်ငံဖွဲ့ စည်း အုပ်ချုပ် အခြေခံဥပဒေပုဒ်မ ၅၆(၂) အရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရ အဖွဲ့ဝင်များ အ ဖြစ် အငြိမ်းစား နိုင်ငံတော် တရား ရေး ဝန်ကြီးချုပ် ဦးသိမ်းမောင်၊ အတွင် းဝန်ချုပ် ဦးခင်မောင်ဖြူ တရားလွှတ်တော် တရားဝန်ကြီးချုပ် ဦးချန်ထွန်းအောင်၊ ရန်ကုန်တက္ကသိုလ် သင်္ချာကထိက ဦးကာ၊ ပြည်ထောင်စုဘဏ်ဥက္ကဋ္ဌ ဦးကျော်ငြိမ်း၊ အငြိမ်းစား ရွေးကောက်ပွဲ မင်းကြီးဦးစံညွန့်၊ ဓာတုဗေဒဝန် ဦးချစ်သော င်နှင့် အငြိမ်းစား စက်ရှင် တရားသူကြီး ဦးဘကြားတို့ ကိုရွေးချယ်ခန့် အပ်၍ ထိုနေ့ မှာ ပင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းနှင့် အတူ အိမ်စောင့်အစိုးရ အဖွဲ့ဝင်များ သမ္မတရေ့မှော က်၌ ကျမ်းသစ္စာကျိန်ဆိုသည်။

၁၉၅၉ စက်တင်ဘာ ၂၅၊ ၁၉၅၉-၆၀ ရန်ကုန် တက္ကသလိုလ် ကျောင်းသားသမဂ္ဂ အမှု ဆောင်အဖွဲ့ကို ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌသစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲကို ယုဒသန်ခန်းမ၌ ကျင်းပရာ တက္ကသိုလ်ကျောင်း သားသမဂ္ဂ ဥက္ကဋ္ဌဟောင်း ဦးနုက ဥက္ကဋ္ဌသစ် ဦးလှတင်အား ကျမ်းသစ္စာကျိန်ဆိုရန် တိုင်ပေးသည်။

စက်တင်ဘာ ၂၆၊ ရန်ကုန်မြို့ကမ္ဘာအေးစေတီဝင်းတွင် ဦးနု ဦးဆောင်သော သန့်ရှင်း ဖဆပလ၏ ပြည်လုံးကျွတ် ဦးစီးညီလာခံကျင်းပကာ ရွေးကောက်ပွဲ လမ်းစဉ် မူဝါဒကို ကြေညာသည်။အဆိုပါ ညီလာခံကို စက်တင်ဘာ ၂၉ အထိ ကျင်းပခဲ့သည်။

နိုဝင်ဘာ၁၆မှ၂၁ ထိ၊သန့်ရှင်း ဖဆပလ ဥက္ကဋ္ဌ ဦးနုသည် တိုက်နယ်ခေါင်းဆောင် စည်းရုံးရေး မှူးများ သင်တန်းပေးသည်။ အဆိုပါသင်တန်းတွင် ဦးနုက

မိန့်ခွန်းဟောပြောရာတွင် နိုင်ငံရေး သမားများ သည် လောကီလောကုတ္တရာဗဟုသုတ ခေါင်းပါးသည့်အတွက် မကောင်းမှု ကြံစည်ပြုလုပ်ရန် ဝန်မလေးသူများ ရှိနေကြောင်း၊ သာမန်နိုင်ငံရေး သမားများ က မကောင်းမှု လုပ်လျှင် တိုင်းပြည်ပျက်မည် မဟုတ်၍ ရင်လေးဖွယ်ရာ မဟုတ်ကြောင်း၊ မကောင်းမှု ကို လွယ်လွယ်လုပ်၊ လွယ်လွယ်ပြောဆို ကြံစည်တတ်သူများ အာဏာရနိုင်ငံရေး သမျှား ဖြစ်လျှင် တိုင်းပြည်ပျက်စီးအောင် ဖျက်နိုင်ကြောင်း၊ ထို့ကြောင့် မိမိအနေနှင့် သန့်ရှင် ဖဆပလ ခေါင်းဆောင်ငယ်များ ကို အာဏာမရမီလူပေါ့၊ လူသရမ်း ဖြစ်မသွားရန် ရည်ရွယ်၍ လည်းကောင်း၊ အာဏာရရှိလာပါကလည်းတိုင်းပြည်ဖျက်သည့်သူများ မ ဖြစ်ရအောင် ထိန်း ကျောင်း လမ်းပြရန် သင်တန်းအစီအစဉ်များ ပြုလုပ်ရခြင်း ဖြစ်ကြောင်း စသည်ဖြင့် ဦးနုကရှင်းလင်းပြောကြားသည်။

၁၉၅၉ ဒီဇင်ဘာ ၁၉၊ အိမ်စောင့်အစိုးရက ၁၉၆၀၊ ဖေဖော်ဝါရီ ၆ တွင် ရွေးကောက်ပွဲ ကျင်းပမည် ဖြစ်ကြောင်း ကြေညာသည်။

ဒီဇင်ဘာ ၂၁၊ အိမ်စောင့်အစိုးရသည် အမတ်လောင်းအမည် စာရင်း တင်သွင်းရမည့် နောက်ဆုံးရက်ကို ၁၉၆၀၊ ဇန်နဝါရီ ၂ ရက်ဟူ၍ သတ်မှတ်ကြေညာသည်။

၁၉၆၀ ဇန်နဝါရီ ၁၆၊ အိမ်စောင့်အစိုးရက ပုဒ်မ ၅ ဖြင့် ဖမ်းဆီးထားခြင်းခံရသော ပါတီအဖွဲ့အစည်းများ မှ နိုင်ငံရေး သမား ၁၃၁ ဦးကို ထောင်မှလွှတ်ပေး ခဲ့သည်။

ဖေဖော်ဝါရီ ၆၊ ပါလီမန်ပြည်သူ့လွှတ်တော် အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပသော အခါ မဲဆန္ဒနယ် ၂၅၀ ရှိသည့်အနက် ၂၃နေရာကို ရွှေ့ဆိုင်းရသည်ကလွဲ၍ ကျန်မြန်မာနိုင်ငံ တစ်နိုင်ငံ လုံး၌ တစ်ပြိုင်တည်း ကျင်းပသည်။ ရွေးကောက်ပွဲ ရွှေ့ဆိုင်းရသော ၂၃ နေရာသည် သော င်းကျန်းသူများ ၏ နှောင့်ယှက်ခြိမ်းခြောက်မှု ကြောင့် လည်းကောင်း၊ အမတ်လောင်းများ ၏ မကျေနပ်မှု ကြောင့် တရားလွှတ်တော် ရုံးများ ၏ အဆုံးအဖြတ် မချမှတ်သေး၍ လည်းကောင်း၊ မဲဆန္ဒရှင်များ ၏ လုံခြုံမှု မရှိခြင်း၊ တရားမျှတလွတ်လပ်စွာ မဲမပေးနိုင်ခြင်းစသော အခက်အခဲများ ပေါ်ပေါက်သည့် အတွက် လည်းကောင်း၊ ၁၉၄၈ ပါလီမန်ရွေးကောက်ပွဲနည်းဥပဒေ ၆၀(က)၊ ၉၁ နှင့် ၃၄(၁) အရအာဏာများ ကို နိုင်ငံတော်

သမ္မတက အသုံးပြု၍ ၁၉၆၀၊ မေ ၆ ရက်အထိ ရွှေ့ဆိုင်းလိုက်သည်။အဆိုပါ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် ၂၅၀ ရှိရာ သန့်ရှင်း ဖဆပလ ၂၀၃ နေရာရရှိပြီး၊ တည်မြဲ ဖဆပလက ၃၉ နေရာရရှိသည်။ ပမညတ သည် ရေး မြို့၏ တစ်နေရာ၌ သာ အနိုင်ရရှိသည်။

မတ် ၁၈၊ သန့်ရှင်း ဖဆပလကို ပြည်ထောင်စုပါတီ (ပထစ)အ ဖြစ် အမည် ပြောင်း လဲသည်။ပထစပါတီ ဥက္ကဋ္ဌ အ ဖြစ် ဦးနု တာဝန်ယူသည်။

ဧပြီ ၁၊ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရအဖွဲ့မှ ပြည်ထောင်စု ပါတီဥက္ကဋ္ဌ ဦးနု ခေါင်းဆောင်သည့် အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် တတိယအကြိမ် ပြည်သူ့လွှတ်တော် ညီလာခံကို စတင်ကျင်းပသည်။ ထိုအစည်းအဝေးတွင် ပြည်ထောင်စုပါတီအမတ် ၁၅၉ ဦး၊ တည်မြဲ ဖဆပလ အမတ် ၄၁ဦး၊ ရတည အမတ် ၆ဦး၊ မွန်ပြည်သူ့ညီညွတ်ရေး တပ်ပေါင်းစုအဖွဲ့ အမတ် ၃ဦး၊ ရှမ်းအမတ် ၂၃ ဦးနှင့် ကယားအမတ် ၂ ဦး စုစုပေါင်း ၂၃၄ ဦး တက်ရောက်ကြသည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော် သမ္မတကြီး၏ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော လွှတ်တော် ယာယီသဘာပတိ ဦးမြ၏ ရှေ့မှော က်တွင် ပြည်သူ့လွှတ်တော် အမတ် များ ကျမ်းသစ္စာကျိန်ဆို လက်မှတ်ရေး ထိုးခဲ့ကြသည်။

၁၉၆၀ ဧပြီ ၂၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ညီလာခံအစည်းအဝေးကို ဆက်လက် ကျင်းပသော အခါ ပြည်သူ့လွှတ်တော် တွင် ဝန်ကြီးချုပ် ရာထူးအတွက် အမတ်တစ်ဦး၏ အမည် တင်သွင်းရန် ကြေညာသည်။ ထိုအခါ ဦးနုအား ပြိုင်ဘက်မရှိတင်သွင်းကြသည်။

ဧပြီ ၄၊ ပြည်သူ့လွှတ်တော် ညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် အ ဖြစ် ဦးနုကို (ပြိုင်ဘက်မရှိ) ရွေးကောက်တင်မြှောက်လိုက်ကြောင်း ကြေညာသည်။ ထိုနေ့တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော အိမ်စောင့်အစိုးရက ဝန်ကြီးချုပ် ဦးနု ဦးဆောင်သော အစိုးရအဖွဲ့သစ်သို့ အာဏာလွှဲပြောင်းပေးသည်။

အောက်တိုဘာ ၁၊ တရုတ် - မြန်မာ နယ်စပ်ကိစ္စသဘောတူစာချုပ်ကို

ပီကင်းမြို့၌ လက်မှတ်ရေး ထိုးသည်။

၁၉၆၁ မတ် ၁၄၊ ပြည်ထောင်စုပါတီ (ပထစ) ဥက္ကဋ္ဌရာထူးမှ ဝန်ကြီးချုပ် ဦးနု နုတ်ထွက်သည်။

မတ် ၁၅၊ ဦးနု နုတ်ထွက်စာကြောင့် ပထစ အဖွဲ့ချုပ် ဗဟိုအလုပ်အမှု ဆောင် အဖွဲ့ ဝင်များ ၏ အရေး ပေါ် အစည်းအဝေးကို ညနေ ၅ နာရီတွင် ကျင်းပသည်။ ထိုအစည်းအဝေး၌ ပထစ နိုင်ငံလုံးဆိုင်ရာ ညီလာခံပြီးစီးသည့်အထိ ဦးနုအား ဥက္ကဋ္ဌအ ဖြစ်မှ နုတ်ထွက်ခြင်းမပြုဘဲ ကျန်အမှု ဆောင်များ အားလုံးနုတ်ထွက်ကြရန်နှင့် ဥက္ကဋ္ဌက သဘော ကျကျေနပ်သော ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ကိုရွေးချယ်ခန့်ထား၍ ပထစ တာဝန်ကို ဆက်လက်ယူသွားရန်ဟူ၍ သဘောတူချက်ရရှိခဲ့သည်။

မတ် ၁၇၊ ပထစ အဖွဲ့ချုပ် အလုပ်အမှု ဆောင်တစ်ဖွဲ့လုံး နုတ်ထွက်သော အဖွဲ့ဝင် ၂၄ ဦးလက်မှတ်ရေး ထိုးထားသည့်စာကို သခင်တင် ကိုယ်တိုင် ဥက္ကဋ္ဌ ဦးနုလက်သို ပေးအပ်ခဲ့သည်။

ဧပြီ ၄၊ ပထစ ထိန်းသိမ်းရေး အဖွဲ့ ဥက္ကဋ္ဌ ဦးနုသည် ပထစ ပြန်လည်စည်းရုံးရေး ကိစ္စနှင့် ပတ်သက်၍ ထိန်းသိမ်းရေး အဖွဲ့ဝင်များ နှင့် ပထစအဖွဲ့ချုပ် ဗဟိုအလုပ် အမှု ဆောင်ဟောင်းများ ကို ဝင်ဒမီယာရှိ ဝန်ကြီးချုပ်နေအိမ်သို့ ဖိတ်ကြားလျက် ဆွေးနွေးပွဲနှင့် ထမင်းလက်ဆုံစားပွဲ ကျင်းပသည်။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ကိစ္စများ အတွက် ရခိုင်နှင့် မွန် ပါလီမန်အမတ်များ ၊ ခေါင်းဆောင်များ နှင့် တွေ့ဆုံဆွေးနွေးသည်။

ဧပြီ ၁၈၊ ဝန်ကြီးချုပ် ဦးနု ကျိုင်းတုံမြို့သို့ ရောက်ရှိပြီး စစ်ဘက်နှင့် နယ်ဘက်တို့မှ အရာရှိကြီးများ ၊ နိုင်ငံရေး ခေါင်းဆောင်များ ၊ စော်ဘွားများ နှင့် တွေ့ဆုံဆွေးနွေးသည်။

၁၉၆၂ ဇန်ဝါရီ ၂၇၊ နိုင်လုံးဆိုင်ရာ ပထစ ညီလာခံကို စတင်ကျင်းပရာ ကိုယ်စားလှယ် ၇၂၂ ဦးတက်ရောက်သည်။ မတက်ရောက်သော ပုဂ္ဂိုလ်တို့တွင် ပထစ ခေါင်းဆောင် နှစ် ဦး ဖြစ်သည့် ဗိုလ်မှူးအောင်နှင့် ဦးဘစောတို့ ပါဝင်သည်။

ဖေဖော်ဝါရီ ၂၄၊ ပြည်သူ့လွှတ်ညီလာခံ ကျင်းပနေစဥ်အတွင်း ညနေ ၆နာရီတွင် ရန်ကုန်မြို့ပြည်လမ်း အသံလွှင့်ခန်းမဆောင်၌ ဖယ်ဒရယ်မူဆွေးနွေးပွဲကြီးကို စတင်ကျင်းပသည်။ ထိုဆွေးနွေး ပွဲတွင် ဝန်ကြီးချုပ် ဦးနုက သဘာပတိအ ဖြစ်ဆောင်ရွက်သည်။

မတ် ၁၊ ည ၆နာရီတွင် ဖက်ဒရယ်မူနှင့် ပတ်သက်သော လူမျိုးပေါင်းစုံ နှီးနှော ဖလှယ်ပွဲဒုတိယနေ့ အ ဖြစ် ပြန်လည်ကျင်းပရာ သဘာပတိဝန်ကြီးချုပ် ဦးနုက အမှာ စကားပြောကြားသည်။

မတ် ၂၊ ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော တပ်မတော် တပ်ဖွဲ့များ နိုင်ငံတော် အာဏာသိမ်းယူရေး အတွက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုအပါအဝင် ပထစအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ ၊ နိုင်ငံတော် သမ္မတ၊ တရားဝန်ကြီးချုပ်နှင့် ပြည်နယ် အကြီးအကဲများ ၊ စော်ဘွားများ စုစုပေါင်း(၅၃)ဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ (၇) ဦးကိုမူပြန်လွှတ်လိုက်သည်။ ထိန်းသိမ်းခံရသူများ မှာ -

(၁) သမ္မတ မန်းဝင်းမောင်

(၂) ဝန်ကြီးချုပ်ဦးနု

(၃) စဝ်ဝဏ္ဏ

(၄) စဝ်ခွန်ကြည်

(၅) စဝ်ခွန်ချို

(၆) သခင်တင်

(၇) ဦးစိန် (ကယား)

(၈) စဝ်ပြည့် (မိုးနဲစော်ဘွား)

(၉) စဝ်ဆိုင်းလုံ (ကျိုင်းတုံ)

(၁၀) ဦးသွင်

(၁၁) သခင်တင်မောင်

(၁၂) တရားဝန်ကြီးချုပ် ဦးမြင့်သိန်း

(၁၃) ဦးအေးမောင်

(၁၄) ဦးရာရှစ်

(၁၅) သမ္မတဟောင်း စဝ်ရွှေသိုက်

(၁၆) စဝ်နွဲ

(၁၇) စဝ်ရွှေမှုံ

(၁၈) စဝ်မိုးကျော်

(၁၉) စဝ်ထွန်းအေး

(၂၀) စဝ်ခွန်အောင်

(၂၁) စဝ်ခွန်ရီ

(၂၂) စဝ်ဝင်းကြည်

(၂၃) စဝ်ရွှေကြည်

(၂၄) စဝ်ကြည်

(၂၅) စဝ်ခွန်ကိုး

(၂၆) ဦးစံမြတ်

(၂၇) စဝ်အောင်ဖူး

(၂၈) ဦးချစ်

(၂၉) ဦးရီရောင်း

(၃၀) ဦးခွန်နော်

(၃၁) ဦးဖြူ

(၃၂) ဦးမြတ်ဖူး

(၃၃) ဦးကျော်စိန်

(၃၄) ဦးထွန်းမြင့်လေး

(၃၅) စဝ်ခွန်ညွန့်

(၃၆) စဝ်ကျော်ခေါင်

(၃၇) စဝ်ခွန်ထီး

(၃၈) ဦးတင်အောင်

(၃၉) ဦးသန်းတင်

(၄၀) ဦးကြာပု

(၄၁) ဦးချစ်ဦး

(၄၂) ဦးလွန်း

(၄၃) ဦးစိုးမောင်

(၄၄) အမ်ဇော်လ

(၄၅) စဝ်မန်လစ်

(၄၆) မိုလ်အောင်ထွန်း တို့ ဖြစ်သည်။

ပြန်လွှတ်လိုက်သူများ မှာ -

(၁) ဦးဘစော

(၂) စောလှထွန်း

(၃) ဦးဘမြိုင်

(၄) ဦးဇာရဲလှုံ

(၅) စဝ်ခွန်ကြည် (လူမျိုးစုံလွှတ်တော် နာယက)

(၆) မန်းဘဆိုင် (ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ)

(၇) စဝ်မန်ဖ တို့ ဖြစ်သည်။

အစိုးရအဖွဲ့ဝင်ပုဂ္ဂိုလ်တို့ကို ဖမ်းဆီးရာတွင် တပ်မတော် က နိုင်ငံတော် အာဏာကို သိမ်းယူလိုက်ပြီ ဖြစ်ကြောင်း ရှင်းပြ၍ ၎င်းတို့ အိမ်တွင် ထားရှိသော လက်နက်များ ကိုလည်း အပ်နှံစေခဲ့သည်။ တရားဝန်ကြီးချုပ် ဦးမြင့်သိန်းကို ဖမ်းဆီးစဉ်ကဖမ်းဝရမ်းတောင်းသဖြင့် ဖမ်းဆီးသည့် တပ်မတော် အရာရှိလည်းတွေ ဝေသွားပြီး တပ်ဖွဲ့များ ကိုအုပ်ချုပ်၍ လိုက်ပါလာခဲ့သော တပ်မှူးထံ သတင်းပို့ ခဲ့သည်။ တပ်မှူးလည်း ဦးမြင့်သိန်း၏ အိမ်သို့ လိုက်သွားပြီး တပ်မတော် က အာဏာသိမ်းခြင်း ဖြစ်ကြောင်း ပြောကြား၍ ဖမ်းဆီးခဲ့ရသည်ဟုဆိုသည်။

ဝန်ကြီးများ နေအိမ်တွင် လုံခြုံရေး တာဝန်ယူနေကြရသော ရဲအဖွဲ့ဝင်များ အား တပ်မတော် တပ်ဖွဲ့ဝင်များ ရောက်ရှိလာလျှင် ခုခံပစ်ခတ်ခြင်းမပြုရန် ကြိုတင်ညွှန်ကြားထားသော ကြောင့် ဝန်ကြီးများ ကို ဖမ်းဆီးရာတွင် အဆင်ပြေလွယ်ကူခဲ့သည်။ သို့သော် ရန်ကုန်မြို့ ကုက္ကိုင်းလမ်းနှင့် ဂွတ္တာလစ်လမ်းထောင့်တွင် နေထိုင်သော ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်၏ အိမ်သို့ တပ်မတော် သားများ ရောက်ရှိရာတွင် ကား ခုခံပစ်ခတ်မှု နှင့် ရင်ဆိုင်ခဲ့ရသည်။ တပ်မတော် သားများ သည် စဝ်ရွှေသိုက်၏ အိမ်သို့ ရောက်ရှိစဉ်က လုံခြုံရေး အစောင့်များ အား ရှမ်းဘာသာဖြင့် ခုခံခြင်းမပြုရန် အော်၍ ပြောသေးသည်။ သို့သော် အစောင့်များ ကစတင်ပစ်ခတ်သဖြင့်

တပ်မတော် က ပြန်လည်ပစ်ခတ်ရာတွင် အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ စဝ်ရွှေသိုက်၏ သားငယ် အသက် ၁၇နှစ် အရွယ်ရှိ စဝ်မိမိသိုက်ခေါ် စဝ်ဆေးဟုန်ဖမှာ ဦးခေါင်းနှင့် ခြေထောက်တွင် ကျည်ဆန်ထိမှန်၍ သေဆုံးသွားခဲ့ရသည်။ စဝ်မိမိသိုက် သေဆုံးမှု နှင့် ပတ်သက်၍ စဝ်မီမီသိုက်၏ အစ်ကို စဝ်ဆန် (ယူဂျင်းသိုက်)က ရန်ကင်းရဲဌာနတွင် တိုင်တန်းသည်။ ၁၉၆၂၊ မတ် ၂၊ နံနက် ၂နာရီခန့်တွင် အမျိုးအမည် မသိသော ယူနီဖောင်းဝတ်ထားသူများ က အိမ်အတွင်း ःသို့ ဝင်ရောက်လာကာသေနတ်ဖြင့် ပစ်ခတ်သော ကြောင့် မိမိ၏ ညီ စဝ်မီမီသိုက်ခေါ် စဝ်ဆေးဟုန်ဖကို ထိမှန်သေဆုံး သွားကြောင်း တိုင်ကြားခဲ့ခြင်း ဖြစ်သည်။ ရန်ကင်းရဲဌာနမှ လူသတ်မှု ပုဒ်မ ၃၀၂ အရ အမှု ဖွင့်ပေးခဲ့သည်။ တပ်မတော် ကမူ စဝ်မီမီသိုက် သေဆုံးခဲ့ရခြင်းအတွက် စာနာထောက်ထားမှု ရှိကြောင်းပြသပြီး တော် လှန်ရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း စဝ်မီမီသိုက် ကွယ်လွန်အနိစ္စရောက်ခြင်းကို တော် လှန်ရေး ကောင်စီဝင်များ ကအထူးဝမ်းနည်းကြေကွဲမိကြောင်း ဖော်ပြထားသည့် သဝဏ်လွှာကို ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် မဟာဒေဝီတို့ ထံ ပေးပို့ ခဲ့သည်။ ဝမ်းနည်းသဝဏ်လွှာကို ဗိုလ်မှူးကြီးစောမြင့်(မှူးသမိန်)အားပေးပို့ စေခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က မဟာဒေဝီ စဝ်ဟိန်ခမ်းမှာ အင်္ဂလန်သို့ ရောက်နေသဖြင့် ဗိုလ်မှူးကြီး စောမြင့်က ဝမ်းနည်းသဝဏ်လွှာကို စဝ်ရွှေသိုက်၏ သားအကြီးဆုံး ဖြစ်သူ စဝ်ဆိုင်အုံ၏ လက်သို ပေးအပ်ခဲ့ရသည်။ ၁၉၆၄၊ မတ် ၄နေ့တွင် ကျင်းပသည့်ဈာပန အခမ်းအနားသို့လည်း တော် လှန်ရေး ကောင်စီက လွမ်းသူပန်းခွေ ပေးပို့ ခဲ့သည်။

တော် လှန်ရေး ကောင်စီမှ အာဏာသိမ်းရာတွင် အဖမ်းမခံရသော ပုဂ္ဂိုလ်နှစ် ဦးမှာ ငပလီသို့ ရောက်နေသော ဗိုလ်မှူးအောင်နှင့် သမ္မတအ ဖြစ် ရွေးချယ်ရန် လျာထားပြီး ဖြစ်သော ဆမားဒူဝါ ဆင်ဝါနောင်တို့ ဖြစ်ကြသည်။ ထိုစဉ် ဆမားဒူဝါဆင်ဝါနောင်မှာ မြစ်ကြီးနားခရိုင်အတွင်း ःရှိ ၄င်း၏ ဘိုးဘွားမိဘများ အစဉ်အဆက်နေထိုင်ခဲ့သော ရွာသို့ ရောက်ရှိနေသည်ဟုဆိုသည်။ - တော် လှန်ရေး ကောင်စီသည် ကြေညာချက်အမှတ် ၁ ကို ထုတ်ပြန်၍ တော် လှန် ရေး ကောင်စီကို အောက်ပါအတိုင်း

ဖွဲ့စည်းလိုက်ကြောင်းကြေညာသည်။

တော်လှန်ရေး ကောင်စီအဖွဲ့ဝင်များ မှာ - -

(၁) ဗိုလ်ချုပ်ကြီးနေဝင်း - ဥက္ကဋ္ဌ

(၂) ဗိုလ်မှူးချုပ်အောင်ကြီး - အဖွဲ့ဝင်

(၃) ဗိုလ်မှူးချုပ်သန်းဖေ -။

(၄) ဗိုလ်မှူးချုပ်တီကလစ် -။

(၅) ဗိုလ်မှူးချုပ်တင်ဖေ -။

(၆) ဗိုလ်မှူးချုပ်စန်းယု - အဖွဲ့ဝင်

(၇) ဗိုလ်မှူးချုပ်စိန်ဝင်း -။

(၈) ဗိုလ်မှူးကြီးသော င်းကြည်-။

(၉) ဗိုလ်မှူးကြီးကြည်မောင်-။

(၁၀) ဗိုလ်မှူးကြီးမောင်ရွှေ -။

(၁၁) ဗိုလ်မှူးကြီးသန်းစိန် -။

(၁၂) ဗိုလ်မှူးကြီးကျော်စိုး -။

(၁၃) ဗိုလ်မှူးကြီးစောမြင့် -။

(၁၄) ဗိုလ်မှူးကြီးချစ်မြိုင် -။

(၁၅) ဗိုလ်မှူးကြီးခင်ညို -။

(၁၆) ဗိုလ်မှူးကြီးလှဟန် -။

(၁၇) ဗိုလ်မှူးကြီးတန်ယုဆိုင် -

- တော်လှန်ရေး ကောင်စီသည် ကြေညာချက် အမှတ် ၂ ကို ထုတ်ပြန်၍ အုပ်ချုပ်ရေး အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ ယင်းတို့မှာ -

(၁) ဗိုလ်ချုပ်ကြီးနေဝင်း - တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဝန်ကြီးဌာနဝန်ကြီး၊ဘဏ္ဍာရေး နှင့် အခွန်တော် ဝန်ကြီးဌာန၊ တရားရေး ဝန်ကြီးဌာန။

(၂) ဗိုလ်မှူးချုပ်အောင်ကြီး - ကုန်သွယ်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စက်မှု လက်မှု ဝန်ကြီးဌာန။

(၃) ဗိုလ်မှူးချုပ်တင်ဖေ - လယ်ယာ စိုက်ပျိုးရေး နှင့် သစ်တောရေး ဝန်ကြီးဌာန၊ သမဝါယမ နှင့် ကုန်စည်ဖြန့်ဖြူးရေး ဝန်ကြီးဌာန။

(၄) ဗိုလ်မှူးချုပ်သန်းဖေ - ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန။

(၅) ဦးသီဟန် - နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ အိမ်ယာဆောက်လုပ်ရေး ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။

(၆) ဗိုလ်မှူးကြီးကျော်စိုး - ပြည်ထဲရေး ဝန်ကြီးဌာန၊ လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာန။

(၇) ဗိုလ်မှူးကြီးစောမြင့် - ပြန်ကြားရေး ဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန။

(၈) ဒုတိယဗိုလ်မှူးကြီးဘနီ - လမ်းပန်း ဆက်သွယ်ဝန်ကြီးဌာန။

ကြေညာချက်တွင် ဖော်ပြမထားသော ဝန်ကြီးဌာနများ နှင့် ပတ်သက်၍ မည်သည့်ဝန်ကြီးဌာနကပူးပေါင်းတာဝန်ယူ ဆောင်ရွက်သွားမည် ကို ထပ်မံကြေညာ ဖြစ်ကြောင်း ထုတ်ပြန်သည်။ - မင်္ဂလာဒုံတွင် ဖမ်းဆီးထားသော ပုဂ္ဂိုလ်များ အနက် သမ္မတမန်းဝင်းမောင်၊ ဝန်ကြီးချုပ် ဦးနု၊တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ဝန်ကြီး သခင်တင်၊စဝ် ခွန်ချို၊ ဦးရာရှစ်နှင့် စဝ်ဝဏ္ဏတို့ကို သီးခြားခွဲ၍ အစောင့်အကြပ်ထူထပ်စွာ ချထားခဲ့သည်။ ကျန်ပုဂ္ဂိုလ်များ ကို နှစ်စုခွဲ၍ ရန်ကြီးအောင် ရပ်ရှင်အနီးရှိ လေ့ကျင့်ရေး တပ် (၁၉၈၈ အထိ ဗဟိုနိုင်ငံရေး တက္ကသိုလ်အ ဖြစ် အသုံးပြုခဲ့သည့်ဌာန၊ ယခု တပ်မတော် ဆေးရုံကြီး၏

တိုးချဲ့အဆောက်အအုံ)တွင် ထိန်းသိမ်းထားခဲ့သည် ။

၁၉၆၆ အောက်တိုဘာ ၂၇၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနု မင်္ဂလာဒုံ ရေကြည်အိုင်စခန်း၌ ၄ နှစ် နှင့် ၇ လကြာ အထိန်းသိမ်းခံရခြင်းမှ ပြန်လည်လွတ်မြောက်သည်။

၁၉၆၈ နိုဝင်ဘာ ၂၉၊ ဦးနု သည် တော်လှန်ရေး ကောင်စီမှကြေညာချက်အမှတ် ၇၂ ဖြင့် ဖွဲ့စည်းခဲ့သော နိုင်ငံတော် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ (အကြံပေး ၃၃ ဦးအဖွဲ့)တွင် အဖွဲ့ဝင်အ ဖြစ်ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ဧပြီ ၁၁၊ ဦးနုနှင့် ဇနီးဒေါ်မရီတို့ အိန္ဒိယနိုင်ငံဗုဒ္ဓဂါယာသို့ ဘုရားဖူးရန် မြန်မာနိုင်ငံမှ ထွက်ခွာသည်။

၁၉၈၀ ဇူလိုင် ၂၉၊ (၂၈-၅-၈၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတော် ကောင်စီနှင့် အာဏာပိုင် အဖွဲ့အစည်းများ ကိုယ်စား နိုင်ငံတော် သမ္မတ၏ ဖိတ်ကြား မေတ္တာရပ်ခံခဲ့သည်ကို တုံ့ပြန်သော အားဖြင့် လည်းကောင်း၊ ပြည်တွင်းပြည်ပ သာသနာရေး လုပ်ငန်းများ ကို အားသွန်ခွန်စိုက် ဆောင်ရွက်ရန်လည်းကောင်း ဦးနုနှင့် ဇနီးဒေါ်မြရီ တို့ ရန်ကုန်မြို့သို့ ညနေ ၃ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ဩဂုတ် ၁၁၊ ရန်ကုန်မြို့ အလုံလမ်း နိုင်ငံတော် သမ္မတအိမ်တော် ၌ လမ်းစဉ်ပါတီဥက္ကဋ္ဌနှင့် သမ္မတဦးနေဝင်းသည် လွတ်လပ်ရေး နှင့် တော်လှန်ရေး လုပ်ဖော်ကိုင်ဖက်များ မိတ်ဆုံ နေ့လယ်စာစားပွဲကိုကျင်းပခဲ့ရာ ယင်းမိတ်ဆုံစားပွဲသို့ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနု တက်ရောက်သည်။ အဆိုပါ မိတ်ဆုံစားပွဲသို့ ဦးနုနှင့် အတူ ဦးဗဆွေ၊ဦးကျော်ငြိမ်း၊ သခင်တင်၊ ဗိုလ်ခင်မောင်ကလေး၊သခင်ချစ်မောင်(ဝိဇ္ဇာ)၊ ဗိုလ်မင်းအောင် အမှူးပြုသော ရဲဘော်သုံးကျိပ်ဝင်များ ၊ အငြိမ်းစားဗိုလ်မှူး ချုပ်မောင်မောင်၊ အငြိမ်းစားဗိုလ်မှူးချုပ်အောင်ရွှေ၊သခင်စိုး၊ သခင်တင်မြ၊ ဒေါ်စောမြ၊ ဗိုလ်ထိန်လင်း၊ ဒေါ်နှင်းဆီ၊ ဗိုလ်သက်ထွန်း၊ မန်းဘဆိုင်၊ စောစံဖိုးသင်၊ ဆရာသာထို၊ ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုး၊ စောလယ်ဒါ၊ လမ်းစဉ်ပါတီ အထွေထွေအတွင်းရေး မှူး ဦးစန်းယု၊ နိုင်ငံတော်

ကောင်စီဝင်များ၊ ဝန်ကြီးချုပ် ဦးမောင်မောင်ခ အမှူးပြုသော ဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး သူရကျော်ထင်နှင့် တပ်မတော် အရာရှိကြီးများ နှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၁၉၈၁ ဇန်နဝါရီ ၄၊ မြန်မာ့သမိုင်း၌ ခေတ်အဆက်ဆက်တွင် နိုင်ငံတော် အကျိုးအတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ အနက် သက်ရှိထင်ရှားရှိကြသေးသော ပုဂ္ဂိုလ်များ ကို ဂုဏ်ပြုချီးမြှင့်ရန်အတွက် နိုင်ငံတော် ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ(ဃ)အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ကို တီထွင်ပြဋ္ဌာန်းကာ နိုင်ငံတော် ကောင်စီ အမိန့် ကြော်ငြာစာ အမှတ် ၅၁/၈၀ အရ ဦးနုအား နိုင်ငံ့ဂုဏ်ရည် (ပထမအဆင့်) ချီးမြှင့်ခဲ့သည်။

၁၉၈၈ ဩဂုတ် ၂၉၊ နာယကကြီး ဦးနု ဦးစီးခေါင်းဆောင်သော "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့ချုပ်" (League for Democracy and Peace) ကို စတင်တည်ထောင် သည်။

စက်တင်ဘာ ၉၊ ဗိုလ်ချုပ်ကြီးနေဝင်း လက်ရုံးရည်ဖြင့် အကြမ်းဖက် သိမ်းယူသွားခဲ့သော နိုင်ငံတော် အာဏာကို ဦးနုက နှလုံးရည်ဖြင့် ပြန်လည် ရယူသော အားဖြင့် စင်ပြိုင်အစိုးရကို ဖွဲ့စည်းလိုက်ပြီဟု ဝန်ကြီးစာရင်းတင်ပြ၍ ကြေညာခဲ့သည်။

၁၉၈၉ ဒီဇင်ဘာ ၂၂၊ ဒီမိုကရစီ နှင့် ငြိမ်းချမ်း ရေး အဖွဲ့ ချုပ်(ဒီ/ငြိမ်း) ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ အစည်းအဝေးကျင်းပကာ တရားဝင်(စင်ပြိုင်)အစိုးရ ဖျက်သိမ်းပေး ရန်ကိစ္စနှင့် ပတ်သက်၍ နာယကကြီး ဦးနုက အောက်ပါအတိုင်း ဗိုလ်ချုပ်ကြီးစောမောင် (နောင်ဗိုလ်ချုပ်မှူးကြီး)ထံသို့ ပြန်ကြားခဲ့သည်။ ပြန်ကြားစာတွင် - "ဗိုလ်ချုပ်ကြီး စောမောင်ထံသို့ ဦး စာရေး လိုက်ပါသည်။ (၁၇-၁၁-၈၉)နေ့ ညက ရုပ်မြင်သံကြားမှ အာဏာပိုင်အဖွဲ့က ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အဖွဲ့နှင့် သက်ဆိုင်သော အကြောင်း အရာများ ပြောသည်ကို ဦး တစ်ဆင့်ကြားသိရပါသည်။ ထိုပြောကြားချက်များ တွင် အရေး ကြီးအချက် (၃)ချက် ပါပါသည်။

(၁) ၉-၉-၈၈ ရက်နေ့တွင် ဦး ဖွဲ့စည်းလိုက်သော အစိုးရအဖွဲ့သစ်ကို ဦးက ဖျက်သိမ်းရန်၊

(၂) ထိုအစိုးရအဖွဲ့သစ်တွင် ပါဝင်သော ဝန်ကြီးများ သည် ထိုအစိုးရအဖွဲ့သစ်မှ နုတ်ထွက်ပြီးပြီဟုကြေညာပေးရန်၊

(၃) ဥက္ကဋ္ဌ ဗိုလ်မှူးအောင်သည် အိန္ဒိယဝန်ကြီးချုပ်ထံသို့ ငွေနှင့် လက်နက် အကူအညီပေးရန် စာရေး ၍ တောင်းဆိုခြင်းမှာ ဒီ/ငြိမ်းနှင့် မည် သို့ မှုမဆိုင်။ ဗိုလ်မှူးအောင်သည် သူတစ်ဦးတည်း သဘောဖြင့် သာ တောင်းဆိုခြင်း ဖြစ်သည်ဟု ဒီ/ငြိမ်း အဖွဲ့ချုပ်က ကြေညာပေးရန်ဆိုသည့်အချက်သုံးချက်ပင် ဖြစ်ပါသည်။

ကျန်သုံးချက်အနက် ပထမအချက်သည် ဦးနှင့် သက်ဆိုင်သော အချက် ဖြစ်နေ၍ ဦး ပြန်ကြားလိုပါသည်။ ဦး တင်ပြမှု ကို ဗိုလ်ချုပ်ကြီးတို့ လက်ခံသည်ဆိုလျှင် ဦး ဖွဲ့စည်းထားသော အစိုးရအဖွဲ့သစ်ကို အချိန်မရွေးဖျက်သိမ်းပေးရန် ဦး သဘော တူနိုင်ပါသည်။ဗိုလ်ချုပ်ကြီးနေဝင်းသည် စစ်ဦးစီးချုပ်အနေဖြင့် ခံယူထားသော သစ္စာကို ရိုသေသော သူ ဖြစ်ပါလျှင် (၂-၃-၆၂)ရက်နေ့တွင် ဖြစ်စေ၊ နှစ် ရက် သုံးရက် ကြိုတင်၍ ဖြစ်စေ တိုင်းပြည်အခြေအနေကို ဦးအားတင်ပြရန် တာဝန်ဝတ္တရား ရှိပါသည်။ ထို နောက်တိုင်းပြည်အခြေအနေကို ဘယ်လိုဖြေရှင်းသင့်သည်ဟူ၍ သူ၏ အကြံဉာဏ်များ ကို ပေးသင့်ပါသည်။ နောက်ဆုံးတွင် ဝန်ကြီးချုပ်ပေးသည့်အမိန့်အတိုင်း သူဆောင်ရွက်ရပါမည် ။ ဦးနှင့် သူနှင့် သဘောထားကွဲလွဲနေလျှင် သူ စောင့်ထိန်းထားသော သစ္စာကို ရိုသေသော အားဖြင့် သူ့အနေဖြင့် ရာထူးမှ နုတ်ထွက်ရပါမည် ။ ယခုမူကား ဤသို့မဟုတ်ဘဲ သူ့သဘောနှင့် သူ လိမ်လည်ထားသော အကြောင်းတစ်ခုကိုပြ၍ အာဏာသိမ်းလိုက်သည်။ ထိုပြသော အကြောင်းမှာ လည်း မမှန်ကန်သော ၊ တိုင်းသူပြည်သားများ ကို လိမ်လည် လှည့်ဖြားထားသော အကြောင်းကြီး ဖြစ် ကြောင်းတစ်နိုင်ငံလုံးက သိနေပါပြီ။ သို့ ဖြစ်ရကား မူလဘူတ မှာ းယွင်းခဲ့သော ဗိုလ်ချုပ်နေဝင်းက သူ၏ အမှာ းကို ဝန်မခံဘဲ ဦးက ဝန်ခံ ရမည် ဟူသော အလုပ်မျိုး ဖြစ်နေပါသဖြင့် ဤသို့တစ်ဖက်သတ် ဖြစ်နေသော အလုပ်မျိုးကို ဦးသည်ဘယ်နည်းနှင့် မျှလုပ်လိမ့်မည် မဟုတ် ဟူ၍ ဗိုလ်ချုပ်ကြီးတို့ အား ဦး

သိစေလိုက်ပါသည်။ (၂-၃-၆၂)ရက်နေ့က ဝန်ကြီးချုပ် လက်ထဲမှအာဏာကို သိမ်းယူလိုက်ခြင်းအတွက် သူ မှား ပါသည်။ ဤသို့ပြုလုပ်ခြင်းအတွက် ဝမ်းနည်းပါသည်။ နောက်နောင်တွင် ဤသို့သော အလုပ်မျိုး ကို ဘယ်နည်းနှင့် မျှမလုပ်တော့ပါ ဟု ဗိုလ်ချုပ်ကြီးနေဝင်းက စာတစ်စောင်ထုတ်ပြန်လျှင် ဦးသည် (၉-၉-၈၈) ရက်နေ့က ဖွဲ့စည်းထားသော အစိုးရအဖွဲ့သစ်ကို ဖျက် သိမ်းပစ်လိုက်ပြီ ဟူ၍ ဗိုလ်ချုပ်ကြီးတို့ အလိုရှိသည့်အတိုင်းစာတစ်စောင် ထုတ်ပြန်ပေးပါမည် ။

ဗိုလ်နေဝင်းက ဦး အဆိုပြုသည့်အတိုင်းမဟုတ်ပြန်လျှင် ဦးကို ဖြတ်လိုဖြတ်၊ သတ်လိုကသတ်၊ တစ်သက်တစ်ကျွန်းချလိုချ၊ ဗိုလ်ချုပ်ကြီးတို့ ကြိုက်သလိုလုပ်ပါ။ ဦး ဖွဲ့စည်းထားသော အစိုးရသစ်ကို ဘယ်နည်းနှင့် မျှ ဦး ဖျက်မည် မဟုတ်ပါ။ ဦး မဖြို၊ နည်းနည်း ကလေးမှ မဖြိုမယုံလျှင်စမ်းကြည့်ပါ"ဟု ရေး သားဖော်ပြထားသည်။

၁၉၈၉ ဒီဇင်ဘာ ၂၅၊ ဗိုလ်ချုပ်ကြီးစောမောင်ထံ ပေးစာနှင့် ပတ်သက်၍ ဦးနုသည် သတင်းစာရှင်းလင်းပွဲပြုလုပ်သည်။

ဒီဇင်ဘာ ၂၉၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့(နဝတ)က ဦးနု ဦးဆောင်သော စင်ပြိုင်အစိုးရအဖွဲ့ကို ဖျက်သိမ်းပေးရန်တောင်းဆိုသည်ကို ငြင်းပယ်သဖြင့် ဦးနုအား ပုဒ်မ ၁၀(ခ)ဖြင့် နေအိမ်တွင် တားဆီးထိန်းသိမ်းလိုက်သည်။

၁၉၉၂ ဧပြီ ၂၆၊ နဝတအစိုးရ ဦးနုအား နေအိမ်တွင် တားဆီးထိန်းသိမ်းထားရာမှ ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

၁၉၉၃ ဖေဖော်ဝါရီ ၇၊ ဆဋ္ဌသင်္ဂါယနာပဓာနသာသနာ့ဒါယကာကြီးနှင့် နိုင်ငံတော် ဝန်ကြီးချုပ်(ငြိမ်း) ဦးနု၏ ဇနီးဒေါ်မြရီ (၁၉၁၀-၁၉၉၃) ၈၃ နှစ် သည် အမှတ် ၄၂၊ ပြည် ထောင်စုလမ်းသွယ်၊ ဆရာစံလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ နေအိမ်၌ လူကြီး ရောဂါ ဖြင့် ကွယ်လွန်သည်။


၁၉၉၅ ဖေဖော်ဝါရီ ၁၄၊ ဆဋ္ဌသင်္ဂါယနာပဓာနသာသနာ့ဒါယကာကြီး၊ နိုင်ငံတော် ဝန်ကြီးချုပ်(ငြိမ်း)နှင့် စာရေး ဆရာကြီး ဦးနု (၁၉၀၇-၁၉၉၅) အသက် ၈၈နှစ် တွင် အမှတ် ၄၂၊

ပြည်ထောင်စုလမ်းသွယ်၊ ဆရာစံလမ်းမကြီး၊



ဦးနု၏ ကြွင်းကျန်သော ရုပ်ကလာပ်ကို ဇနီး ဖြစ်သူ ဒေါ်မြရီအုတ်ဂူနှင့် ယှဉ်တွဲ ၍ သင်္ဂြိုဟ်ထားစဉ်။

ဗဟန်းမြို့နယ်၊ ရန်ကုန် မြို့နေအိမ်တွင် လူကြီး ရောဂါ ဖြင့် ကွယ်လွန်သည်။ ကြွင်းကျန်သော ရုပ်ကလာပ်ကို ကြံတောသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်သည်။ (ယခုအခါ ၃၁-၁၂-၉၆) ရက်နေ့ တွင် ကြံတောသုသာန် ဖျက်သိမ်းလိုက်သဖြင့် မောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်သို့ ပြောင်းရွှေ့၍ ဇနီး ဖြစ်သူ ဒေါ်မြရီ၏ အုတ်ဂူနှင့် ယှဉ်တွဲ ၍ သင်္ဂြိုဟ်ထားသည်။


ဦးပွား + ဒေါ်မေ
ဦးရွှေကုန်း + ဒေါ်ကြို
ဦးစံလွန်း + ဒေါ်စောခင်
ဦးဘ + ဒေါ်သိန်းတင်
ဦးအောင်ငြိမ်း + ဒေါ်ညီမ
ဦးနု + ဒေါ်မြရီ
ဦးမောင်ဥ (သခင်ဥ) + ဒေါ်စောသင်
(၁) သားကြီး (၃ လ၌ကွယ်လွန်)
(၂) စန်းစန်းနု + (ဗိုလ်ကြီးသက်တင်)
(၃) သားလတ် (ငယ်စဉ်ကကွယ်လွန်)
(၄) ဒုတိယသမီး (၈ လ၌ကွယ်လွန်)
(၅) အောင်စိုးမြင့် + မမြမြအေး
(၆) ကိုသောင်းထိုက် + မမေသစင်ထိုက်
(၇) ကိုအောင် + မခင်စမ်းနွဲ့
(၈) မသန်းသန်းနု + ကိုအောင်ငြိမ်း
(၁) မောင်မော်
(၂) မောင်စော်
(၃) မောင်အောင်ကျော်စံ
(၁) မောင်မောင် (ခ) ဗိုလ်မှူးသီဟ + ဒေါ်ရီ
(၂) မတင်ဦး
(၃) မခင်စု (ခင်နှင်းယု) + ဗိုလ်မှူးကျော်သောင်း
(၄) ကိုလှမောင်
(၅) မကြွယ် + ပန်းချီဦးဘလှလေး
(၆) မနုနု + ဗိုလ်မှူးကြည်ဆွေ

ဦးနု၏ ဆွေစဉ်မျိုးဆက်ဇယား

# (၃)

မေတ္တာစေတနာရှင်

ဖေဖေက တက္ကသိုလ်ကျောင်းသား ဘ၀ကတည်းက စာရေး ၀ါသနာပါခဲ့ပါတယ်။ အထူးသဖြင့် ပြဇာတ်ရေး လိုစိတ် ပြင်းပြခဲ့ပါတယ်။ အစပိုင်းမှာ ဖေဖေ ကြိုးစားရေး ခဲ့တဲ့ ပြဇာတ် တွေ ဟာ သက်ဝင်လှုပ်ရှားမှု မရှိခဲ့ပေမယ့် ဖေဖေဟာ တစ်ချိန်မှာ စာဖတ်ပရိသတ် လက်ခံတဲ့ပြဇာတ်တွေ ၊ နိုင်ငံရေး ၊ ဘာသာရေး စာအုပ် အများ အပြားနဲ့ဝတ္ထုစာအုပ် အမြောက်အမြား ရေး သားနိုင်ခဲ့တဲ့အတွက် ဖေဖေဟာ စာရေး ဆရာ တစ်ယောက် အ ဖြစ် အောင်မြင်စွာ ရပ်တည် နိုင်ခဲ့ပါတယ်။

ဖေဖေဟာ အသက်(၂၂)နှစ် အရွယ်ကတည်းက ပန်းတနော် အမျိုးသားအထက်တန်း ကျောင်းမှာ ကျောင်းအုပ်ကြီးအ ဖြစ် တာ၀န်ယူခဲ့ရသူ ဖြစ်ပါတယ်။ ဖေဖေအဲဒီ လို တာ၀န်ယူနေချိန်မှာ အစိုးရပညာဝန်ထောက်တစ်ဦး ကျောင်းစစ်ဆေးဖို့ ရောက်သွားခဲ့ပြီး ဆရာအတတ်သင်ကောလိပ်ကျောင်းဆင်း မဟုတ်သေးတဲ့ ဆရာတွေ သင်တန်းတက်ကြဖို့ အကြံပြုမှာ ကြား သွားပါတယ်။ ဆရာတွေ ထဲမှာ အဆင့်အမြင့်ဆုံး ဖြစ်တဲ့ ဆရာ ဖြစ်ဒီပလိုမာ ရရှိထားပေမယ့် စိတ်ပျက်ဖို့ကောင်းလောက်အောင် အရည် အချင်းမရှိတဲ့ ဆရာတစ်ဦးကို ဖေဖေ တွေ ရှိခဲ့ရပါတယ်။ဒီလို ဆရာမျိုးကို ကျောင်းအုပ်ချုပ်ရေး ပိုင်းကရော လုပ်ဖော်ကိုင်ဖက် ဆရာတွေ ကပါ ဆယ်နှစ် ဆယ်မိုး လျစ်လျူရှုနိုင်ခဲ့ပေမယ့် ဖျင်းလည်းဖျင်း၊ ပျင်းလည်းပျင်းတဲ့ ဆရာတစ်ဦးကြောင့် ကျောင်းသူ ကျောင်းသားတွေ ထိခိုက်နစ်နာမယ့် အရေး ကို ဖေဖေ့အနေနဲ့ လျစ်လျူရှုပြီး မနေနိုင်ခဲ့ပါဘူး ဒါ့ကြောင့် နှစ် ပတ်လည် အစီရင်ခံစာရေး တဲ့အခါမှာ ဆရာအတတ်သင် ကောလိပ်ကျောင်းဆင်းရုံနဲ့ အရည်အချင်းပြည့်ဝတဲ့ ဆရာကောင်းမ ဖြစ်နိုင်ဘူးလို့ ဖေဖေက မှတ်ချက်ရေး သားခဲ့ပါတယ်။ ဆရာကောင်းဆိုတာ တပည့် တွေ နဲ့ အမြဲတစေ အပြန်အလှန် ဆက်ဆံမှု ရှိရမယ်။ တပည့်တွေ အပေါ် နားလည်မှု ရှိရမယ်ဆိုတာ ဖေဖေ ကောင်းကောင်းသဘောပေါက်ခဲ့တာကြောင့် ဖေဖေဟာ ဆရာတစ်ဦးအ ဖြစ်လည်း အသိအမှတ်ပြုခံခဲ့ရသူ ဖြစ်ပါတယ်။

၁၉၂၆ ခုနှစ် က တက္ကသိုလ် ဥပစာတန်း စာမေးပွဲကျပြီးချိန်ကစပြီး ဖေဖေဘာသာရေး မှာ စိတ်ဝင်စားမှု ရှိလာပါတယ်။ ဖေဖေ စာမေးပွဲဖြေတဲ့အခါ ဆရာက ပုံစံပြသင်ကြားထားတာ တွေ ကိုမရေး ဘဲ ကိုယ်ပိုင်ထင်မြင်ယူဆချက်တွေ ကိုသာ ရေး ဖြေလေ့ရှိတာကြောင့် လည်း စာမေး ပွဲကျတာ ပါပါတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာ တော့ဖေဖေက သူ စာမေးပွဲကျရခြင်းဟာ အရက်သောက်တတ်လို့သာ ဖြစ်တယ်လို့ လေးလေးနက်နက် ခံယူခဲ့ပါတယ်။အဲဒီ အချိန်ကစပြီး ဖေဖေဟာ ကုသိုလ်၊ အကုသိုလ်ဆယ်မျိုး၊ဂေါတမမြတ်စွာ ရှင်တော် ဘုရားအ ဖြစ်သို့ ရောက်ရှိတော် မူပုံ၊ ပါရမီဆယ်ပါးအကြောင်း၊ ဝိပဿနာတရားစတဲ့ ဗုဒ္ဓတရားတော် တွေ ကို သိလိုစိတ်ပြင်းပြလာတာကြောင့် လက်လှမ်းမီသမျှ ဆရာတော် ၊ သံဃာတော် တွေ နဲ့ လူပညာရှင်များ ထံမှာ လေ့လာဆည်းပူးခဲ့ပါတယ်။ ဖေဖေဟာကိုယ် လေ့လာဆည်းပူး ကျင့်ကြံမိသမျှ ဗုဒ္ဓတရားတော် တွေ ကို မသိရှိသေးသူတွေ သိရှိသဘောပေါက်စေရေး အတွက် မြန်မာနိုင်ငံတွင် းမှာ သာမကဘဲ နိုင်ငံရပ်ခြား ဒေသအများ အပြားမှာ ပါ မျှဝေဟောပြောပြီး ဘာသာရေး စာအုပ် အများ အပြား ရေး သားထုတ်ဝေနိုင်ခဲ့တဲ့အတွက် ဖေဖေဟာ ဘာသာရေး သမားတစ်ဦးအ ဖြစ်လည်း လူအများ ရဲ့ လေးစားမှု ခံရပါတယ်။

အမေရိကန်စာရေး ဆရာကြီး DALE CARNAGIE ရဲ့ 'HOW TO WIN FRIENDS AND INFLUENCE PEOPLE' စာအုပ်ကို မိတ္တဗလင်္ကာ အမည် နဲ့ ဖေဖေ ဘာသာပြန်ဆိုစဉ်က နိုင်ငံရေး နဲ့ ပတ်သက်ပြီး "နိုင်ငံရေး သည် လူတိုင်း ညီတူညီမျှ အကျိုးခံစားရအောင်ပြုလုပ်ပေးခြင်းပင် ဖြစ်သည်" လို့ အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပါတယ်။ မူရင်းစာအုပ် တစ်အုပ်လုံးဖတ်ရှုပြီးချိန်မှာ "အများ အကျိုးဆောင် ကိုယ့်အကျိုးအောင်သည်"ဆိုတဲ့ နည်းကောင်း တစ်ခုထွက်ပေါ်လာတယ်လို့လည်း ဖေဖေကောက် ချက်ချခဲ့ပါတယ်။ ဖေဖေဟာ သူ့ ဘဝတစ်လျှောက်လုံးအများ အကျိုး ဆောင်နိုင်ဖို့ အခါအခွင့်သင့်တိုင်း ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးခဲ့သူ ဖြစ်တာကြောင့် နိုင်ငံရေး သမားတစ်ဦးအ ဖြစ်လည်း ချစ်ခင်ယုံကြည်ကိုးစားမှု ခံရသူ ဖြစ်ပါတယ်။

ဖေဖေဟာ အခုလို ဘက်စုံနေရာ အမျိုးမျိုးမှာ ကျရာ တာဝန်ကိုကျေပွန်အောင်

ထမ်းဆောင်နိုင်ခဲ့ပေမယ့် လောကီရေး ထက် လောကုတ္တရာရေး မှာ အားသန်သလို နိုင်ငံရေး ထက် အေးအေးဆေးဆေး တွေ းငေးပြီးစာရေး ရတဲ့ စာရေး ဆရာဘဝကို ခံမင်သူ ဖြစ်ပါတယ်။ လွတ်လပ်ရေး မရမီအချိန်ကနေ နောက်ဆုံး ကွယ်လွန်ချိန်အထိ ခေတ်အဆက်ဆက် ထောင်ချခံခဲ့ ရချိန်များ မှာ တောင် လောကီ လောကုတ္တရာ စာအုပ်စာပေ အများ အပြား ပြုစုရေး သားခဲ့ပါတယ်။ ဖေဖေ ရေး သားသမျှစာအုပ်တွေ မှာ ကိုယ်ကျင့် တရား အရေး ကြီးပုံကို ဦးစားပေး ရေး သားလေ့ရှိပါတယ်။

ဖေဖေဟာ ငယ်ရွယ်စဉ်က အလွန်အကျူး ဆိုးသွမ်းခဲ့သူ ဖြစ်ပါတယ်။ အသက် (၉)နှစ် အရွယ်ကစပြီး အရက်သောက်တတ်ခဲ့ပြီး၊ အသက် (၁၂)နှစ် အရွယ်မှာ လူကြီးတွေ နဲ့ အပြိုင်သောက်နိုင်တဲ့အထိ ဖြစ်လာခဲ့ပါတယ်။ အရက်သောက်ရုံမကဘဲ ဖေဖေ့ဇာတိ ဝါးခယ်မ တစ်မြို့လုံးက ဖေဖေ့ နာမည် ကြားတာနဲ့ ရွံမုန်းလောက်အောင်ဆိုးတေခဲ့သူ ဖြစ်သော ကြောင့် 'တာတေ စနေသား'အမည် ဆိုးရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဖေဖေက သူငယ်စဉ်ဘဝ ဆိုးတေခဲ့ပြီး ကိုယ်ကျင့်တရားပျက်ခဲ့သူကနေ ကိုယ်ကျင့်တရားကောင်းသူ တစ်ယောက် ဖြစ်အောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပုံကို ကိုယ်ရေး အတ္တုပ္ပတ္တိ ဖြစ်တဲ့ 'တာတေစနေသား' စာအုပ်မှာ ကွက်ကွက်ကွင်းကွင်းရေး သားဖော်ပြထားပါတယ်။ ဖေဖေက တာတေစနေသားနဲ့ ဘာသာရေး အခြေခံ ဝတ္ထုစာအုပ်များ ရေး သားတဲ့အခါ သားသမီးတွေ ကို ဝိုင်းဖွဲ့ နားထောင်စေပြီး ပုံပြောသလိုပြောပြတဲ့ဟန်မျိုးနဲ့ ရေး သားခဲ့ပါတယ်။ ဖေဖေက 'တာတေစနေသား' ကို သားသမီးတွေ အတွက် ရေး တဲ့ စာအုပ်လို့ဖော်ပြပါတယ်။ "တာတေစနေသားလို့ နာမည် ရခဲ့ဖူးတဲ့မင်းတို့ရဲ့ ဖေဖေ ဦးနုဟာ ဆိုးတုန်းက အတော် ဆိုးခဲ့ပြီး လူကောင်း တစ်ယောက် ဖြစ်အောင် အတော် ခက်ခက်ခဲခဲကြိုးစား ခဲ့ရဖူးသူ ဖြစ်တယ်၊ ဒီလိုလူစားမျိုး ဖြစ်တဲ့အတွက်သူ့ ဘဝမှာ မကောင်းတာတွေ လည်း အများ ကြီးရှိတယ်၊ ကောင်းတာတွေ လည်း ရှိသလောက်ရှိတယ်၊ ဒီစာအုပ်ကိုဖတ်ပြီး မင်းတို့ဟာ မင်းတို့အဖေရဲ့ မကောင်းမှု တွေ ကိုရှောင်၊ သူ့ထက်ပိုကောင်းအောင် မင်းတို့ ကြိုးစားနိုင်ကြ မယ်ဆိုရင် ဒီစာအုပ်ကို ငါ ရေး ရကျိုးနပ်ပြီ"လို့ စာအုပ်အစမှာ ရေး သားထားပါတယ်။ သားသမီး တွေ အတွက်ရေး တဲ့ စာအုပ်လို့ဆိုပေမယ့် ဖေဖေဟာ သူ့ရဲ့

ဆိုးသွမ်းတေပေပုံတွေ ကို မကွယ်မဝှက် ကွက်ကွက်ကွင်းကွင်းရေး သားဖော်ပြရင်း လမ်းမှာ းရောက်နေတဲ့ လူငယ် လူရွယ် တွေ မှန်သမျှလမ်းမှန်ပေါ်ရောက်ပြီး ကိုယ်ကျင့်တရားကောင်းမွန်သူတွေ ဖြစ်အောင် ကြိုးစားပြုပြင်နိုင်ကြဖို့ရည်ရွယ်ရေး သားခဲ့တာဆိုရင်လည်း မှာ းမယ်မဟုတ်ပါ။

အင်္ဂလိပ်ခေတ်က နိုင်ငံရေး ပြစ်မှု တစ်ခုကြောင့် ဖေဖေဟာ ရန်ကုန်ထောင်မှာ အကျဉ်းချခံခဲ့ရပါတယ်။ထောင်ထဲက မသမာမှု တွေ ကို နှိုက်နှိုက်ချွတ်ချွတ် သိရှိစုံစမ်းခွင်ရခဲ့တဲ့အပေါ်မှုတည်ပြီး "ရက်စက်ပါပေ့ကွယ် " ဆိုတဲ့ဝတ္ထုဖြစ်ပါတယ်။ ဖေဖေက ဝတ္ထုရေး သားပုံနှိပ်ထုတ်ဝေရုံသာမကဘဲ လွတ်လပ်ရေး ရပြီးတဲ့အခါ အဲဒီ မသမာမှု တွေ ပပျောက်ရေး အတွက် ထောင်တွင် း စုံစမ်းရေး အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းစေပြီး ပြုပြင်ပြောင်းလဲရေး တွေ ပြုလုပ်ပေးခဲ့ပါတယ်။



ဓာတ်တော် များ သယ်ဆောင်လာစဉ်

အလားတူပဲ "အာဇာနည်" ဆိုတဲ့စာအုပ် ရေး သားရာမှာ လည်း မြန်မာနိုင်ငံကို ကမ္ဘာနဲ့ ရင်ဘောင်တန်းလိုက်နိုင်အောင် စွမ်းဆောင်ပေးနိုင်မယ့် လူငယ်လူရွယ်တွေ ပေါ်ထွက်သထက် ပေါ်ထွက်ပါစေတော့ဆိုတဲ့ စေတနာအရင်းခံခဲ့ပါတယ်။ ကိုယ်ကျိုးမဖက်ဘဲ နိုင်ငံ့အကျိုး သယ်ပိုး ဆောင်ရွက်တဲ့အခါ စွန့်စားဝံ့ရုံနဲ့ မပြီးသေးဘဲ လက်ရုံးရည်၊ နှလုံးရည် ပြည့်စုံပြီး တာဝန်ကျေပွန်တတ်ဖို့ လိုတယ်ဆိုတဲ့အကြောင်းတွေ ကို ဖေဖေက "အာဇာနည်"စာအုပ်မှာ မီးမောင်းထိုး ရေး သားဖော်ပြခဲ့ပါတယ်။

ဖေဖေက လောကုတ္တရာ စာပေတွေ ကို များများ လေ့လာလေ လူအများ သိအောင်ဖြန့်ဝေပေးဖို့ ဆန္ဒ ပြင်းပြလေ ဖြစ်ပါတယ်။ တရားစာပေသက်သက် ဖတ်ရတာ ကိုငြီးငွေ့သူတွေ ရှိတာကြောင့် ဖေဖေက လောကုတ္တရာ စာပေတွေ ကို စေတနာအများ ကြီး ရှေ့ထားပြီး တတ်နိုင်သမျှများများ စားစား ကြားညှပ်ရင်း ဝတ္ထုအသွင် ရေး သားခဲ့ပါတယ်။ ဖေဖေ အထိန်းသိမ်း ခံနေရတုန်း ရေး သားခဲ့တဲ့ "ကာမတဏှာ"၊ "ငရဲဆိုချိုနဲ့ လားမို့"၊ "ကျေးရှင်"စတဲ့ဝတ္ထုတွေ မှာ လောကုတ္တရာ စာပေတွေ ကို တတ်နိုင်သမျှရှေ့တန်းတင်ရင်း ဇာတ်အိမ် ဖွဲ့ထားတာ တွေ ့ရပါလိမ့်မယ်။

ဗုဒ္ဓဘာသာဝင်တွေ အနေနဲ့ လောကုတ္တ ရာစာပေတွေ ကြီးကြီးကျယ်ကျယ် မသိရင်တောင်မှ ဘုရား၊တရား၊ သံဃာ ရတနာသုံးပါးကိုသိရှိပြီး ငါးပါးသီလမြဲဖို့ တော့ လိုလိမ့်မယ်ဆိုတဲ့ အချက်ကို သိရှိထားတဲ့အတွက် ဖေဖေက အမြတ်ဆုံးသုံးဆူ ဘာသာရေး စာအုပ် ကိုရေး သားခဲ့ပါတယ်။

ဖေဖေက တက္ကသိုလ်ကျောင်းသားဘဝကတည်းကစာရေး ရတာ ကို အားသန်လှပေမယ့် နိုင်ငံ့အရေး ကိုရှေ့တန်းတင်ခဲ့ရတာ ကြောင့် စာရေး သားမှု ကို ဒုတိယတန်းမှာ သာနေရာပေးခဲ့ရပါတယ်။ ဒါပေမဲ့ ဖေဖေဟာ ရသမျှအချိန်တိုင်းမှာ ၊ ခေတ်အဆက်ဆက် အကျဉ်းချခံခဲ့ ရစဉ် အချိန်တွေ မှာ ပါ သူ ရေး လိုသမျှတွေ ကို အားပါးတရရေး သားပြုစုခဲ့ပါတယ်။

ဖေဖေက နိုင်ငံရေး ထဲ ခြေစုံပစ်ဝင်လိုစိတ် မရှိခဲ့ပေမယ့် အရေး ကြုံလာတဲ့အခါ လုပ်ဖော်ကိုင်ဖက်တွေ နဲ့ တစ်သားတည်းရှိခဲ့ပါတယ်။ လုပ်ဖော်ကိုင်ဖက်တွေ အကောင်အထည်ဖော်လိုတဲ့ ကိစ္စရပ်တွေ ကိုလည်း ဖေဖေကမ ဖြစ်မနေ ပြုလုပ်ပေးခဲ့ပါတယ်။ ၁၉၃၄ ခုနှစ် က ဖေဖေ ဒုတိယအကြိမ် ဥပဒေတန်းတက်ဖို့ တက္ကသိုလ်ပြန်ရောက်လာချိန်မှာ "ဒို့ဗမာအစည်းအရုံး" အဖွဲ့ထဲဝင်ကာ၊ "သခင်"အ ဖြစ် ခံယူလာချိန် ဖြစ်ပါတယ်။ "သခင်"တွေ အတွက် "ဒို့ဗမာ"သီချင်းဟာ အသက်နဲ့ ထပ်တူ လေးစားမြတ်နိုးရတဲ့သီချင်း ဖြစ်ပါတယ်။ "သခင်" မိတ်ဆွေတစ်ဦးက တက္ကသိုလ်ဝင်းထဲမှာ "ဒို့ဗမာ"သီချင်း သီဆိုလိုတဲ့ဆန္ဒရှိကြောင်း ပြောပြတဲ့အခါ ဖေဖေက မ ဖြစ်မနေ ကူညီခဲ့ပါတယ်။ ကျောင်းအုပ်ကြီး စ.ဂျ. Sloss ကို တက္ကသိုလ်ရုံးခန်းမှာ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ရုံးခန်းမှာ မရှိတဲ့အခါ အိမ်အထိ လိုက်သွားခဲ့ပါတယ်။ အိမ်စောင့်က ကျောင်းအုပ်ကြီး Sloss အိပ်နေတယ်လို့ ပြောတဲ့အခါစာရွက်တစ်ရွက်ပေါ်မှာ "ဒီည (၇)နာရီ ဒို့ဗမာသီချင်းဆိုကြ ဖို့ရှိပါတယ်၊ ဆိုခွင့်ပြုပါ"လို့ ရေး ပြီးထားခဲ့ပါတယ်။ တစ်နာရီအကြာ ကျောင်းအုပ်ကြီး Sloss အိမ်ပြန်ပြီးအကျိုးအကြောင်း မေးတဲ့အခါ အိမ်စောင့်က "ကျောင်းအုပ်ကြီး စာဖတ်ပြီး ဆုတ် ပစ်လိုက်ပြီ"လို့ ပြောပြပါတယ်။ ဖေဖေက လက်မလျှော့ဘဲ သထုံအဆောင်မှူး ဦးဖေမောင်တင်ဆီမှာ ခွင့်တောင်းပြီး ခွင့်ပြုချက်အရ အဲဒီ ညမှာ "ဒို့ဗမာ"သီချင်းကို တပျော်တပါး သီဆိုခဲ့ကြပါတယ်။ဖေဖေက ပေးထားပြီးသား ကတိတည်ဖို့ ကလွဲပြီး တခြားအကျိုးသက်ရောက်မှု ကို စဉ်းစားသူမဟုတ်ပါ။ ဆုံးဖြတ် ချက်ချထားပြီးသား ကိစ္စဆိုရင်လည်း ဘယ်လိုအကြောင်းမျိုးကြောင့် ပဲ ဖြစ် ဖြစ် ရှေ့တိုးလုပ်ဆောင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံ့ဖခင်ကြီး မဟတ္တမဂန္ဒီက "MY LIFE IS MY MESSAGE" "ကျွန်တော့် တစ်သက်တာ လုပ်ဆောင်ချက်သည် ကျွန်တော် ၏ အမှာ စကား ဖြစ်သည်"လိုပြောကြားခဲ့ ဖူးပါတယ်။ ဒီနေရာမှာ "လုပ်ဆောင်ချက်"ဆိုတာ ဂန္ဒီကြီးယုံကြည်မြတ်နိုးတဲ့ လုပ်နည်းလုပ်ဟန်များ ကို ကိုယ်စားပြုတယ်လို့ ဆိုနိုင်ပါတယ်။ အလားတူပါပဲ။ ကျွန်မ ဖေဖေရဲ့ တစ်သက်တာခံယူလုပ်ဆောင်ချက်များ ဟာ ဖေဖေ ရေး သားတဲ့ စာအုပ်စာပေတွေ ထဲမှာ ရောင် ပြန်ဟပ် ပေါ်လွင်နေပါတယ်။ ဖေဖေဟာ လူပုဂ္ဂိုလ်

တစ်ယောက် အနေနဲ့ အားသန်ချက်တွေ ရှိသလို အားနည်းချက်တွေ လည်း အတော် များများ ရှိခဲ့တာကို ဖေဖေကိုယ် တိုင် အလျှော့သင့်သလို ဝန်ခံရေး သား ပြောကြားခဲ့ပါတယ်။ဖေဖေဟာ လူတွေ ထဲက တစ်ယောက် ဖြစ်ပေမယ့် ထူးခြားသူ တစ်ယောက် အ ဖြစ် ဖေဖေ အလေးအနက် လက်ခံထားတဲ့ "ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့် "ဆောင်ပုဒ်က သက်သေထူလျက်ပါ။

မြသန်းသန်းနု

၁-၁-၂၀၀၉

ဦးနု၏ ဂုဏ်အင်္ဂါရပ်သုံးပါး

ပရကထာ

ပဏ္ဍိတကထာ

မာနဝပုံရိပ်

ထေရကထာ

ဂိုအင်ကာ၏ အတ္တကထာ

လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ ၏ အတ္ထုပ္ပတ္တိများ ကိုရေး သားခဲ့ဖူးပြီ။ မိမိရေး သော အတ္ထုပ္ပတိများ သည် စာအုပ်ဘဝ ရောက်ရှိပြီးနေကြပြီ။ မိမိရေး သော အတ္ထုပ္ပတ္တိများ ၌ ပါဝင်သော ပုဂ္ဂိုလ်များ သည် ရဟန်းတော် များ ၊ စာရေး ဆရာမျ‌ား ၊ ပညာရှင်များ ၊ ဓမ္မဖြန့်ဖြူးသူများ ၊ ပြည်သူ့ အကျိုးဆောင်များ ဖြစ်ကြသည်။

မိမိရေး သော အတ္ထုပ္ပတိ စာအုပ်များ ၌ မပါဝင်သေးသော ပုဂ္ဂိုလ်များ လည်းရှိသည်။ ယင်းပုဂ္ဂိုလ်များ မှာ မြန်မာ့နိုင်ငံရေး ခေါင်းဆောင်များ ဖြစ်သည်။ မိမိ၏ အတ္ထုပ္ပတိစာအုပ်တွင် မပါဝင်သေးသော မြန်မာနိုင်ငံရေး ခေါင်းဆောင်များ ၏ အတ္ထုပ္ပတိရေး မည် ဟု ကလောင်ကိုင်လိုက် သော အခါ ပြဿနာတစ်မျိုးပြီး တစ်မျိုး ပေါ်လာသည်။မိမိ အတ္ထုပ္ပတ္တိစာအုပ် တွင် ပါရှိ ပြီးသော အတ္ထုပ္ပတ္တိရှင်များ မှာ မိမိသိသော ပုဂ္ဂိုလ်များ လည်းရှိသည်။ မိမိမသိသော ပုဂ္ဂိုလ်များ လည်းရှိသည်။ ယင်းပုဂ္ဂိုလ်များ အကြောင်းရေး သားရာ၌ မိမိသိသော ပုဂ္ဂိုလ် ဖြစ်စေ၊ မသိသော ပုဂ္ဂိုလ် ဖြစ်စေ လေ့လာပြီးရေး သည့်အခါ ချောချောမောမောပင် ဖြစ်သွားသည်။ မသိတသိ ဖြစ်သော မြန်မာနိုင်ငံရေး ခေါင်းဆောင်များ ၏ အကြောင်းအရာကို ရေး မည် ကြံသော အခါ မည် သို့မည် ပုံ ရေး ရမည် ဆိုသည်ကို တော်တော် နှင့် စဉ်းစားမရဘဲ အခက်အခဲနှင့် ကြုံနေရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံ နိုင်ငံရေး ခေါင်းဆောင်များ နှင့် မိမိ၏ ဆက်သွယ်မှု မပြတ်မသား

ဖြစ်နေသည့်အတွက်ကြောင့် မြန်မာနိုင်ငံနိုင်ငံရေး ခေါင်းဆောင်များ သူတို အာဏာရှိနေစဉ်အချိန်က သူတို့ ကလည်း စာရေး ဆရာပေါက်စ မိမိကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့ မှပင်မအောက်မေ့ပေ။ မိမိကလည်းသူတို့ နှင့် တစ်ဘာသာစီ ဖြစ်သည်ဟူ၍ ပင် အောက်မေ့သည်။ သူတို့ အာဏာ ကောင်းကင်ပေါ်က ပြုတ်ကျလာသည့်အချိန်ကျမှ သူတို့ နှင့် မိမိ၏ ဆက်ဆံရေး ပြောင်းလဲလာခြင်း ဖြစ်သည်။

သာဓကထုတ်ပြရမည် ဆိုလျှင် ဦးကျော်ငြိမ်း ဆိုကြပါစို့။ ဦးကျော်ငြိမ်းသည် တစ်ချိန်က မြန်မာနိုင်ငံရေး ကောင်းကင်၌ အာဏာမီးပုံးပျံစီးနေသူ ပုဂ္ဂိုလ် ဖြစ်သည်။ ထိုအချိန်က ဦးကျော်ငြိမ်းသည် သူ့ အာဏာ လက်ကိုင်ထားသော တိုင်းပြည်မြေပေါ်၌ ပါရဂူ ခေါ်သော လူသား တစ်ယောက် ရှိနေသည်ဟူ၍ ပင် သိရှိမည် မဟုတ်ပေ။သို့ သော် လည်း နိုင်ငံရေး အာဏာ ကောင်းကင်က ပြုတ်ကျလာသော အချိန်၌ ကား ဦးကျော်ငြိမ်းသည် မိမိနှင့် ကန်တော်ကြီးတွင် အတူလမ်းလျှောက်ရင်း ကန်တော်ကြီးဘေးက အကြော်ဆိုင်တွင် အကြော်နှင့် ရေနွေးကြမ်းအတူစားသောက်သည့်အဆင့်ထိ ရောက်ရှိသွားသည်။



နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုဝန်ကြီးချုပ်စားပွဲ၌ အလုပ်လုပ်နေစဉ်

နောက် တစ်ယောက် မှာ နိုင်ငံရေး အစိုးရအုပ်စိုးစဉ်က အာဏာမိုးကောင်းကင်တွင် တောက်ပသော ကြယ်တစ်လုံးအ ဖြစ် ဝင့်ဝါနေသော ဦးအုန်း ဖြစ်သည်။ ဦးအုန်းသည် အင်္ဂလန်နှင့် ရုရှားတိုင်းပြည်များ ၌ သံအမတ်အ ဖြစ်ဆောင်ရွက်ခဲ့သူ ဖြစ်ရုံမျှမက မြန်မာနိုင်ငံ အစိုးရဝန်ကြီးချုပ်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လည်း ဖြစ်သည်။ ယင်းကဲ့သို့ အာဏာမိုးကောင်းကင်၌ တောက်ပနေသော ကြယ်တစ်လုံးအ ဖြစ်နှင့် ရှိစဉ်က အာဏာမိုးကောင်းကင်၌ မည် မျှတောက်ပနေသော ကြယ်တစ်လုံး ဖြစ်စေကာမူ မိမိ၏ အာရုံထဲတွင် ယင်းကြယ်တစ်လုံး ပေါ်ပေါက်လာခြင်းမရှိပေ။ သို့သော်လည်း အခြေအနေအရ မိုးကောင်းကင်က ကြွေကျချိန် ရောက်လာသော အခါ ယင်းကြယ်သည် မိမိအိမ်သို့ ဝင်ရောက်လာသည်။ တစ်နေ့ သူ၏ ဘောက်ဝက်ဝွန်း ကားဟောင်းကြီးကို ကိုယ်တိုင်မောင်းပြီး မမျှော်လင့်ဘဲ ဦးအုန်း မိမိအိမ် ပေါက်ချလာသည်။ ထိုအချိန်မှစ၍

ဦးအုန်းသည်သူ့ကားဟောင်းပေါ်တွင် မိမိကိုတင်လျက် မြို့ထဲထွက်ပြီးလျှင် မိမိကိုဆိုင်တွင် အစားအသောက်ကျွေးသည်။ ဦးအုန်းသည် လူထူးလူဆန်း ဖြစ်သည်။ သက်သတ်လွတ်လောက်သာ စားသည်။ မှန်ကြည့်ပြီး၊ သူ့ဘာသာ သူ့ကတ်ကြေးနှင့် ဆံပင်ညှပ်သည်။ စာအုပ်ဆိုင်များ သို့ အတူသွားလျက်သူလည်း သူကြိုက်သော စာအုပ်များ ကို ဝယ်သည်။မိမိကိုလည်း မိမိလိုချင်သော စာအုပ်များ ဝယ်ပေးသည်။ မိမိကို သူ့အိမ်ခေါ်သွားသည်။ သူ့အိမ်သည် အင်းလျားကန်စောင်း၌ ရှိနေသည် ဖြစ်၍ အိမ်ဝင်းထဲဝင်ပြီး ဝင်းတံခါးပိတ်လိုက်လျှင် လောကနှင့် အဆက်ပြတ်ပြီး ကမ္ဘာတစ်ခုရောက်သွားသည့်အလား ထင်မှတ်ရသည်။ အိမ်ထဲရောက်သွားသော အခါ တစ်အိမ်လုံး စာအုပ်များ ဒင်းကျမ်း ဖြစ်နေသည်ကို တွေ့မြင်ရသည်။ ဦးအုန်းနှင့် မိမိ၏ ဆက်ဆံရေး သည် မည် သည့် အခြေအနေသို့ ရောက်ရှိသွားသနည်းဆိုလျှင် ထိုအချိန်က မိမိ ထုတ်ဝေနေသော စာအုပ်ထုတ်ဝေရေး ၌ ပင် ရှယ်ယာဝင်လိုသည် ပြောသည့်အထိ ဖြစ်လာသည်။

မိမိနှင့် ဆက်ဆံရေး ၌ နိမ့်တုံမြင့်တုံ ဖြစ်ခဲ့သော အခြားနိုင်ငံရေး ခေါင်းဆောင် တစ်ယောက် မှာ မြန်အောင် သခင်ချစ်မောင် ဖြစ်သည်။ မြန်အောင်သခင်ချစ်မောင်သည် ဖဆပလ အစိုးရလက်ထက်၌ ပထမပါလီမန် အတွင်း ဝန် ဖြစ်သည်။ ပါလီမန်အတွင်း ဝန်အ ဖြစ်နှင့် နိုင်ငံခြားသွားပြီး ပြန်လာသော အခါ အိန္ဒိယဝင်လာသည်။ ထိုအချိန်ကမိမိ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်၌ ကျောင်းသားအ ဖြစ်ရှိနေခိုက် ဗာရာဏသီ ရောက်လာသော ပါလီမန် အတွင်း ဝန်မြန်အောင်သခင်ချစ်မောင်ကို မော်ကြည့်ရသည်။ မြန်အောင်သခင်ချစ်မောင်သည် နောက်ပိုင်းတွင် ပြန်ကြားရေး ဝန်ကြီး ဖြစ်လာသည်။ ပြန်ကြားရေး ဝန်ကြီးအ ဖြစ်နှင့် ဦးသိန်းဖေမြင့် ကြီးမှူးသော စာရေး ဆရာအသင်း အမှု ဆောင်များ ကို စထရင်းဟိုတယ်၌ ထမင်းဖိတ်ကျွေးသည်။ထိုအချိန်က မိမိမှာ စာရေး ဆရာအသင်းအမှု ဆောင်လောက်သာ ဖြစ်၍ ပြန်ကြားရေး ဝန်ကြီးနှင့် သာမန်စာရေး ဆရာကလေး၏ ကြားထဲတွင် ဧရာမချောက်ကမ်းပါးကြီး ခြားထားသည်။ သို့သော်လည်း မြန်အောင် သခင်ချစ်မောင် တို့၏ အာဏာသက် ကုန်ဆုံးသွားသော အခါ

မိမိကလည်းဟသ်ာတသား၊ သူကလည်း ဟသ်ာတသားဆိုပြီး မိမိထံချဉ်းကပ်လာသည်။ သမ္မတဟိုတယ်၌ သူနှင့် အတူ ဘီယာသောက်နေကြစဉ် မြန်အောင်သခင်ချစ်မောင်သည် မိမိအစ်ကိုဝမ်းကွဲ တင်မောင်နှင့် ကျောင်းနေဖက် ဖြစ်ပြီး မိမိတို့ သန္တံသနော့ရွာသို့ပင် ရောက်ဖူးသည်ဟူ၍ ပြောပြ သည်။ဟသ်ာတမြို့၌ သူကျောင်းတက်စဉ်က မိမိ၏ အစ်ကိုဝမ်းကွဲ တင့်မောင်နှင့် အင်္ဂလိပ်ကျောင်းတွင် အတူနေခဲ့သည်။

သူမိုးကောင်းစဉ်က မိမိနှင့် မိုးနှင့် မြေကြီးလောက်ကွာဟနေသော် လည်း မိုးပေါ်က ပြုတ်ကျလာသော အခါ မိမိနှင့် အသိအကျွမ်း ဖြစ်သွားသော အခြားနိုင်ငံရေး ခေါင်းဆောင် တစ်ယောက် မှာ ဝန်ကြီးချုပ်ဟောင်း ဦးနု ဖြစ်သည်။ ဦးနုနှင့် မိမိကြားထဲတွင် မည် မျှကတ္တားခြားထားသနည်းဆိုလျှင် သဝန်ကြီးချုပ်အ ဖြစ်က ခေတ္တ ခဏအနားယူပြီး ဖဆပလ ဥက္ကဋ္ဌ အ ဖြစ်နှင့် ရှိစဉ်ကပင် သူနှင့် မိမိ ကြားထဲတွင် ခြားထားသော ချောက်ကမ်းပါးကြီးသည် ယခင်အတိုင်းပင် ရှိနေသည်။

၁၉၇၀ ခုနှစ် လောက်က မိမိ သည် နယူးဒေလီမြို့၌ ကျင်းပမည် ဖြစ်သော အာရှစာရေး ဆရာ ညီလာခံ အတွင် းရေး မှူးအဖွဲ့ မြန်မာကိုယ်စားလှယ်အ ဖြစ်နှင့် တစ်လကြိုတင်ပြီး ဒေလီသွားရသည်။ ကလကတ္တားမှ ဒေလီသို့ မီးရထားနှင့် သွားသည်။ ယင်း မီးရထား၌ ပင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ပဏ္ဍစ်နေရူး ဖိတ်ကြားချက်အရ ဗုဒ္ဓဇယန္တီ ပွဲသို့ သွားသော ဦးနုလည်း ပါလာသည်။ တစ်ညအိပ်ပြီး နံနက်ချိန် စားသောက်တွဲ သို့ မိမိ လှက်ရည် သွားသောက်အခါ ဦးနုလည်း စားသောက်တွဲ ထဲရောက်လာသည်။ထိုအချိန်က ဦးနုသည် ဝန်ကြီးချုပ် မဟုတ်သော် လည်း ဝန်ကြီးချုပ်ထက်ပင် အာဏာရှိနေသူ ဖြစ်သည်။ အစားအသောက်တွဲ ထဲတွင် နှစ် ယောက် ဆုံနေသော် လည်း မိမိကလည်း မိမိနိုင်ငံခေါင်းဆောင်ကို သွားရောက်နှုတ်ဆက်ခြင်း မပြုပေ။ ဦးနုကလည်း မိမိကို တစ်ချက်လှမ်းကြည့်ရုံမျှသာကြည့်ပြီး သူ့ကိုယ်ရံတော် ကို "ဒီနေ့ ဥပုသ်နေ့ ကွ၊ မင်း ဥပုသ်မစောင့်ဘူးလား"ဟု မေးတစ်ခွန်းပြော တစ်ခွန်း လုပ်နေသည်။

ဒေလီ မီးရထားဘူတာရုံ ရထားဆိုက်သွားသော အခါ ဦးနုနှင့် မိမိ ကွာဟချက်သည် ပိုမို ပြတ်သားသွားသည်။ဘူတာ၌ ဦးနုကို အိန္ဒိယဝန်ကြီးချုပ် ပဏ္ဍစ်နေရူး

ကိုယ်တိုင်ပန်းကုံးစွပ်ပြီး ကြိုဆိုသည်။ ဦးနုကို ကြိုဆိုပွဲမှာ မင်းခမ်းမင်းနား ဖြစ်၍ ခရီးသွား ခရီးလာအားလုံးလိုလို ငေးကြည့်နေကြရသည်။ မိမိကိုလည်း ပန်းကုံးစွပ်ပြီး ကြိုဆိုသူရှိသည်။ ကြိုဆိုသူများ မှာ အာရ စာရေး ဆရာညီလာခံ အတွင် းရေး မှူးအဖွဲ့ရုံး၌ လုပ်အားပေးနေသူ လူငယ်နှစ် ယောက် သုံးယောက် ဖြစ်သည်။ ဘူတာတွင် း၌ ဧည့်သည်နှစ် ယောက် ကိုကြိုဆိုသည့်ပွဲရှိနေသည်။ သို့ သော် လည်း ဦးနုကို ကြိုဆိုသည့်ပွဲမှာ မင်းခမ်းမင်းနားပွဲဖြစ်၍ အိန္ဒိယအစိုးရပိုင်းကပုဂ္ဂိုလ်များ ရှိနေကြသည်။ မိမိကို ကြိုဆိုသည့်ပွဲမှာ ဦးနုကိုကြိုဆိုသည့်ပွဲနှင့် စာလျှင် ကြက်ပွဲသာသာလောက်သာရှိသည်။

ဦးနုနှင့် မိမိသည် ဤမျှ ချောက်ကမ်းပါး ခြားထားသော် လည်း သူ့အာဏာဝေဟင်က ပြုတ်ကျပြီး ပင်ကိုအခြေအနေ ပြန်ရောက်လာသော အခါ ဦးနုနှင့် မိမိ၏ ကြားထဲတွင် တားဆီးထားသည့် ကွာဟချက်စေ့သွားသည်။ ဦးနု ပိဋကတ်ဘာသာပြန် လုပ်နေသည့်အချိန်၌ ပိဋကတ်ကို ဟိန္ဒီဘာသာဖြင့် ပြန်လိုသည့်ဆန္ဒ ပေါ်ပေါက်လာသည် ဖြစ်၍ ဦးနုသည် သူ၏ တပည့် ကိုကျော်မရောအမတ်ကတစ်ဆင့် မိမိကို သူ့အိမ်သို့ ခေါ်လျက် ပိဋကတ်ဟိန္ဒီဘာသာပြန်ရေး ဆွေးနွေးသည်။

ယခု ဦးနု အကြောင်းရေး ရမည့် အခွင့်ပေါ်လာသည့်အခါ၌ ဦးနု၏ မြင့်တုံဘဝသည် မိမိအာရုံထဲတွင် ထင်မလာဘဲ နိမ့်တုံဘဝ သို့မဟုတ် ပကတိပုံရိပ်ကသာသူ၏ အတ္ထုပ္ပတ္တိရေး နေသော မိမိအား မီးမောင်းထိုးပြသည်။ ဦးနုသည် မြန်မာနိုင်ငံ နယ်နိမိတ်အတွင် းကပင်ကျော် ထွက်သွားသော မြန်မာနိုင်ငံ ခေါင်းဆောင် ဖြစ်သည်။မြန်မာနိုင်ငံ၏ ထူးချွန်သော ခေါင်းဆောင် တစ်ယောက် ဖြစ်ခြင်း၌ ဦးနုတွင် ဂုဏ်သုံးအင်္ဂါရပ် ရှိနေသည်။ ပထမဂုဏ်အင်္ဂါရပ်မှာ နိုင်ငံရေး ဖြစ်သည်။ ဦးနုသည် မြန်မာနိုင်ငံ လွတ်လပ်ရေး တိုက်ပွဲ၌ ဦးဆောင်ဦးရွက်ပြုသူနိုင်ငံ့ခေါင်းဆောင် တစ်ဦး ဖြစ်သည်။ ဦးနု၏ ဒုတိယဂုဏ် အင်္ဂါရပ်မှာ ဘာသာရေး ဖြစ်သည်။ ဦးနုသည် ဝန်ကြီးချုပ်ဘဝက နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်းခံရသော ဆဋ္ဌသင်္ဂါယနာတင်ပွဲ ဦးစီးဦးဆောင် ကျင်းပပြုလုပ်သော ပုဂ္ဂိုလ်ဖြစ်သည်။ ဦးနု၏ တတိယဂုဏ်အင်္ဂါရပ်မှာ စာပေနှင့် ပတ်သက်သည်။ ဦးနုသည် မြန်မာစကားပြေ အရေး အသား၌ သူမတူအောင်၊

ပြောင်မြောက်အောင် ရေး ဖွဲ့နိုင်သူ ဖြစ်သည်။ သိန်းဖေမြင့်စသော ထင်ပေါ်ကျော်ကြားသည့် စာရေး ဆရာကြီး များ ကပင် ဦးနု၏ မြန်မာစာပေအရေး အသားကို လက်ဖျားခါလောက်ပါပေသည်ဟူ၍ ချီးကျူးစကား မြွက်ကြား ယူရသည်။

ယင်းဂုဏ်အင်္ဂါသုံးရပ် ပြည့်စုံနေသူ ဖြစ်၍ ဦးနုသည် မြန်မာနိုင်ငံသမိုင်း၌ မော်ကွန်းထိုး ထားရလောက်သည့် ပုဂ္ဂိုလ် ဖြစ်နေသည်။

ပါရဂူ

# (၅)

(၁)

သခင်နု (သို့မဟုတ်) မှန်တိုင်းထဲမှသစ်ရွက်တစ်ရွက်

သခင်နု- ကျောင်းသားသပိတ်။ ကျောင်းသားသပိတ်-သခင်နု

ကျွန်တော့် အဖို့ရာကား သခင်နုနှင့် ၁၉၃၆ ကျောင်းသားသပိတ်သည် ခွဲခွာ၍ မရအောင် ဆက်စပ်၍ နေသည်။

မြန်မာပြည် နိုင်ငံရေး ရာဇဝင်တွင် ၁၉၃၆ ခုကျောင်းသားသပိတ်သည် မှတ်တိုင်တစ် တိုင် ဖြစ်သည်ဟုထင်သည်။ ၁၉၃၆ခု ကျောင်းသားသပိတ်သည် မှတ်တိုင်တစ်တိုင် ဖြစ်သည် ဟု ထင်သည်။ ၁၉၃၆ခု ကျောင်းသားသပိတ်သည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၏ ကြွေးကြော်သံဝယ် လူထုကြီးသည် မျက်စေ့ကိုပွတ်ကာ ထလိုက်ကြသည်။

ကျွန်ပညာ အလိုမရှိ။

သခင်ပညာ ပေးလော့။

ပညာရေး ပြုပြင်ပေး။

ကျောင်းသားများ သမဂ္ဂသည် လူထု၏ အသည်းစွဲ ဖြစ်လာသည်။

၁၉၃၆ခု ကျောင်းသားသပိတ်မှ ပေါ်ပေါက်လာသော ကျောင်းသားများ သမဂ္ဂသည် ၁၉၃၈ခု ရေနံမြေ အလုပ်သမား အရေး တော်ပုံကြီးဝယ် နယ်ချဲ့စနစ် တိုက်ခိုက်ရေး တပ်ဦးသို့ ဘွားခနဲရောက်လာလေပြီ။ သမဂ္ဂသည် အလုပ်သမား၊ လယ်သမားတို့နှင့် အတူ လက်တွဲ ကာ အရင်းရှင်စနစ် ဆန့်ကျင်ရေး အလံတော် ကို လွှင့်ထူခဲ့ကြပေပြီ။

အရင်းရှင်စနစ် ပျက်စီးပါစေ။

မီးတုတ် မီးတုတ် ရှို့ရှို့။

သူပုန် သူပုန် ထထ။

အရေး တော် ပုံ အောင်ပါစေ။

ကျောင်းသားများ သမဂ္ဂသည် နယ်ချဲ့တိုက်ခိုက်ရေး အင်အားစုကို ရှေ့ဆောင်လာကြလေပြီ။ ဤ ၁၉၃၈ အထွေထွေသပိတ် အရေး တော် ပုံ၏ သားသမီးများ ဖြစ်ကုန်သော သခင်များ ၊ ကျောင်းသားများ သည် ဟိုင်နံကျွန်းသို့ လျှို့ဝှက်စွာ စစ်ပညာသင်သွားပြီး ၁၉၄၁ က အင်္ဂလိပ် မောင်းထုတ်ရေး ကို ရှေ့ဆောင်ပြုကြလေပြီ။

၁၉၄၁-၁၉၄၅၊ ဖက်ဆစ်မုန်တိုင်းကြီး။

ဤဖက်ဆစ်တော် လှန်ရေး ကြီးကို ဤ ၁၉၃၆-၁၉၃၈၊ ၁၉၄၁ခု၊ အရေး တော် ပုံများ ၏ တိုးတက်သော အစိတ်အပိုင်းကပင် ပြုခဲ့ပေပြီ။ ဤ ဖက်ဆစ်တော် လှန်ရေး ကပင် အမျိုးသားတပ်ပေါင်းချုပ် ဖြစ်သော ဖဆပလ ကို မွေးဖွားလိုက်လေပြီ။ ယခုကား လွတ်လပ်ရေး အောင်ပွဲကို ဆင်နွှဲကာပြည်ထောင်စု မြန်မာသမ္မတနိုင်ငံတော် ဟု ကြေညာခဲ့ပေပြီ။၁၉၃၆ ကျောင်းသားသပိတ်၏ အမှတ်အသား-သခင်နု။

၁၉၃၈ အထွေထွေသပိတ် အရေး တော် ပုံ၏ အမှတ် အသား- သခင်ဗဟိန်း၊ ဒေါက်တာ လှရွှေ။ ၁၉၄၁ အင်္ဂလိပ် မောင်းထုတ်ရေး ၏ အမှတ်အသား- သခင်အောင်ဆန်း။

(၂)

၁၉၃၆- ကျောင်းသားသပိတ်။

ကျွန်တော် သည် ကိုဂျက်လတ် အမျိုးသားကျောင်းတွင် ပညာသင်လျက်ရှိသည်။ သပိတ် မမှော က်ခင်ကပင် သခင်နု အကြောင်းများ ကို သတင်းစာတွင် ဖတ်ရ၏ ။သမဂ္ဂ တရားပွဲတစ်ပွဲတွင် သမဂ္ဂဥက္ကဋ္ဌ သခင်နုက"ဦးဥတ္တမကြီး ကုလားပြည်ပြန်လော့"ဟု ကြွေးကြော် လိုက်ပုံကို ဖတ်ရသော အခါ သူ၏ ရဲရင့်ခြင်းအတွက်တက်ကြွ၍ နေခဲ့၏ ။

နောက် ကျောင်းအုပ်ကြီး မစ္စတာ စလော့စ်နှင့် သခင်နု အပြန်အလှန်

စာပေးသည့်သတင်းများ ကို ဖတ်ရ၏ ။ လူငယ်များ က သခင်နုကို ချီးကျူးကြသည်။ ဘီအေဘွဲ့ကို ပြန်အပ်ကြောင်း ကြားရသော အခါလက်ခုပ်တီးကာ ဩဘာပေးလိုက်ကြသည်။ ဇဝန၏ ကောလိပ်ကျောင်းသား ဝတ္ထုကိုဖတ်၍ တက္ကသိုလ်ကို အထင်ကြီးနေစဉ် တက္ကသိုလ်၏ "ငွေလရောင် နှင့် အရိပ်" ဇာတ်လမ်းများ ကို အိပ်မက်မက်နေစဉ် သခင်နုက ဘီအေဘွဲ့ကို ပြန်အပ်လိုက်ကြောင်း ကြားရသော အခါ သခင်နုကို စွဲလမ်းမိ၏ ။

ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် တက္ကသိုလ်မှ ခေါင်းဆောင်၍ သပိတ်မှောက်လိုက်သည့် သတင်းကိုကြားရသော အခါ ရင်တလှပ်လှပ် ဖြစ်လာ၏ ။ သပိတ်ကြီးကို မော်တော် ကား အမိုးပေါ်တွင် လှန်တင်ကာ၊ ကားကိုတဝုန်းဝုန်းထုပြီး "ဘာစီတီ-ဘာစီတီ၊ ဘွိုင်ကောက်- ဘွိုင် ကောက်"ဟု အော်ကြသော အသံသည် ရန်ကုန် ဘုရားလမ်းမှ ကျော်လွှန်ကာ နယ်များ သို့ တဝေ့ဝေ့ ပဲ့တင်ရိုက်လာလေသည်။

ကျွန်တော် တို့ ဆယ်တန်းကျောင်းသားများ မှာ စာမေးပွဲနီးကပ်၍ အိမ်တွင် စာကျက်ရန် အခွင့်ပေးထားသော ကျောင်းအားရက်အတွင်း ဖြစ်လေရာ သပိတ်သတင်းကိုသာ နားတစွင့်စွင့် ရှိနေကြ၏ ။ထိုအခိုက် ဖျာပုံကျောင်းသားများ နှင့် ဆက်သွယ်မိကြ၏ ။ တစ်ညနေတွင် ဖျာပုံမှ "ဖျာပုံ မှော က်ပြီ၊ အဆွေတို့လည်း မှော က်ပါ"ဟူသော သံကြိုး စာကိုရ၏ ။ ဆယ်တန်းကျောင်းသားများ စုဝေးကာ သပိတ်မှော က်ရန် ဆုံးဖြတ်ကြပြီး သပိတ်မှော က်သော ကြေညာစာတမ်းကို လက်မှတ်ထိုး၍ ရန်ကုန်သပိတ်စခန်းသို့ ပို့လိုက်ကြ၏ ။ ထိုညတွင် ကျောင်းသားတစ်ဦး၏ အိမ်တွင် မအိပ်ဘဲတစ်ညလုံး တရုတ်မင်တောင့်များ ကိုဖျော်ကာ ကြွေးကြော်သံများ ကိုရေး ပြီး ဈေးဆိုင်များ ၊ ကုက္ကိုပင်များ တွင် ကပ်ကြသည်။

သပိတ်မှော က်ပြီ။

ကျွန်ပညာကို မီးရှို့လော့။

စတ်ချာသော ပညာရေး ကို အမြန်ပြုပြင်။

နောက်တစ်နေ့တွင် လူများ သည် မိုးပေါ်က ကျလာသလို ဖြန်းခနဲတွေ့ရသော

ကြွေးကြော်သံများ ကို အံ့ဩစွာ ဖတ်ကြရသည်။ ရှုတ်ချမည့် သူကား မရှိ။ မြို့မစုံထောက်သည် ကျောင်းသားများ ကို လိုက်၍ မေးမြန်း၏ ။သို့နှင့် သပိတ်သည် တောမီးလောင်သလို တစ်ပြည် လုံး ကူးစက်တောက်လောင်၍ သွားလေပြီ။

(၃)

သပိတ်မှော က် ခေါင်းဆောင်များ သည် အနယ်နယ်သို့ ဝါဒဖြန့် ဖြူးရေး တရားဟော ထွက်လာကြလေသည်။ကျွန်တော် တို့ မြို့ကိုကား သခင်နု၊ သခင်မိုလ် (ဂျပန်ခေတ်က ကွန်မြူနစ် ပြောက်ကျား ကိုယ်စားလှယ်၊လေယာဉ်ပျံ ပျက်ကျ၍ ဆုံးသူ)၊ ကိုထွန်းတင် (နောင်မိုလ်မှူးထွန်းတင်)တို့ လာကြသည်။ ကွယ်လွန်သူဖေဘီယံအဖွဲ့ဝင် သတင်းစာဆရာ ဦးဘခိုင်လည်း သခင်နုတို့နှင့် အတူ ပါလာသည်။

သတင်းစာထဲမှ မျက်နှာမဲ စာလုံးများ ဖြင့် ကော်လံဦးမှ ဖော်ပြသော သခင်နု၏ ဓာတ်ပုံရိပ်ကို ယခု လူကိုယ်တိုင် တွေ့ရပေပြီ။ သင်္ဘောဆိပ်မှဆင်းလာပြီး သင်္ဘောဆိပ်အနီး ကျွန်တော် တို့ အိမ်တွင် ခေတ္တနားသည်။

အိမ်တွင် လ္ဘက်ရည်ပွဲဖြင့် တည်ခင်းကာ သခင်နုကိုမြို့ပေါ်ရှိ လူကြီးများ နှင့် မိတ်ဖွဲ့ပေးသည်။ အမျိုးသားကျောင်းအုပ်ကြီးနှင့် သခင်နုမှာ ဖော်ရွေပြုံးရယ်ကာ စကားပြောနေ ကြသည်။ သခင်နုသည် မီးခိုးရောင် သက္ကလပ်အပေါ်ဖုံး၊ အစိမ်းရင့် မန္တလေးလုံချည်ကို သပ်ယပ်စွာ ဝတ်ထားသည်။ ဆံပင်၏ အတွန့် အလိမ်များ မှာ လှိုင်းထလျက်ရှိသည်။သူ၏ မျက်နှာမှာ ကြည်လင်၍ ဖြူစင်ခြင်း လက္ခဏာသည်တောက်ပ၍ နေသည်။

အထူးခြား အပေါ်လွင်ဆုံးကား တဖိတ်ဖိတ် ရွှန်းမြသော မျက်လုံးများ ဖြစ်သည်။ သူ၏ မျက်လုံးများ မှာ ကောင်းကင်ပြာမှ ကြယ်ပွင့်ကဲ့သို့ ချစ်ဖွယ်ကောင်းသည်။ ပရိသတ်ကို ဆွဲငင် စွဲလမ်းအောင်လုပ်သော စိတ်တန်ခိုးနဂါးငွေ့များ သည် ဤကြယ်ပွင့်မှ ဖိတ်ကျရစ်သန်းလျက်ရှိပေသည်။ သခင်နုသည် လက်ဖက်ရည် စားပွဲတွင် စကားပြောနေရာမှ ဧည့်ခန်းထောင့်ရှိ စန္ဒရားကို သွားမြင်၍ "ဩော်စန္ဒရားနဲ့ ပါကလား၊ ဘယ်သူတီးသလဲ"ဟု

ပြီးကာမေးသည်။ သူသည် လူ့ဘ၀၏ လူမှု ရေး ရာ မြောက်များ စွာ ထဲတွင် သီချင်းဂီတကိုလည်း မမေ့ပေ။ သခင်နုသည် ကျိုက်လတ်တွင် (၂)ရက်ခန့် နေစဉ်ရွှေကျင်သာသနာပိုင် ဆရာတော် ဘုရားကြီးအား သွားရောက် ကန်တော့သေးသည်။ တစ်နေ့ လုံး အချိန်ယူ၍ ကုသိန္နာရုံစသော ဘုရားပုထိုးများ ကို လှည့်လည်ဖူးမြော်သည်။ ကျွန်တော် တို့ ကျောင်းသားတစ်တွေ ကား သူ၏ နောက်မှ တကောက်ကောက် လိုက်၍ နေကြသည်။ တိလောကမာရဇိန်ဘုရား အထွက်တွင် အ၀တ်အစား စုတ်စုတ်နွမ်းနွမ်းနှင့် လူ တစ်ယောက် ကို သခင်နုကနှုတ်ဆက် စကားပြောသည်ကို တွေ့ရသည်။ သူသည်ပြုံးရယ်ကာ ဖော်ရွေစွာ နှုတ်ဆက်ပြောဆိုသည်။ ကျွန်တော် တို့ စိတ်ထဲတွင် ကား သူ၏ မေတ္တာစိတ်ကို ချီးမွမ်း၍ နေမိသည်။

သပိတ်လှန်ကာနီး ဂျလီဟောလ်တွင် ကျင်းပသော ပထမ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံသို့ တက်ရောက်သော အခါ ကျောင်းသားများ ၏ ပါးစပ်ဖျားသို့ "ကိုကြီးနု" ဟူသော အသံသည် ထောင့်နေရာတိုင်းတွင် ကျူရင့်မြည် ဟီးလျက်ရှိသည်ကို ကြားရလေသည်။

(၄)

အမှန်အားဖြင့် ကျွန်တော် သည် သခင်နုနှင့် တစ်ခါမှလက်ပွန်းတတီး မနေခဲ့ရဖူးပေ။ ကျွန်တော် တက္ကသိုလ်သမဂ္ဂတွင် ရှိသော အခါ သခင်နုသည် ဒို့ဗမာ အစည်းအရုံးတွင် ရောက်နေပေပြီ။ သို့သော် နိုင်ငံရေး ရာ၊ စာပေရေး ရာတို့ တွင် သခင်နု၏ ပုံကားချပ် တစေ့တစောင်း ကလေးများ နှင့် ကား ရံဖန်ရံခါ ဆိုသလိုပင် ဆုံတွေ့နေရပေသည်။ တစ်ခါက ကိုအောင်ဆန်း ဥက္ကဋ္ဌ ဖြစ်သော နှစ် ၊သမဂ္ဂကို ဒေါက်တာဘမော်၏ တက္ကသိုလ်ပြင်ဆင်ရေး ဥပဒေကြမ်းကိုပယ်သည့်ကိစ္စနှင့် ပတ်သက်၍ ကျောင်းသားအချို့ မကျေနပ်၍ အယုံအကြည်မရှိ အဆိုတင်သွင်းရန်စိုင်းပြင်းလျက်ရှိ၏ ။ သမဂ္ဂအမှု ဆောင်အဖွဲ့က လူထု အစည်းအဝေး ခေါ်ပေးရ၏ ။

သမဂ္ဂစည်းမျဉ်းတွင် ပါတီနိုင်ငံရေး ၌ မစွက်ဖက်ရ ဟူသော စာပိုဒ်ပါရာ ထိုစာပိုဒ်ကို ကိုးကား၍ အတိုက်အခံဘက်က ဆူပူလျက်ရှိသည်။ ကျောင်းသားအများ မှာ

အတိုက်အခံဘက်သို့ ယိမ်းလျက်ရှိရာ လက်ရှိသမဂ္ဂ အမှု ဆောင်များ ၏ အခြေအနေမှာ စိုးရိမ်စရာ ဖြစ်နေသည်။ သို့သော် လူထုအစည်းအဝေးတွင် သခင်နုကို စကားပြောခွင့်ပေးလေသည်။ ကိုအောင်ဆန်းတို့က သခင်နုကိုဒို့ဗမာ အစည်းအရုံးက ခေါ်လာသည်။ သခင်နု ထစကားပြောသော အခါ တဝေဝေ အော်နေသော ပရိသတ်ငြိမ်သက်သွားလေသည်။

သခင်နု၏ သတ္တုညံ့ပါသော အသံသည် ခန်းမကြီးတစ်ခုလုံးတွင် တလွင်လွင်ပြည့်လျက် ရှိသည်။ သတ္တုညံ့သည် တစ်ထောင့်မှတစ်ထောင့်သို့ ဝေ့ရိုက်လျက်ရှိသည်။သူက ကုလား-ဗမာ အဓိကရုဏ်းအတွက် စိတ်ထိခိုက်ပုံကို စပြောသော အခါ ပရိသတ်သည်လည်း သူနှင့် အတူလိုက်၍ စိတ်ထိခိုက်နေပုံရသည်။

နောက် အဓိကရုဏ်းတွင် ညွှန့်ပေါင်းအစိုးရ တာဝန်မကျေပုံမှစပြီး လက်ရှိ သမဂ္ဂ အမှု ဆောင်အဖွဲ့ဝင်များ ၏ ကိုယ်ရေး ကိုယ်တာကိုစွန့်ကာ ဆောင်ရွက်ကြပုံကို ချီးကျူးပြောသည်။ ပရိသတ်ကား သခင်နု ခေါ်ရာသို့ လိုက်ပါကြလေပြီ။ နောက်ဆုံးမဲခွဲသော အခါ သမဂ္ဂက အပြတ်အသတ် အနိုင်ရလေသည်။

သည်ကတည်းက ကျွန်တော် သည် သခင်နု၏ ဆွဲငင်နိုင်သော သံလိုက်ဓာတ်ကို ယုံ ကြည်မိသည်။ သခင်နု၏ တစေ့တစောင်း ကားချပ်များ ထဲတွင် စကော့ဈေးနားရှိ နဂါးနီစာအုပ်တိုက်သည် နောက်ခံကားအ ဖြစ် ပေါ်လာတတ်ပေသည်။ လက်နှိပ်စက်ရိုက်သံ၊ သခင်စိုး၊ သခင်သန်းထွန်းတို့နှင့် အတူ သခင်နုကို စာအုပ်များ ကြားထဲမှ တွေ့မြင်ရတတ်သည်။ သူတို့ သည် နဂါးနီစာအုပ်အသင်းကို စတင်တည်ထောင်သူများ ဖြစ်ကြသည်။ ၁၉၃၈ခုနှစ် က ကျွန်တော် သည် သခင်ထိန်ဝင်းနှင့် ကိုဗဆွေတို့၏ တိုက်တွန်းချက်အရ ဖိလစ်ပိုင်မျိုးချစ် ဒေါက်တာ ဂျို့ဆရီဇော် ရေး သားခဲ့သော (အထိမခံ)ဝတ္ထုကြီးကို ဘာသာပြန်ခဲ့ရာ ပြီးဆုံး၍ စကော့ဈေးရှိ နဂါးနီတိုက်သို့ သွားပေးသည်။ (ထိုစာမျက်နှာ ၃၀၀ ရှိဘာသာပြန် လက်ရေး မူမှာ ဂျပန်အတက် သခင်မိုလ်၏ အိမ်မီးလောင်ရာတွင် ပါသွားပြီ)

နဂါးနီအခန်းတွင် သခင်နုကို တွေ့ရသည်။ ကျွန်တော် သည် စာအုပ်ဗီရိုထဲရှိ

ရောင်းသော စာအုပ်များ ကိုကြည့်ရှုနေရာ သခင်နုသည် အပါးတွင် လာရပ်၍ "အခုဘာစာအုပ်တွေ ဖတ်နေသလဲ၊ ဒါတွေ ဖတ်ကြည့်ပါလား"ဟုပြောကာ ဗီရိုထဲရှိ လက်ဝဲ စာအုပ်အသင်းမှ ကွန်မြူနစ် စာပေများ ကို လက်ညှိုးထိုးပြသည်။ ကျွန်တော် လည်း သူညွှန်ပြသော လီနင်စာပေစဉ်မှ မာ့က်စ်စာပေ စာအုပ်(၂)အုပ်ကို ဝယ်ခဲ့သည်။ သည်ကစ၍ မာ့က်စ်ဝါဒနှင့် ပတ်သက်သော စာအုပ်များ ကို ပထမအကြိမ် ဖတ်ဖူးလေသည်။

(၅)

နဂါးနီ စာအုပ်တိုက်၌ သခင်စိုး၏ "ဆိုရှယ်လစ်ဝါဒ"ကျမ်းသည် မြန်မာပြည်တွင် ကွန်မြူနစ်ဝါဒ မျိုးစေ့ဦးတစ်စေ့ ဖြစ်ပေ၏ ။ သခင်နုသည်လည်း ကွန်မြူနစ်ဝါဒခေတ်စားအောင်လုပ်သူတစ်ဦး ဖြစ်ခဲ့၏ ။ သူ၏ ဆောင်းပါးများ ကို နဂါးနီသတင်းစဉ်တွင် ဖတ်ရ၏ ။

သူ၏ "ခေတ်မီပြဇာတ်များ "ကိုကား အတော် စွဲလမ်းခဲ့၏ ။ လူ့အတ္တပ္ပတ္တိ၊ လူ့ဇာတ်ကို သရုပ်ဖော်ပြသော လူ့ဘဝကြေးမုံများ ဖြစ်၏ ။ ပြဇာတ်ထဲရှိ ပြောသော စကားများ မှာ တကယ့် လူဆန်၏ ။ မြေကြီးနှင့် နီးကပ်၏ ။ "မယားဆိုးလင်"နှင့် "လင်ဆိုးမယား"မှာ သဘာဝ ကျလှ၏ ။ မယားဆိုးလင်ထဲရှိ မိန်းမကြီး၏ လေသံမှာ ဖတ်နေရင်း နားထဲတွင် စူးဝင်လာ၏ ။ ဖောင်သမားတစ်ဦး၏ မယား လင်ငယ်နေပုံ ပြဇာတ်တစ်ခုမှာ လွမ်းစရာလည်းကောင်း၏ ။ သံဝေဂ ရဖွယ်လည်း ကောင်း၏ ။ "နောင်တောင်ချွတ်ခန်း" ပြဇာတ်ကား ထိုအခါက သခင်နု ၏ လူကျင့်တရားနှင့် နိုင်ငံရေး အမြင်ကို ဖွင့်ဟလိုက်ခြင်းဟု ထင်သည်။

"လူမွဲတို့ ထွက်ရပ်လမ်း"၊ "လူပျော်လူဇော်"(နောင်မိတ္တဗလဋီကာဟု ပြောင်းခဲ့သည်။) စသော ဘာသာပြန်စာအုပ်ကြီးများ လည်း ရေး ခဲ့သေး၏ ။ လူပေါ်လူဇော်မှာ အထူးသဖြင့် ကုန်သည်များ အဖို့ အသုံးဝင်လှ၏ ။ ဂျပန် ခေတ်ကလည်း သူ၏ "ပုထုဇနော ဥမ္မတကော" "နွားသိုးကြိုးပြတ်"စသော ပြဇာတ်များ ထွက်လာ၏ ။ "ပုထုဇနော ဥမ္မတကော" မှာ ကြွ၍ ဖျတ်လတ်၏ ။ "နွားသိုးကြိုးပြတ်" လိင်ပြဿနာကို မကွယ်မထောင့် ပြောပြထား၏ ။ သူသည် လူများ ကို အိမ်ထောင်မှု ၊ လိင်မှု စသည်တို့ ကိုနားလည်စေချင်၏ ။

ယခုခေတ်ထွက်သော "မာ့(ခ်) ဆဋ္ဌင်း (မ်)"ကိုးကား နာမည် များ အမှတ်ရခက်သဖြင့် မဖတ်ဖြစ်ခဲ့ ပေ။ "ငါးနှစ် ရာသီ ဗမာပြည် "မှာ နိုင်ငံရေး ဖွင့်ဟဝန်ခံချက်များ ဖြစ်ပေသည်။

သူ၏ "ရက်စက်ပါပေ့ကွယ်" ဝတ္ထုကိုကား အကြိုက်ဆုံးပင်။ ယခုခေတ်စာပေလောကတွင် ထူးခြားသော ရတနာတစ်ခုပင် ဖြစ်၏ ။ ပထမ အရင်းရှင်စနစ်၏ စာရိတ္တများ ကိုဖော်ကာ ဝတ္ထုကို ဖွင့်လိုက်၏ ။ (သို့ သော် ဖော်ပုံမှာ အကြမ်းပြေးနိုင်သည်ဟုထင်၏ ) နောက် တဖြည်းဖြည်း တောင်ကိုတက်ရဘိသကဲ့သို့ မြင့်၍ မြင့်၍ လာ၏ ။ မြင့်လာလေ မြေကြီးရှိ လှုပ်လှုပ်ရွရွသနစ်တွေ ကို မြင်လာ၏ ။ အကျဉ်းသားဘဝကို မီးမောင်းထိုး၍ ပြသည်မှာ ပေါ်လွင်လှ၏ ။ ဖတ်ရင်းပင်ပန်းဆင်းရဲလာ၏ ။ ပင်ပန်းလာ၏ ။ နောက်ဆုံးသော အခါမှ သက်ပြင်းကို ရှူထုတ်နိုင်တော့၏ ။ ဆုံးသည်အထိ သိမ်မွေ့လှပစွာ ခေါ်ဆောင်သွားပေ၏ ။

စင်စစ်အားဖြင့် ဤဝတ္ထုသည် ရာဇဝတ်မှု ပပျောက်ရေး ကို ရည်ညွှန်းထားသော ပြုပြင်ရေး ဝတ္ထုဖြစ်၏ ။အကျဉ်းထောင်၏ ဒုက္ခကို အရိပ်ထင်ပြထား၏ ။ဂျပန်ခေတ်က သခင်ဗဟိန်း၏ နိုင်ငံခြားရေး အတွင် း ဝန်ရုံးခန်းတွင် လက်နှိပ်စက်ဖြင့် ရိုထားသော "ညချမ်းချိန်ခါဝယ် "ပြဇာတ်ကို ဖတ်ခဲ့ရဖူးသည်။ သခင်နုတွင် မရိုက်ထုတ်ရ သေးသော ပြဇာတ်၊ ဝတ္ထုများ ရှိသေးသည်ဟုသိရ၏ ။ ဘယ်တော့ထွက်မည် မသိ။ သခင်နုသည် ပြဇာတ်၊ ဘာသာပြန်ကျမ်း၊ ဝတ္ထုများ ကိုရေး ခဲ့ရာ စာရေး ဆရာတစ်ဦးဟု ဆိုလောက်ပေသည်။

(၆)

လူအ ဖြစ်ကား သူသည် ကျယ်ဝန်းများ ပြားသော လူ့ဘဝ၏ အသွေးအသားတို ကို ထိတွေ့ဆုံမိသူ ဖြစ်၏ ။ လူ့ဘဝသည်ကား သွေးသားတို့၏ အရာအားဖြင့် သာပြွမ်းတီးသည် ဖြစ်ကုန်၏ ။ သည်အထဲမှ တစ်ယောက် တလေ ထူးချွန်၍ သွေးသားထဲမှ ရုန်းထွက်ကာ ဟိမဝန္တာတောသို့ သွားပြီး ဘုရား ဖြစ်ရန်ကျင့်၏ ။ တစ်ခုတည်းသော ရည်မှန်းချက်ကို တမ်းတပြီး သဲသဲမဲမဲ လုပ်၏ ။ သခင်အောင်ဆန်းသည် နိုင်ငံရေး တစ်ခုတည်းကိုသာစွဲပြီး ဒိုင်နမိုစက်လို မရပ်မနား ရှေ့ သို့တိုးကာ အတင်းလုပ်သူ ဖြစ်၏ ။

သည့်နေရာ၌ သခင်အောင်ဆန်းနှင့် သခင်နုမှာ မတူဟုထင်သည်။ သခင်အောင်ဆန်းမှာ တစ်နေ့လုံးနေပူကြီးထဲတွင် တကုတ်ကုတ် နိုင်ငံရေး တိုက်ပွဲများကိုလုပ်ပြီးနောက် ညတွင် နိုင်ငံရေး နှင့် ပတ်သက်သော ထမင်းလုံးတစ္စေ အိပ်မက်များ နှင့် နပန်းလုံးနေခိုက်၊သခင်နုကား နိုင်ငံရေး မှ အားလပ်သည့်အခါ နိုင်ငံရေး ဖိုင်တွဲ ကြီးကို ခေါင်းအုံးရင်း ရေဒီယိုမှ မေရှင်၏ "မြပန်းဝတ်လွှာ" တေးသံလေးတွင် ငြိမ့်၍ နေချင်နေပေမည် ။ ဒါမှမဟုတ် ကဗျာတေးတစ်ပုဒ်၊ ကာရန်တစ်ခုကို စိတ်ကူးချင် ကူးနေပေမည် ။

လူ့ဘဝတွင် အရေး အကြီးဆုံး အရေး (၃)ခုကား အစာအာဟာရ၊ အဝတ်အိုးအိမ်၊ လိင်ကိစ္စ ဖြစ်သည်ဟုဆိုကြသည်။ စင်စစ် နိုင်ငံရေး ဆိုတာလည်း ဒါပဲ ဖြစ်၏ ။ သခင်အောင်ဆန်း လိုလူကား တစ်ခါက လိင်ကိစ္စကိုနောက်ထားချင် ထားခဲ့ပေမည် ။ ဒါတွေ အားလုံး၏ ပြွမ်းတီး ရောယှက်မှု အထွေထွေကို မပယ်နိုင်သည်ကိုတွေ့မြင်၍ ပုထုဇနော ဥမ္မတကောဟု ကျူရင့် ကြပေမည် ။ သခင်နုသည် ပုထုဇနော ဥမ္မတကောသဘောကို တွေ့မြင်ပေသည်။

တစ်ခါက ဂျပန်ခေတ်တွင် ကုတ်ကိုင်းရှိ သခင်နု၏ နိုင်ငံခြားရေး ဝန်ကြီး အိမ်တွင် နေသော သခင်ဗဟိန်းထံသို့ သွားလည်၏ ။ သခင်ဗဟိန်းဇနီး မခင်ကြီး၏ မှန်တင်ခုံတွင် သခင်နု ငယ်စဉ်က ဓာတ်ပုံကို ယိုးဒယား ပန်းတွန့်မှန်ဘောင်နှင့် အလှတင်ထားသည်ကို တွေ့ရသည်။ ရုပ်ပုံလွှာ၏ ကျောတွင် "ရီရဲ့ မောင်နု"ဟု လက်မှတ်ထိုးထားသည်ကို ဖတ်ရ၏ ။ သခင် ဗဟိန်းကား သခင်နု၏ ကလေးကိုပွေ့ချီရင်း ကျွန်တော့် အား ပြုံး၍ ကြည့်ကာ"မမရီကိုပေး တဲ့ပုံပေါ့ဗျ"ဟု ပြောလေသည်။သခင်နု ဧည့်ခန်းကား စန္ဒရားသံဖြင့် ငြိမ့်နေ၏ ။ သူ၏ ဝင်းထဲတွင် ဦးညာဏ၊ မောင်ထင်တို့ကို ဗမာသစ် ပြဇာတ်အတွက် သက်သက်ခေါ်ထားသည်ကို တွေ့ရ၏ ။အဓိပတိ ရုံးခန်းတွင် ဒေါက်တာဘမော်နှင့် ပြဇာတ်အကြောင်း၊ စာပေအကြောင်း နှစ် နှစ် ခြိုက်ခြိုက် ဆွေးနွေးပြောဆိုနေသည်ကို မကြာခဏ တစေ့တစောင်း တွေ့ခဲ့ရဖူး၏ ။

ဂီတ၊ ပြဇာတ် စသော ယဉ်ကျေးမှု ၊ လူ့ဘဝရေး ရာတို့တွင် ခံစားမှု ၌

သခင်အောင်ဆန်း နှင့် မတူသော် လည်းနယ်ချဲ့စံနစ်မှ လွတ်မြောက်ရေး ကိုကား အတူယုံကြည်ကြ၏ ။ ထို့ကြောင့် ပင် သခင်အောင်ဆန်း အစိုးရအဖွဲ့ထဲဝင်သော အခါ သခင်နုကိုခေါ်ကာ ဖဆပလ ဒုတိယဥက္ကဋ္ဌ နေရာကို ခေါ်ပေးခဲ့ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရသည့်ညက သခင်နု ခေါင်းဆောင်၍ အစိုးရအဖွဲ့သစ်ဖွဲ့သည်ဟုသိရသော အခါ အနည်းငယ် စိတ်သက်သာရာရှိသည်။တစ်ပါတီက ဦးစီး၍ တစ်ပါတီက အစိုးရတက်လျှင် အာဏာရှင် ဆန်သွားပေမည် ။ သူသည် ပါတီများ က မပယ်နိုင်သော ကြားနေသူ တစ်ယောက် လည်း ဖြစ်သည်။တစ်ခါကလည်း "ကွန်မြူနစ်ဝါဒ အော်မြင်ပါစေ"ဟုကြွေးကြော်ခဲ့သူ ဖြစ်သည်။

မှန်တိုင်းတိုက်သော်၊

လွင့်ဝိုက်လေပါ၊

ဝေ့လည်ချာနှင့် ၊

မျောကာ သစ်ရွက်တစ်ရွက်တည်း။

သခင်နု၏ ဘဝကိုရှုကြည့်ရင်း အဆုံးမသတ်သော ကဗျာကလေးကို ရေး စပ်မိ၏ ။ သစ်ရွက်တစ်ရွက်ကား မုန်တိုင်းတွေ ပြင်းထန်စွာ တိုက်သည့်ကြားထဲမှပင် လွင့်ပျောက်၍ မသွားဘဲ ချာလည်ချာလည်နှင့် ဝေ့ကာမျောနေသည်။ အင်္ဂလိပ်ကို မောင်းထုတ်သည့် ဘီအိုင်အေစစ်တပ်ချီလာစဉ် သခင်နုမှာ ထောင်ထဲတွင် ရောက်နေ၏ ။ ဂျပန်ခေတ်က ဖက်ဆစ်ဆန့်ကျင်ရေး မြေအောင်း လုပ်ငန်းများ ကိုလုပ်နေစဉ် သခင်နုသည် ပြဇာတ်ကို လုံးပန်းလျက်ရှိနေသည်။ ကွန်မြူနစ်ခေါင်းဆောင် သခင်ဗဟိန်းသည် သခင်နု၏ အိမ်မှပင် မြေလျှိုးသွားခဲ့၏ ။ နောက် ဂျပန်အပြေးဝယ် သူသည် အဓိပတိနှင့် အတူ မုဒုံသို့ ပါသွား၏ ။ ၁၉၃၆ခု သပိတ်စသော လှုပ်ရှားမှု များ တွင် သူသည်ခေါင်းဆောင်ခဲ့ပြီး လက်နက်ကိုင် တော်လှန်ပုန်ကန်ထကြွသည့် အရေး တော် ပုံများ တွင် ကား သူသည် မုန်တိုင်းထဲတွင် မျော၍ နေပေသည်။

ပြန်လည်ထူထောင်ရေး ခေတ်တွင် သခင်နုသည် ဝန်ကြီးချုပ် ဖြစ်နေ၏ ။ လူမှ

ရေး ရာကို လျစ်လျူမရှု။တေးသီချင်း၊ ပြဇာတ်၊ စာပေ စသည့် ယဉ်ကျေးမှု များ ကိုမမေ့။ မှုမှုတာတနင့် အလယ်ကနေပေသည်။သူ၏ နိုင်ငံရေး အမြင်ကား ခေတ်မီချင်မှ မီပေမည် ။ သူ၏ နိုင်ငံရေး လုပ်ငန်းစဉ်ကား ခေတ်ပြောင်းတော် လှန်ရေး မဟုတ်ဘဲ ပြောချင်ပြောပေမည် ။ ကျွန်တော် မသိပေ။ယခုစာသည် နု-အက်တလီစာချုပ်ကို ဝေဖန်ခြင်းမဟုတ်။လူအ ဖြစ် သူ၏ ဘဝကို တစေ့တစောင်း ကြည့်ရှု ခြင်းသာ ဖြစ်ပေသည်။သူ့ဘဝနှင့် ယှဉ်လျှင် မဆုံးသော ကဗျာကိုပင် ထပ်၍ ဆိုပြချင်ပေသည်။

မုန်တိုင်းတိုက်သော်၊

လွင့်ဝိုက်လေပါ၊

ဝေ့လည်ချာနှင့် ၊

မျောကာ သစ်ရွက်တစ်ရွက်တည်း။

ဒဂုန်တာရာ

မက်လ ၊ ၁၉၄၈

(၆)

သခင်နု၏ စာပေလက်ရာအချို့

အမှာ ။ ၂၀၀၈ ခုနှစ် ၊ ဒီဇင်ဘာလ (၂၈)ရက်နေ့၊နံနက် (၁၀)နာရီခန့်တွင် ဇနီးသန်းသန်း ညွှန့်နှင့် အတူ ရွှေဂုန်တိုင်မီးပွိုင့်ကို ဖြတ်လျှောက်စဉ် မမျှော်လင့်ဘဲ စာရေးဆရာ သန်းဝင်းလှိုင်နှင့် တွေ့ကြသည်။ မတွေ့တာကြာပြီလေ၊ တွေ့လျှင်တွေ့ချင်း "အန်ကယ် သခင်နုရဲ့ စာပေ လက်ရာ သန့်သန့် ကလေး ရေးပေးနိုင်မလား"ဟုသူကမေးသည်။ ကျွန်တော် က "ဘာလုပ်ဖို့လဲ"ဟု မေးလိုက်ရာ အားမာန်သစ်စာပေတိုက်မှ ဦးနု၏ ဘဝနှင့် စာပေပေါင်းချုပ်ထုတ်မလို့တဲ့" ဟု ပြောသည်။

အတော် ခက်မယ့် အလုပ်ပဲဟု တွေးမိသည်။ကျွန်တော် သိရသလောက် သခင်နု စာတွေ အများ ကြီးရေး ခဲ့သည်။ ဘာသာရေး ၊ စာပေရေး ၊ ပြဇာတ်၊ကျန်းမာရေး ၊ ပညာပေး စသည်ဖြင့် ဘာသာရပ်စုံရေး သူ ဖြစ်သည်။ သခင်နု ရေး ခဲ့စာများ ကို ကျွန်တော် အကုန်မဖတ်နိုင်ပါ။ နိုင်ငံ ရေး စာပေများ ကိုသာ အာရုံစိုက်ဖတ်မိသည်။ ဒါကြောင့် အတော် ခက်မယ့် အလုပ်ပဲဟု ကျွန်တော် တွေး လိုက်ခြင်း ဖြစ်သည်။

သခင်နုက တက္ကသိုလ်ကျောင်းသားဘဝ မတိုင်မီကပင် ကျောင်းဆရာလုပ်ခဲ့သည်။ တက္ကသိုလ်ရောက်တော့လည်း ကျောင်းသားခေါင်းဆောင်။ ထိုအချိန်မှ သူကွယ်လွန်သည်အထိ သူ့ဘဝက သက်တံ့ရောင် စုံမှန်ပြောင်း(Kaliedoscope) လို စာပေရေး ရာ၊ ဘာသာရေး ၊ ပညာရေး ၊ နိုင်ငံရေး တို့ကို ရောယှက်ဆက်နွှယ်နေခဲ့သည်။ စာပေသန့်သန့်ရေး ၍ ရမှ ရပါ့မလားမသိပါ။ ကြိုးစားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုနေ့ အိမ်ပြန်ရောက်သည်နှင့် ဖတ်လက်စ ဦးသိန်းဖေမြင့်၏ "စာပေဘဝဇာတ်လိုလမ်းစုံ"ကို အပြီးဖတ်လိုက်သည်။ ဤစာအုပ်တွင် သခင်နု၏ ကိုနုဘဝကရေး ခဲ့သော စာပေဝေဖန်ရေး ဆောင်းပါးအကြောင်း အတန်အသင့်ပါသည်။ အနားတွင် အသင့်ရှိနေသည့် သခင်နု၏ "ငါးနှစ်ရာသီ မြန်မာပြည်" စာအုပ်မှ ကျွန်တော် မှတ်ထားသည် တို့ကိုလည်း ပြန်ကြည့်လိုက်သည်။ ဤသို့ဖြင့် "သခင်နု၏

စာပေလက်ရာအချို့" ဆောင်းပါးတစ်ပုဒ် ဖြစ်လာစေရန် ကျွန်တော် ရေး လိုက်ခြင်း ဖြစ်ပါသည်။ မပြည့်မစုံ ဖြစ်မှာ ကတော့ သေချာသည်။

သခင်နု၏ ဘဝအစနှင့် စာပေ

သခင်နုသည် ၁၉၀၇ ခုနှစ် ၊ မေလ (၂၅)ရက်နေ့ တွင် မြောင်းမြခရိုင်၊ ဝါးခယ်မမြို့တွင် အဘ ဦးစံထွန်း၊ အမိဒေါ်စောခင်တို့ က မွေးဖွားခဲ့သည်။ ငယ်စဉ်က ဆိုးလွန်း၊ တေလွန်းသဖြင့် "တာတေ"ဟု အမည် ရခဲ့သည်။ အသက်(၁၄)နှစ် (၇)တန်းကျောင်းဘဝတွင် ဝါးခယ်မမြို့၌ ဆိုင်မွန်ကော်မစ်ရှင် (မြန်မာနိုင်ငံကို အုပ်ချုပ်ရေး စနစ်တိုးပေးသင့်မသင့် စုံစမ်းရေး အဖွဲ့)ကို သပိတ်မှော က်ဆန္ဒပြပွဲတွင် ကျောင်းသားခေါင်းဆောင်အ ဖြစ် ဆောင်ရွက်ခဲ့သဖြင့် ခေတ္တ အဖမ်းခံခဲ့ရသည်။

၁၉၃၅ ခု မတိုင်မီကပင် သခင်နုသည် မောင်နုဘီအေအမည် ဖြင့် ဆောင်းပါးများ ၊ ပြဇာတ်များ ရေး နေပြီ ဖြစ်သည်။ ဦးဘချို၏ ဒီးဒုတ်ဂျာနယ်တွင် စာပေရေး ရာဆောင်းပါးအများ အပြား ရေး ခဲ့သည်။ သတင်းစာလုပ်ငန်းနှင့် ပတ်သက်၍ လည်း ဆောင်းပါးရှည်ကြီး ရေး ခဲ့သေးသည်။ ဒီးဒုတ်ဂျာနယ်တွင် သခင်နု ဖွင့်ပေးလိုက် သော အခန်းမှာ "စာအုပ်တရားသူကြီး" အခန်း ဖြစ်သည်။အင်္ဂလိပ်လို "Book Review" ဟုလည်း ရေး ထားသေးသည်။ ဤအခန်းတွင် သခင်နုသည် "တရားသူကြီး"အ ဖြစ်စာပေစီရင်ချက်ချလေသည်။စာရေး ဆရာ ဦးသိန်းဖေမြင့်က စာပေရေး ရာနှင့် ပတ်သက်၍ အထူးသဖြင့် ဝတ္ထုအရေး အသားနှင့် ပတ်သက်၍ ကျွန်တော့် အပေါ် ကိုနု၏ ဩဇာသက်ရောက်ခဲ့သည်။ကိုနုနှင့် ကျွန်တော် အတူသွား၊ အတူလာရင်း၊ အတူစားသောက်ရင်း၊ အတူရုပ်ရှင်ကြည့်ရင်း၊ အတူ ဖိုးစိန်ပွဲသွားရင်း စကားမျိုးစုံ ပြောခဲ့ကြသည်။ စာပေရေး ၊ နိုင်ငံရေး ၊ပုဂ္ဂိုလ်ရေး စသည်ဖြင့် ကိုနုသည် သူ ဖတ်ထားသော အင်္ဂလိပ်ဝတ္ထုများ အကြောင်း ပြောလေ့ရှိသည်။ စာပေအကဲဖြတ်နည်းဖြင့် ပြောစေခြင်း ဖြစ်သည်။

ကျွန်တော့် ကို အချို့စာရေး ဆရာများ ရေး သလို ချွတ်ယွင်းချက်မျိုး မပါအောင်ရေး ဖို့ သတိပေးသည်။ထိုစဉ်က ဝတ္ထုများ ရေး ရာတွင် ကြမ်းတမ်းသော စကားများ

ပါထိုက် မပါထိုက် အငြင်းပွားနေကြသည်။ဇာတ်ကောင်များ ပြောကြဆိုကြပုံကို ပကတိအတိုင်း ရေး သင့် မရေး သင့်လည်း ပါသည်။"ဝတ္ထု(ဝါ)ပြဇာတ်များ ရေး ရာ၌ လောက၌ ဖြစ်တတ်ပျက်တတ်သည့်သဘော၊ ၎င်းတို့ ကို ဖြစ်ပျက်သည့် ဓမ္မတာအတိုင်း အက္ခရာတင်မည် လော၊ သို့ တည်းမဟုတ် ဖတ်၍ တင့်တယ်အောင် ဓမ္မတာသဘောမကျသော် လည်း တစ်မျိုး တစ်ဖုံ အက္ခရာတင်မည် လော ဟူသော စေတနာကိုဝတ္ထုသို့ မဟုတ် ပြဇာတ်ရေး ဆရာတိုင်း လေးနက်စွာ ဖြေရှင်းရန် အချိန်ရောက်ပြီ"ဟု ကိုနု ရေး ခဲ့လေသည်။

ထိုသို့ ရေး ခဲ့ပြီး ကိုနုက အောက်ပါအတိုင်း ရေး လိုက်ပြန်သည်။"အရက်သမားနှင့် သူ့ မယား ရန် ဖြစ်ကြပုံ၊ ဆဲကြပုံကို သာဓကဆောင် ဖော်ပြလိုက်လေသည်။ ထိုကိစ္စမျိုးတွင် သဘာဝ အတိုင်း ပကတိစရိုက်နှင့် ရေး လေ့ရှိထားသော မြန်မာစာရေး ဆရာကြီး ပီမိုးနင်းနှင့် အင်္ဂလိပ်စာရေး ဆရာကြီး ဂျိမ်းဂျိုက်(စ်) (James Joyce) တို့ ကိုများ စွာ ချီးကျူးခဲ့လေသည်။ သခင်နုက ကိုသိန်းဖေရေး ခဲ့သော 'တက်ဘုန်းကြီး' ဝတ္ထုတွင် နိဒါန်း၌ သူ၏ စာပေအမြင်ကို အောက်ပါအတိုင်ရေး ခဲ့သည်။

"မြန်မာပြည်တွင် ပုံများ ကို ဝတ္ထုဟူ၍ နာမည် အလွဲတပ်ထားသည်ကို တွေ့ ရ၏ ။ ဝတ္ထုဖတ်သမားတို့ ကလည်း ဤသို့ နာမည် အလွဲ တပ်ထားသည်ကို မကန့်ကွက်ဘဲဆက်ကာ ဆက်ကာ ဖတ်၍ နေကြသည်မှာ သဘော ကောင်းလွန်း၍ သော လည်းကောင်း၊ ပုံနှင့် ဝတ္ထုတို့ ကိုခွဲခြား၍ မသိသေးသော ကြောင့် လည်းကောင်း ဖြစ်တန်ရာ၏ ။ ယခုနိဒါန်းတွင် ပုံသည် ဘယ်လို၊ ဝတ္ထုသည်ဘယ်ပညာဟူ၍ စစ်တမ်းအကျယ်ထုတ်ပြရန် မစွမ်းချေ။"သက်ကယ်ရိတ်သွားကြသော ရွှေယုန်နှင့် ရွှေကျားတို ၏ ပုံ၊ လင်းမြွေကြီးမျိုသော မယ်ဒွေးပုံ၊ အီးပေါက် မဆင်ခြင်မိသော ကြောင့် ကြောင်ကြီး အစားခံရသော ကြွက်ကလေး များ ၏ ပုံတို့ ကို စာဖတ်သူတို့ ကောင်းစွာ ကြားဖူးကြပေလိမ့်မည် ။ ၎င်းတို့ ကို ကြားရဖတ်ရ ပြီးနောက် ရွှေယုန်နှင့် ရွှေကျားတို့ ဟာ ဒီလိုတွေ ၊ ဒီလိုလုပ်၊ ဒီလို ဖြစ်သွားကြသည်ဟူသော ဇာတ်လမ်းလောက်သာ ကြားရဖတ်ရသူတို့ ၏ စိတ်ထဲတွင် ကျန်ရစ်၏ ။ ရွှေယုန်နှင့် ရွှေကျားတို့ ကား ပုံပြီးသည်နှင့် တစ်ပြိုင်နက် ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏ ။

"သို့ရာတွင် ဝတ္ထုမှာ ကား ဇာတ်လမ်းလောက်ပြောရုံနှင့် ကိစ္စမတုံး။ ပုသိမ်မြို့မှ လူ တစ်ယောက် သည် မန္တလေးသို့ အလည်သွားရာ မိမိ တည်းခိုသော အိမ်တွင် အိမ်ရှင်၏ သမီးတစ်ဦးသည် ချစ်သူနှင့် မပေါင်းရသော ကြောင့် သေသည်ကိုတွေ့ခဲ့ရ၏ ။"ပုသိမ်သို့ ပြန်ရောက်သော အခါ အထက်ပါ အ ဖြစ်အပျက် ဖြစ်ပွားသည့် အိမ်နှင့် တကွ ပတ်ဝန်းကျင်တို ကို မျက်စိထဲတွင် တရေး ရေး မြင်လျက်ရှိ၏ ။ ဖြစ်ပျက်သည့် အကြောင်းအရာတို့ကို အစမှအဆုံးအထိ တစ်စုံ တစ်ယောက် သော သူသည် မိမိအနားတွင် ကိုယ်ရောင် ဖျောက်လျက် လာပြော နေဘိသကဲ့သို့ ကြားနေရ၏ ။

သမီးသည် ကမ္ဘာ့ရန်သူကို ရှာ၍ ချစ်ရမည် လောဟု အမျက်ခြောင်းခြောင်း ထွက်လျက်ရှိသော ဖခင်၏ အလွန်ခက်ထန်ရက်စက်သည့်မျက်နှာ၊ ၎င်း၏ ကိုယ်လုံးကိုယ်ပေါက်၊၎င်း၏ အတွင်းစိတ်နှင့် လိုက်အောင် ဝတ်စားတတ်သော အဝတ်အစား၊ မိမိ လင်ယောကျ်ားမသိအောင် ကျိတ်ငို လျက်ရှိသော မိခင်၊ အချစ်နှင့် အသက် လွန်ဆွဲရာတွင် အချစ်ကို ပိုင်ပိုင်ကြီး အနိုင်ပေးလိုက် သော သေဆုံးသူမိန်းကလေးတို့သည် မိမိရှေ့တွင် ရုပ်ရှင်ပြသကဲ့သို့ ထင်းထင်းကြီးပေါ်လျက်ရှိနေ၏ ။ " သြော်..ချစ်ကြိုက်တဲ့သူနဲ့ မပေါင်းရလို့ သေတာပဲနော်"ဟူ၍ လည်း ပါးစပ်မှ မကြာခဏ သတိလစ်၍ ထွက်သွားမိ၏ ။

"၎င်းတရေး ရေး မြင်လျက်ရှိသော အိမ်နှင့် တကွပတ်ဝန်းကျင်ကို အင်္ဂလိပ်လို (Scenery) သို့မဟုတ်(Background) ဟုခေါ်သည်။ မြန်မာလို ခပ်လွယ်လွယ်"ပတ်ဝန်းကျင်"ဟု ခေါ်ကြပါစို့။ တစ်စုံ တစ်ယောက် အနားကပ်၍ ပြောနေသကဲ့သို့ ကြားနေရသော ဖြစ်ပျက်သည့်အကြောင်းအရာတို့ကို အင်္ဂလိပ်လို (Narrative) ဟုခေါ်သည်။ ၎င်းတို့ကို မြန်မာလိုလွယ်လွယ် 'ပုံ'ဟုခေါ်ကြပစို့။ ရက်စက်သော ဖခင်၊ လင်ကိုလည်းကြောက်၊သမီးကိုလည်း မလွမ်းဘဲမနေနိုင်သော မိခင်၊ အသက်ထက်အချစ်ကိုအနိုင်ပေးသော သမီးတို့၏ ကိုယ်အမူအရာစိတ်နေစိတ်ထားတို့ကို အင်္ဂလိပ်လို (Characteri-sation) ဟုခေါ်သည်။ မြန်မာလို 'သဏ္ဌာန်'ဟု ခပ်လွယ်လွယ် ခေါ်ကပါစို့။ ၎င်းအ ဖြစ်အပျက်ကို သိမြင်သော တစ်ဦး တစ်ယောက် က အကျဉ်းအားဖြင့် ဘာ ဖြစ်တာလဲ ပြောစမ်းပဟုမေးလျှင် 'ဟာ .... ချစ်သူနဲ့ မပေါင်းရလို့ သေတာဗျာ'ဟူ၍

ပြောရပေမည်။ ၎င်းချစ်သူနှင့် မရ၍ သေခြင်းကို အင်္ဂလိပ်လို(Plot) ဟုခေါ်သည်။ မြန်မာလို 'ဇာတ်လွမ်း'ဟု ခပ်လွယ်လွယ် ခေါ်ကြပါစို့။

"ဝတ္ထုဇာစ်ပုဒ်ကို သမ္မာရပရိစ္ဆေဒ ပြုလုပ်ပါလျှင် အထက်ကဖော်ပြခဲ့သော (၁)ပတ်ဝန်းကျင်၊ (၂)ပုံ၊ (၃)သဏ္ဌာန်၊ (၄) ဇာတ်လမ်းဟူ၍ လေးပိုင်းထွက်လာ၏ ။ထို့ကြောင့် ဝတ္ထုဟုဆိုသော အရာတစ်ခုကိုတွေ့၍ ၎င်းသည် ဝတ္ထုစစ်မစစ်သိချင်လျှင် အထက်ပါမှတ်ပုံတင်တွင် တင်၍ ဆန်းစစ်လိုက်ပါက ဟုတ်မဟုတ်၊ မှန်မမှန် လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားစွာ တွေ့ရမည် ဖြစ်ကြောင်း။"သို့ပင် ဖြစ်သော်လည်း အချို့ဝတ္ထု အကဲဖြတ်ဆရာတို့ကမူ တောတောင်၊ ဥတု စသည့် ပတ်ဝန်းကျင်အပါအဝင်တို့ကို ထည့်၍ ရေး သည်ကိုပင် အချိန်ဖြုန်းခြင်း ဖြစ်သည်။ ဝတ္ထုတွင် လိုရင်းလောက်ပါကတော် ပြီ စသည်ဖြင့် ချွေတာရေး လေသံများ ကို ပစ်ကြလေသည်။ အချိန်ကုန်မှာ အဟုတ်တကယ်ဆိုးလျှင် ဝတ္ထုဇာစ်ခုလုံးကိုပါ ဖျောက် ဖျက်ပစ်လျှင်ကား ကောင်းသေး၏ ။ အသေမသတ်ဘဲနှင့် အရုပ်ဆိုးအောင် လုပ်ထားခြင်းကား အသေသတ်ခြင်းထက်ပင် ရက်စက်ဘိသကဲ့သို့ ဝတ္ထုအင်္ဂါအစိတ်အပိုင်းအချို့ကို ဖြုတ်ထားခြင်းသည် ဝတ္ထုကို အစကအဆုံးအထိဖျောက်ဖျက်သည်ထက် ဆိုးသေး၏ ဟု ယူဆရာ၏ ။

"ယခု စာရေး သူ၏ သဘောမှာ မူကား ခေါင်းနှင့် ကိုယ်သာရှိသော သူကို လူဟုခေါ်နိုင်သေး၏ ။ အထက်ပါ(၁)ပတ်ဝန်းကျင်၊ (၂)ပုံ၊ (၃) သဏ္ဌာန်၊ (၄) ဇာတ်လမ်းတို့မှ တစ်ခုခုကို နုတ်ပစ်ထားသော အရာတစ်ခုကို ဝတ္ထုဟူ၍ မည် သည့်နည်းနှင့် မျှခေါ်ဆိုခြင်း မပြုနိုင်ဟု အယူရှိလေသည်။ ၎င်းသည် သီးသော အယူ ဖြစ်သည်ဟု အခြားပုဂ္ဂိုလ်တို့က ဆိုကောင်းဆိုပေလိမ့်မည် ။ ယခု စာရေး သူကား ၎င်းအယူထက် လျော့၍ မယူနိုင်ချေ၊"တက်ဘုန်းကြီး"ဝတ္ထုတွင် အဂ္ဂရတ်ဆရာ ကိုသိန်းဖေသည် ဝတ္ထု ဖြစ်နည်းနိယာမ်းကို မိမိ ရှာဖွေတွေ့ရှိပြီဟူသော သက်သေသာဓက မြောက်မြောက်မြားမြား အလွန်ထင်ရှားစွာ ပြသထားပေ၏ ။ ၎င်းဖတ်ရခြင်းအားဖြင့် ဤဆရာကို ချဉ်းကပ်ရလျှင် နောင်သော အခါ များ မကြာခင် သိဒ္ဓိဝင်သော မြန်မာဝတ္ထုကောင်း၊ ဝတ္ထုစစ်တို့ကို ကျွန်ုပ်တို့ မြန်မာပြည်တွင် သုံးဆောင်ရအံ့ဟူ၍ ဝမ်းမြောက်ခြင်း ဖြစ်ပေတော့၏ ။

မောင်နု

သခင်နု၏ ကိုသိန်း ဖေရေး 'တက်ဘုန်ကြီး'ဝတ္ထုကို အကြောင်းပြု၍ အထက်ပါအတိုင်း စာပေသဘောကိုရေး ရာ၌ လက်မှတ်ထိုးခဲ့သော် လည်း ရက်စွဲမပါသဖြင့် ကျွန်တော် မချင့်မရဲ ဖြစ်ခဲ့ရသည်။ ရက်စွဲပါလျှင် သခင်နု၏ စာပေဝေဖန်ရေး မှာ ကာလတန်ဖိုးပါ တိုးတက်သွားမည် ဖြစ်ပါသည်။ ကိုသိန်းဖေ၏ 'မင်းတိုင်ပင်'၊'စစ်သည်တော် '၊ 'ငါ့လင်နှင့် ငါ့ငွေ' ဝတ္ထုပေါင်းချုပ်ထုတ်စဉ်က ကိုနုသည် နိဒါန်းတွင် အောက်ပါအတိုင်းရေး ခဲ့ပြန်သည်။

"မိန်းမပေါ၏ ၊ သို့ ရာတွင် မယားရှား၏ "ဟူသော စကားကဲ့သို့ မြန်မာပြည်တွင် ဝတ္ထုစစ်၊ ဝတ္ထုကောင်းရှားပါးပြီးလျှင် ဝတ္ထုဟုအမည် တပ်ထားသော ပေါက်ကရစာစောင်တို သည် အလွန်ပေါလျက်ရှိ၏ ။ မှိုကဲ့သို့ ပေါလျက် ရှိသော ၎င်းဝတ္ထုအားလုံးလိုလို စစ်ကြည့်လိုက်လျှင် ဇာတ်လိုက်ယောကျ်ားနှင့် ဇာတ်လိုက်မိန်းမတို့ တွေ့ကြ၏ ၊ကွဲကြ၏ ၊ ပြန် ပေါင်းကြ၏ "ဟူသော ဇာတ်လမ်းမှတစ်ပါးအခြားဇာတ်လမ်းကို တွေ့နိုင်မည် မဟုတ်ပေ။အရပ်တစ်ရပ်တွင် ဆေးတစ်လက်တည်းကို ပုလင်း အမျိုးမျိုး၌ ထည့်၍ လူနာများ ကိုကုသလျက်ရှိသော ဆေးဆရာကဲ့သို့ မြန်မာပြည်ရှိ များ စွာ သော ဝတ္ထုရေး ဆရာတို့ သည် အထက်ဖော်ပြပါ တစ်ခုတည်းသော ဇာတ်လမ်းကို အမည် အမျိုးမျိုးပေး၊ ပတ်ဝန်းကျင် အမျိုးမျိုးထည့်ကာ ရေး သားလျက်ရှိချေသည်။ ၎င်းပြင် လူနာတို့ သည် အရသာရှိသော ဆေးကို သောက်ချင်စားချင်ကြသည်ကိုသိသော ဆေးဆရာတို့ သည် မိမိဆေးကို အရသာရှိအောင် စီမံထားဘိသကဲ့သို့ လူတို့ တွင် ရာဂစိတ်သည် အကြီးဆုံး၊ ဆွ၍ အလွယ်ဆုံး၊ အဆွခံချင်ဆုံးဟူသော အကြောင်းတို့ ကိုသိပြီး ဖြစ်သော စာရေး ဆရာအချို့တို့ မှာ နဂိုမပျက်ရုံသဘောမျှဖြင့် မဟုတ်ဘဲ ဖတ်သူတို့ ၏ စိတ်ကို ထကြွရန်ဟူသော ရည်ရွယ်ချက် တစ်ခုတည်းဖြင့် သာ ရာဂကိုဆွပေး သော စာကြောင်းများ ကို ရက်ရက်ရောရော ထည့်သွင်း ရေး သားခြင်းအားဖြင့် မိမိတို့ ဝတ္ထုများ ကို အရသာထူး အောင် လုပ်တတ်ကြလေသည်။ နောင်လာနောက်သားရာဇဝင်ဆရာမျှား က ယခုခေတ်ရှိ မြန်မာများ ၏ ယဉ်ကျေးခြင်းကို ကာလပေါ်ဝတ္ထုများ ဖြင့် ဆုံးဖြတ်ချေသော် အသည်းနာစရာ ကောင်းပေမည် ဖြစ်ကြောင်း။

စင်စစ်မှာ မူကား အထက်ဖော်ပြပါ ဇာတ်လမ်းတစ်မျိုးတည်းကို ရေလဲအမျိုးမျိုးဖြင့် သုံးသော ခေတ်ကုန်သင့်သည်မှာ ကြာမြင့်လေပြီ။ "လူတို့တွင် ချစ်စိတ်တစ်စိတ်တည်းရှိသလား" ဟူသော မေးခွန်းကို မြန်မာဝတ္ထုရေး ဆရာတို့သည် မိမိကိုယ်ကိုမိမိ မေးကြပါတော့။လူတို့တွင် စိတ်အမျိုးမျိုးများ သလောက် ဝတ္ထုဇာတ်လမ်းလည်း အမျိုးများ သင့်လေသည်။ အဘယ်ကြောင့် ဆိုသော် ဝတ္ထုဆိုသည်မှာ လူတို့၏ ချစ်ခန်း၊ ကြိုက်ခန်းများ ကိုသာပေါ်လွင်အောင်ရေး ရမည် ဟူ၍ ဥပဒေစည်းကမ်းချက်မရှိ။ ကမ္ဘာဦးကတည်းကစ၍ ယနေ့ တိုင်အောင် နေ့စဉ်နှင့် အမျှဖြစ်ပျက်လျက်သော အကြောင်းအရာတို့မှ မိမိတို့ နှစသက် ရာ ယူ၍ ဖြစ်သင့်ဖြစ်ထိုက်သည်တို့ထက် လိုလည်းမလို၊ပိုလည်းမပို တိတိကျကျရှိအောင် ရေး သားရလေသည်။ ထို့ကြောင့် ဝတ္ထုဆိုသည်မှာ အခြားမဟုတ်။ လောကကြီးတွင် ဖြစ်ပျက်ပြီး၊ ဖြစ်ပျက်တတ်၊ ဖြစ်ပျက်လျက်ရှိသော အတ္ထုပ္ပတ္တိတို့ကို စာလုံးဖြင့် တန်ဆာဆင်ထားသော 'စကားချပ်'တစ်ခု ဖြစ်သည်ဟုဆိုလျှင် မှား နိုင်မည် မဟုတ်ပေ။

သို့ ဖြစ်ရာ လောကကြီး၌ အချစ်စိတ်လည်းရှိ၏ ။အမုန်းစိတ်လည်းရှိ၏ ။ ငှင်းပြင် မနာလိုစိတ်၊ လောဘစိတ်၊သဝင်ကြောင်စိတ်၊ သားသမီးက မိဘကိုချစ်သော စိတ်၊ မိဘက သားသမီးကိုချစ်သော စိတ်၊ သစ္စာရှိသော စိတ်၊သစ္စာမဲ့သော စိတ်၊ ဒေါသစိတ်၊ မောဟစိတ် စသည်ဖြင့် စိတ်အမျိုးပေါင်း များ စွာ ရှိပေသေး၏ ။ ငှင်းစိတ်တစ်စိတ်လျှင် အနည်းဆုံး ဇာတ်လမ်းတစ်မျိုး ဖြစ်နိုင်၏ ။ ဥပမာဆိုသော် လင်ယောက်ျားအား မုန်းတီးသည့်အတွက်မည် ကဲ့သို့ ငှင်းမိန်းမက သေကြောင်းကြံစည်ပုံ၊ အိမ်နီးချင်းချမ်းသာသည်ကို မနာလိုသော ကြောင့် မကောင်းကြံစည် ပျက်စီးသွားပုံ၊ လောဘစိတ် တိုက်တွန်းသော ကြောင့် တစ်မိဝမ်းတွင် း အူတုံ့ဆင်းသည့် ညီရင်းအစ်ကိုကိုသတ်၍ ပစ္စည်းယူပုံ၊ သဝင်ကြောင်ပြီး မယားကိုအထင်မှာ း၍ သတ်ပစ်ပုံ၊ မိဘကိုချစ်သည့်အတွက် သားသမီးများ ကမည် သို့ အနစ်နာခံပုံ၊ သားသမီးများ ကို ချစ်သည့်အတွက် မိဘက မည် မျှစွန့်စားပုံ၊ ကိုယ် ဘေးကြုံညည်ကို ပဓာနမထားဘဲ ဆရာ့အသက်ကို ကယ်ဆယ်သည့် အစေခံ၏ သစ္စာရှိပုံ၊ လင်အပေါ် မိန်းမ ဖြစ်သူက သစ္စာမဲ့ပုံ၊

ဒေါ်သကြီးသော ကြောင့် မည် ကဲ့သို့ ပျက်စီးရပုံ စသည်တို့ ကိုဝတ္ထုအသီးသီး၏ ဇာတ်လမ်းတွင် အသုံးပြုနိုင်လေသည်။

သဝန်ကြောင်သော မိန်းမအကြောင်း ရေး ထားသည့် ဆဒ္ဒန်ဆင်မင်းဝတ္ထု သမီး နှစ် ယောက် ကိုယုံမိ၍ စုံလုံးကန်းရရှာသော အင်္ဂလိပ်စာရေး ဆရာကြီး ရှိတ်စပီးယား၏ 'ဘုရင်လီယာ'ပြဇာတ်၊ ၎င်းဆရာကြီး ၏ သဝန်ကြောင်သော ယောက်ျားအကြောင်းရေး ထားသည့် 'အော်သယ်လို'ပဇာတ်၊ ဘုရားထက် တန်ခိုးကြီး၍ မြေမြိုခံရသည့် ဒေဝဒတ်ဇာတ်၊ တစ်ဗိဇနာခြားကာမှုဖြင့် သီတာခုနစ်တန် တားသလိုထင်ပြီး အနှစ် ခုနစ်ရာတိုင်တိုင် ငိုပွဲဆင်လျက်ရှိသည့် သစ္စာရှိသော ကိန္နရီမောင်နှံဇာတ်၊ပတ်ဝန်းကျင်ဖျက်၍ လူပျက်ရသည့် ပြင်သစ်စာရေး ဆရာကြီး 'ဟူးဂိုး'ရေး သော 'လီမစ္စလေဘီး'ဝတ္ထုစသည်တို့ သည် အထက်ဖော်ပြခဲ့သော စကား၏ အကောင်းဆုံးသာဓက အချို့ပင်တည်း။

သို့ရာတွင် ယခုအခါ၌ မူကား လောကကြီးတွင် လူတို့ သည် အချစ်တစ်ခုတည်းနှင့် သာ အချိန်ကုန်နေဘိသည့်အလား တစ်ခါလာလည်း မွဲပြာပုဆိုးဟု ဆိုသည့်စကားကဲ့သို့ အချစ်ကိုသာလျှင် ဝတ္ထု၏ ဇာတ်လမ်းအ ဖြစ်များ စွာ သော ယခုခေတ် စာရေး ဆရာတို့ သည် ရေး သား လျက် ရှိကြလေသည်။၎င်းပြင် ၎င်းစာရေး ဆရာတို့ ၌ ကြီးသော အပြစ်တစ်ခုကား ဝတ္ထုရေး သားရာ၌ စာစီစာကုံး အထားအသိုကိုဂရုမစိုက်၊ ဖြစ်သလို ရေး တတ်ခြင်းပင် ဖြစ်လေသည်။လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ မစ္စတာမောင်မှိုင်း စသော မြန်မာစာရေး ဆရာကြီး တို့ သည် စာရေး ရာ၌ အထား အသိုကို အလွန်ဂရုစိုက်ကြသဖြင့် ၎င်းတို့ အရေး အသားကိုမြင်ကာမှုဖြင့် မည် သူ၏ အရေး အသား ဖြစ်သည်ကိုပြောပြနိုင်၏ ။

လူပုံသဏ္ဌာန်ကို ခပ်လှမ်းလှမ်းမှမြင်ရုံနှင့် ၎င်းလူသည် ဘယ်သူ ဖြစ်သည်ကို သိနိုင်၏ ။ အဘယ်ကြောင့် ဆိုသော် ၎င်း၏ ဟန် သို့မဟုတ် စတိုင်သည် အခြားသူများ နှင့် မတူသော ကြောင့်ဖြစ်သည်။ လူ၌ သာလျှင် စတိုင်ရှိသည်မဟုတ်၊ အရေး အသား၌ လည်း စတိုင်ရှိသေး ၏ ။ သို့ရာတွင် ယခုအခါ ဝတ္ထုရေး နေကြသော အချို့လူတစ်စုသည် ဘာကိုမျှ ဂရုမစိုက်၊ ၎င်းတို့ ကိုယ်ပိုင်စတိုင်လုံးလုံးမရှိ။ ဖြစ်ကတတ်ဆန်း အရမ်းသော့ ချ

လိုက်သည်သာများ လေသည်။

ဂျိုးဇက်ကွန်းရက်၊ သော မတ်ဟာဒီ စသည့် စာရေး ဆရာကြီး တို့ သည် စာတစ်ကြောင်းအတွက် သဘောကျသော စကားလုံးများ မရနိုင်လျှင် တနင်္ဂနွေတစ်ပတ်မျှအချိန်ကုန်ခံရာကြ၏ ။ အတုယူဖွယ်ပင်။တတိယအပြစ်ကား ၄င်းတို ဝတ္ထုတွင် ပါဝင်သော ဇာတ်လိုက်များ ကို chara-terisation ခေါ် သရုပ်ပေါ်အောင် မရေး သားနိုင်ခြင်းပင် ဖြစ်ပေသည်။ ဤကဲ့သို့ မရေး သားနိုင်ခြင်းကြောင့် ဝတ္ထုဟုခေါ်ထားသော စာအုပ်များ မှာ ဝတ္ထုဘာန်းတွင် မနေနိုင်ဘဲ 'ပုံ'အတန်းသို့ သာရောက်ကြလျက်ရှိ၏ ။

ဤကဲ့သို့ အပြစ်ပြရခြင်းသည် သူများ မျက်ချေးကိုဖော်ပြရခြင်း၌ ဝမ်းသာ၍ မဟုတ်ပေ။ လူတစ်မျိုး၏ ယဉ်ကျေးမှု ကိုဆုံးဖြတ်ရာ၌ ဝတ္ထုသည် အရေး ပါအရာရောက်သော အချက်ကြီးတစ်ချက် ဖြစ်ရကား ကိုယ့်ထီး၊ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် ယဉ်ကျေးသိမ်မွေ့ကာနေခဲ့ဖူး၍ ယဉ်ကျေးသိမ်မွေ့သော စာပေများ ၏ ပိုင်ရှင်များ ဖြစ်ကြသော မြန်မာလူမျိုးတို့ အား ကာလပေါ်ဝတ္ထုတို့ဖြင့် အဆက်ဖြတ်မည် ကို အလွန်စိုးသော ကြောင့် ဖြစ်ပါကြောင်း"ထို့ နောက် သခင်နုသည် ကိုသိန်းဖေ၏ ဝတ္ထုတိုများ နှင့် ပတ်သက်၍ အောက်ပါအချက်များ ကို ဝေဖန်သုံးသပ်ခဲ့လေသည်။ "မောင်သိန်းဖေ၏ ဝတ္ထုတိုများ ၌ လည်း ၄င်းမွေးဖွားရာ ဖြစ်သော ဘုတလင်မြို့၊ ၄င်းပြင် ပတ်ဝန်းကျင်ရှိ မောင်သိန်းဖေ တွေ့ဖူးဖန်များ သော လူတစ်စု၏ အတ္ထုပ္ပတ္တိကိုသာ များ သော အားဖြင့် တွေ့ရလေသည်။

ဤကဲ့သို့ရေး ရာ၌ နယ်ကျဉ်းသလောက် မလွယ်ကူပေ။ မောင်သိန်းဖေရေး သော အရပ်တစ်ဝိုက်ကို 'အညာ'ဟု ခေါ်ကြပါစို့။ အညာအရပ်သည် အောက်အရပ်ကဲ့သို မဟုတ်၊ အိမ်ဆောက်ပုံ ခြားနား၏ ။ သစ်ပင်၊ ဝါးပင်ပေါက်ပုံ ထူးခြား၏ ။ ဥတုကအစ ကွဲပြား၏ ။ အောက် အရပ်သား တစ်ယောက် အား ခြင်းတောင်းအတွင် းထည့်ပြီး ၄င်း မရောက်ဖူးသေးသည့် အရပ်တစ်ခုသို့ ခေါ်သွား၊ထိုအရပ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ၄င်းသည်အညာ အရပ်သို့ရောက်သည်ကို သိရှိ၏ ။ အညာသားတစ်ဦးအား အောက်သား တစ်ဦးက ယိုးဒယား (ယခုထိုင်းနိုင်ငံ)တွင် တွေ့ ၊ ၄င်းသည် အညာသား ဖြစ်မှန်း

အောက်သားသည် ကောင်းစွာ အကဲခတ်မိ၏ ။ အညာသား၏ မနှစသက် သော အရာများ ၊ လိုလားတောင့်တသော အရာများ ၊ ပြောပုံဆိုပုံများ ၊ သွားပုံလာပုံ၊ ဝတ်စားပုံများ သည် ၄င်းသည် အညာသား ဖြစ်မှန်းကို လုံးလုံးထောက်ခံလျက် ရှိလေသည်။

ထို့ကြောင့် အညာအရပ်ကို ဝတ္ထုရေး သားရာ၌ အောက်အရပ်နှင့် ဘာမှမခြား။ အညာသူ အညာသားများ အားလည်း အောက်သူအောက်သားများ ကဲ့သို့ သွားလာနေထိုင် ဝတ်စားစေလျှင် အင်္ဂလိပ်လူမျိုးတစ်ဦးသည်မြန်မာလို အဝတ်အစား ဝတ်သကဲ့သို့ လည်းကောင်း၊မြန်မာလူမျိုးတစ်ဦးသည် အင်္ဂလိပ်အဝတ်အစား ဝတ်သကဲ့သို့ လည်းကောင်း ဖတ်ရသည်မှာ အဆင်မပြေလှချေ။အညာအကြောင်းကိုရေး လျှင် ဖတ်ရသူ၏ စိတ်ထဲ၌ ၄င်းသည် အညာကိုရောက်ပြီး အညာသူ အညာသားများ နှင့် တွေ့ဆုံနေရသည်ဟု စိတ်ထဲတွင် အလိုအလျောက် ဖြစ်ပေါ်လာစေနိုင်ရမည် ။ သော မတ်ဟာဒီနှင့် ဂျိုဇက်ကွန်ရက်တို့ နာမည် ကြီးလာရသည့် အကြောင်းတစ်ရပ်သည် ဤကဲ့သို (Atmosphere)ခေါ် 'လေ'ပါအောင် ရေး နိုင်သော ကြောင့်ဖြစ်လေသည်။ မောင်သိန်းဖေ၏ ဝတ္ထုတိုများ ကို အကဲဖြတ်ရာ၌ အခြားအချက်များ တွင် အကဲခတ်ဆရာတို့ သဘောကွဲလွဲလျှင် ကွဲလွဲပေမည် ။ သို့ရာတွင် မောင်သိန်းဖေ၏ ဝတ္ထုများ ၌ (အညာ အက်မိုစဖီးယား)ခေါ် အညာ လေပါခြင်းကိုကား မည် သည့်အကဲဖြတ်ဆရာမှ သဘောကွဲလွဲမည် မဟုတ်ပေ။ ဤအချက် သည်လည်း မောင်သိန်းဖေ၏ ဝတ္ထုတိုများ ဖြင့် ထူးခြားသော သတ္တဝါတစ်ခုပေတည်း။

မောင်နု (၂၀-၈-၁၉၃၇)

မှတ်ချက်။ ထူးခြားစွာ ကျွန်တော် တွေ့ရသည်မှာ သခင်နု၏ အထက်ဖော်ပြပါ စာပေ ဝေဖန်ရေး ဆောင်းပါးတွင် မှ နေ့စွဲပါခြင်း ဖြစ်ပါသည်။သခင်နုသည် ကိုသိန်းဖေကို သူ့မွေးရပ်မြေ ဝါးခယ်မသို့ လည်းကောင်း၊ ဒေါ်မြရီ မိဘ များ နေထိုင်ရာ မော်ကျွန်း(ဒေါ်မြရီ၏ ဇာတိမှာ ပန်းတနော်မြို့ ဖြစ်သော် လည်း ယခုအခါ မော်ကျွန်းတွင် ဆန်စက်ဝယ်ပြီး ပြောင်းရွှေ့နေထိုင်ခြင်း ဖြစ်သည်) သို့လည်းကောင်း အလည်ခေါ် သွားလေသည်။

စာမူခ စနစ်သစ်

၁၉၃၆ ခုနှစ် လောက်က မြန်မာပြည်တွင် စာရေး ဆရာတိုင်း စာမူခကို ဉာဏ်ပူဇော်ခဟု သတ်မှတ်ပြီးပုံသေရခဲ့ကြသည်။ ကိုသိန်းဖေ၏ 'တက်ဘုန်းကြီး' ဝတ္ထုရေး ခကို သခင်နုနှင့် မြန်မာ့အလင်းဦးတင် တို့က(Royality) ခေါ်သော စာအုပ်ရောင်း ဈေးနှင့် စာပေတိုက်က ရိုက်နိပ်သော စာအုပ်အရေအတွက်ပေါ်တွင် ရာခိုင်နှုန်းဖြင့် ပေးသော စနစ်ကို စတင်ကျင့်သုံးလိုက်သည်မှ ယနေ့ တိုင် ကျင့်သုံးနေကြသည်။ သို့ဖြင့် စာမူခစနစ်သစ်ပေါ်ပေါက်ခဲ့ရလေသည်။ထို့နောက် သခင်နု အိန္ဒိယ ပြည်ကာလကတ္တား(ယခု ကိုးလ်ကတ္တား)သို့ ကိုထွန်းအေးနှင့် အတူ ဗုဒ္ဓဂါယာ ဘုရားဖူးနှင့် နိုင်ငံရေး စာအုပ်များ (အင်္ဂလိပ်ဘာသာ)ဝယ်၍ ရန်ကုန်တွင် စာကြည့်တိုက်ထောင်ရန် ရောက်သွားခဲ့သည်။ ထိုစဉ်က ကိုသိန်းဖေနှင့် ကိုလှဖေ (နောင်ဗိုလ် လကျ်ာ)တို့ ကလကတ္တားတွင် ရှိနေကြသည်။

သခင်နုတို့ကို ကိုသိန်းဖေနှင့် ကိုလှဖေက ဗုဒ္ဓဂါယာ ကိုဘုရားဖူးလိုက်ပို့ သည်။ ထို့ပြင် သခင်နုတို့ကို ကာလကတ္တားမှ မိုင် ၁၀၀ ကျော်ဝေးသော အင်္ဂလိပ်စာပေပညာရှင် တဂိုး ထူထောင်ထားသည့် နာမည် ကြီးလှသော ရှန္တိနီကေတန် တက္ကသိုလ်သို့ လိုက်ပို ခဲ့သည်။ ရှန္တိနီကေတန်မှ ကလကတ္တားသို့ အပြန် မီးရထားပေါ်တွင် သခင်နုက ကိုသိန်းဖေနှင့် ကိုလှဖေတို့ကို ဤသို့ ပြောခဲ့သည်။

"ဟေ့ မောင်သိန်းဖေ၊ တို့ဗမာပြည်မှာ ဘိလပ်(အင်္ဂလန်)ပြန်တွေ ၊ ဂျာမနီပြန်တွေ ၊ အမေရိကန်ပြန်တွေ နာမည် ယူသလို ငါလည်း ရှန္တိနီကေတန်ပြန် မောင်နုလို နာမည် တပ်လိုက်မယ်၊ မင်းက ရှန္တိနီကေတန်ပြန်မောင်သိန်းဖေပေါ့ကွာ၊ မောင်လှဖေကလည်း ရှန္တိနီကေတန်ပြန် လှဖေပေါ့ကွာ ဟား... ဟား... ဟား"ထိုစဉ်က သခင်နုသည် ၁၉၃၆ ခုနှစ် မြန်မာနိုင်ငံကျောင်းသားသပိတ်ကြီး လုန်ပြီးကာစတွင် အစိုးရအထောက်အပံ့ခံ မဟုတ်သော အမျိုးသားတက္ကသိုလ်တစ်ခုကို ထူထောင်လျက်ရှိ လေသည်။ ဦးသွင် (ရွှေတိဂုံဘုရား ဂေါပကလူကြီး ဆာဦးသွင်) စသော မျိုးချစ် ပုဂ္ဂိုလ်ကြီးများ က အမျိုးသားတက္ကသိုလ်ကို အားပေးထောက်ခံလျက်ရှိသည်။

ကိုသိန်းဖေက ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်အကြောင်းရေး ခဲ့သော သပိတ်မှော က်ကျောင်းသား သခင်နုက အောက်ပါအတိုင်း နိဒါန်းရေး

ခဲ့သည်။"မောင်သိန်းဖေနှင့် ၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်နှင့် ပတ်သက်၍ အချို့ကိစ္စများ တွင် သဘောကွဲလွဲသော် လည်း ကျောင်းသားသပိတ်နှင့် ပတ်သက်ပြီး ရှိအပ်သော ဝတ္တုရားစ်ပုဒ် ဖြစ်သဖြင့် တည်းဖြတ်ပေးလိုက် ရသည်"

# (၇)

သခင်နုနှင့် နဂါးနီစာအုပ်အသင်း

ကိုနု၊ ကိုစိုး၊ ကိုသန်းထွန်းတို့ သည် ၁၉၃၇ခုနှစ် နိုဝင်ဘာ ၄ရက်နေ့ တွင် အင်္ဂလန်မှ လက်ဝဲစာအုပ်တိုက် (Left-Book Club) နှင့် ဗစ်တာနှင့် ဂေါလန်(ဇ်) (Victor and Gor-lonze) အသင်းကို နမူနာယူ၍ နဂါးနီစာအုပ်အသင်းကို ထူထောင်ခဲ့လေသည်။ စာအုပ်အသင်း မန်နေဂျာမှာ ထားဝယ်သား ကိုထွန်းအေး ဖြစ်သည်။ နဂါးနီ စာအုပ်အသင်း ကြော်ငြာကို သခင်နုကအောက်ပါအတိုင်းရေး ခဲ့သည်။

"မြန်မာပြည် လွတ်လပ်ရေး ပန်းတိုင်သို့ လျင်လျင် မြန်မြန် ပို့ဆောင်နိုင်ရန် လွတ်လပ်ရေး တိုက်ပွဲအတွက် နိုင်ငံရေး ပရိယာယ် (နည်းဗျူဟာများ )ပါဝင်သည့်စာအုပ်များ ၊ တစ်ကမ္ဘာလုံးရှိ လွတ်လပ်ရေး အတွက် စွန့်စားသူတို့၏ ခြေလှမ်းများ ကိုဖော်ပြသည့် စာအုပ်များ ၊ လွတ်လပ်ရေး စိတ်ဓာတ်များ တဖွားဖွားပေါ်စေမည့် ဝတ္ထုများ ၊ ပြဇာတ်များ ၊ သွေးထိုးပေးမည့် အတ္ထုပ္ပတ္တိများ ကို လက်ရွေးစင် စာအုပ်အသင်းဝင်များ ဖြစ်ကြသော သန်းထွန်း၊ မောင်စိုး၊ မောင်နုတို့ က ရွေးချယ်၍ လွတ်လပ်ရေး ကိုလိုလားသူတို့ အတွက် လစဉ်ကြေးမရှိ။ တစ်အုပ်ကျစီထုတ်ပေးမည် ဖြစ်ပါကြောင်း။" ဤသည်မှာ များ မကြာမီ ဖွင့်လှစ်တော့မည့် နဂါးနီစာအုပ်အသင်းအတွက် ပန်ကြားလွှာ မှ ကောက်နုတ်ချက် ဖြစ်ပါသည်။

"ထကြွလော့၊ စစ်နိုင်ချင်လျှင် လက်နက်ကောင်းလည်းရှိ၊ စစ်အတတ်လည်း ကျွမ်းကျင်ရမည် ။ လွတ်လပ်ရေး လိုလျှင် နဂါးနီအသင်းသား ဖြစ်ပြီး နိုင်ငံရေး အတတ်ကျွမ်းကျင် ကြလော့။ ဝင်ကြေး၊ လစဉ်ကြေး၊ နှစ် စဉ်ကြေးမပေးရ။ အခမဲ့ထုတ်ဝေသော စာအုပ်စိမ်းများ ကို အရပ်ရပ်ရှိ စာအုပ်ဆိုင်များ မှာ တောင်းယူကြပါ"

နဂါးနီ စာအုပ်အသင်း

အမှတ် (၁၅၁)၊ စကော့ဈေး (ယခုဗိုလ်ချုပ်ဈေး)

စာတိုက်သေတ္တာနံပါတ်(၉၀၁)၊ ရန်ကုန် ။

စာနယ်ဇင်းအချို့တွင် နဂါးနီစာအုပ်အသင်း ပေါ်ထွက်လာကြောင်း ဆောင်းပါးများ ရေး ကြသည်။ ဆောင်းပါးတွင် နဂါးနီစာအုပ်အသင်း၏ အကျိုးဆောင်များ မှာ ကိုနု၊ ကိုစိုး၊ ကိုသန်းထွန်း ဖြစ်သည်ဟု ဖော်ပြကြသည်။မျှား မကြာမီအချိန်တွင် ဒီးဒုတ်ဂျာနယ်ပိုင်ရှင်နှင့် အယ်ဒီတာချုပ် ဦးဘချိုက ဦးဘနိုင် နှင့် ပူးပေါင်း၍ 'ဖေဘီယန်' (Fabian Party) 'ဆင်းရဲသားအကျိုးဆောင် ဖေဘီယန်ပါတီ ထူထောင်ခဲ့သည်။ သခင်နု ခရီးထွက်နေစဉ် ဖေဘီယန်ပါတီ၏ ဒုဥက္ကဋ္ဌဟု အမည် တပ်လိုက်ရာကိုနု ရန်ကုန်ပြန်အရောက်တွင် ဖေဘီယန်ပါတီတွင် သူပါဝင်ခြင်းမပြုလိုကြောင်း ငြင်းချက်ထုတ် ကြေညာလိုက် သည်။ သခင်နု နဂါးနီစာအုပ်အသင်းဟူ၍ အမည် ပေါ်ခဲ့သည်နှင့် ပတ်သက်၍ စာရေး ဆရာ ကိုသိန်းဖေ (သိန်းဖေမြင့်)က ဤသို့ ရေး ခဲ့သည်၊"ကိုနုသည် အင်္ဂလန်မှ ဗစ်တာဂေါလင့်(ဇ)နှင့် လက်ဝဲစာအုပ်အသင်းကို နမူနာယူကာ နဂါးနီစာအုပ်တိုက်နှင့် နဂါးနီစာအုပ်အသင်းကို ထူထောင်ခဲ့ခြင်း ဖြစ်လေသည်။ ကိုနုသည် ဝါဒဖြန့် ရာတွင် စိတ်ကူးကောင်းသူ ဖြစ်သည်။ လူထု၏ ဥပဒါန်အစွဲအလမ်းများ နှင့် တန်ခိုးဣဒ္ဓိပါဒ် ယုံကြည်မှု များ ကို (သူကိုယ်တိုင် မည် မျှယုံကြည်ဟု မသိရသော် လည်း) ကောင်းစွာ အသုံးချတတ်သူလည်း ဖြစ်သည်။ ထို့ကြောင့် နဂါးနီ ဟူသော အမည် ကိုယူခြင်း ဖြစ်လေသည်။ (ဂျပန်တို့၏ နဂါးနက်အသင်း နှင့် ခြားနား လို၍ လော၊ စနေနာမ်နဂါးက စနေနာမ်နီပြီး စနေသားမောင်နုကို တန်ခိုးထွား အကျိုး များ စေလို၍ လောမပြောတတ်ပါ)။

နဂါးနီစာအုပ်အသင်း ဖွင့်ပွဲအတွက် ကိုနု၏ စာသားများ နှင့် ရွှေတိုင်ညွန့် သီကုံးထားသော နဂါးနီသီချင်းကို ခင်မောင်ရင် က သီဆိုပါသည်။ ထိုအချိန်က ခင်မောင်ရင် နာမည် မကြီးသေးသော် လည်း နဂါးနီသီချင်းထွက်ပေါ်လာသော အခါ နဂါးနီသီချင်းရော၊ ခင်မောင်ရင်ပါ ပြည်သူလူထု ပါးစပ်ဖျားမှာ ရေပန်းစားသွားတော့သည်။ နဂါးနီစာအုပ်အသင်းသည် တစ်မဟုတ်အတွင် း ကျော်ကြားသွားခဲ့၏ ။ အစက ခက်ခက်ခဲခဲ စည်းရုံးကောက်ယူခဲ့ရသော အသင်းဝင်အရေအတွက်သည်ခုန်တက်သွားခဲ့လေသည်။

နဂါးနီသည်၁၉၃၇ ခုနှစ် နိုဝင်ဘာလမှစ၍ ၁၉၄၁ ခုနှစ် အထိ စာအုပ်ပေါင်း ၄၁

အုပ် ထုတ်ဝေခဲ့ရာ 'မြန်မာနိုင်ငံရေး ရာဇဝင်'၊ 'ဒေါက်တာဆွန်ယက်ဆင်'၊'ဂိုဆေရီဇော်'၊ 'ဗမာ့အရေး '၊ 'ဆိုရှယ်လစ်ဝါဒ'၊ 'ဗမာတော် လှန်မှု '၊ 'ခေတ်သစ်မြန်မာပြည်'၊'ကုလားဗမာတိုက်ပွဲ'၊ 'သပိတ် မှော က်ကျောင်းသား'၊'လွတ်လပ်ရေး တိုက်ပွဲ'၊ 'ဆင်းရဲသားဝါဒ' စသည်တို့ ပါဝင်လေသည်။

နဂါးနီစာအုပ်အသင်းက ၁၉၃၇ ခုနှစ် ၊ နိုဝင်ဘာလ တွင် ပထမဆုံး ထုတ်ဝေလိုက်သော စာအုပ်မှာ ဆရာလွန်း၏ အတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။"ကိုသိန်းဖေ ရေး ခဲ့သည့် နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့သော စာအုပ်စာရင်းတွင် ကျွန်တော် မှတ်မိသလောက်စာရေး သူများ နှင့် စာအုပ်စာရင်းကို ထပ်ဖြည့်ပါမည် ။ ဆရာလွန်း (နောင်သခင်ကိုယ်တော် မှိုင်း) အတ္ထုပ္ပတ္တိကို ကိုသိန်းဖေ ရေး ခဲ့ခြင်း ဖြစ်သည်။ မြန်မာပြည် နိုင်ငံရေး ရာဇဝင်(ထိုစဉ်က သမိုင်းဟုမရေး ကြသေးပါ)ကို ဖေဘီယန် ဦးဘခိုင် ရေး ခဲ့သည်။ ဒေါက်တာဆွန်ယက်ဆင်(တရုတ်ပြည်မှ အမျိုးသားခေါင်းဆောင်ကြီး)ကို သခင်နု ဘာသာပြန်ခဲ့သည့်စာအုပ်ထင်ပါသည်။ ဂိုဇေရီဇော် (ဖိလစ်ပိုင်နိုင်ငံ အမျိုးသားခေါင်းဆောင်၊ ဖိလစ်ပိုင်နိုင်ငံကိုစပိန်တို့ စိုးမိုးအုပ်ချုပ်နေစဉ် လွတ်လပ်ရေး အတွက်ကြိုးပမ်းခဲ့သူ ဒေါက်တာ ဂိုဇေရီဇော်ကို စပိန် နယ်ချဲ့သမားတို့ က ကွပ်မျက်ခဲ့သည်) ဤစာအုပ်ကို မြို့မဆရာဟိန်း ဘာသာပြန်ခဲ့သည်။ ဗမာ့အရေး (စာရေး ဆရာပေါင်းစုံ ရေး ခဲ့သည်)၊ ဆိုရှယ်လစ်ဝါဒ (သခင်စိုး ရေး ခဲ့သည်) ၊ ဗမာတော် လှန်မှု (သခင်စိုးပင်ရေး ခဲ့သည်) ၊ခေတ်သစ်ဗမာပြည် (ရေး သူကိုမမှတ်မိပါ )၊ ကုလားဗမာတိုက်ပွဲ (ကိုသိန်းဖေရေး ခဲ့သည်)၊ သပိတ်မှော က်ကျောင်းသား (ကိုသိန်းဖေမြင့်) ၊ လွတ်လက်ရေး တိုက်ပွဲနှင့်ဆင်းရဲသားဝါဒ (ဤစာအုပ်များ ရေး သူကို မမှတ်မိပါ)။"၁၉၃၇ခုနှစ် နိုဝင်ဘာလမှ ၁၉၄၁ခုနှစ် အထိ"ဟု ကိုသိန်းဖေ ရေး ခဲ့ပါသည်။ ၁၉၄၁ ခုနှစ် ၊ ဩဂုတ်လတွင် နဂါးနီစာအုပ်တိုက်ကို ကြီးကြပ်တာဝန်ယူနေသူ သခင်ထွန်းရွှေ(ထားဝယ်) အဖမ်းခံခဲ့ရသည်။ နဂါးနီစာအုပ်တိုက်နှင့် စာအုပ်အသင်းကို ကြီးမှူးစီမံနေသော သခင်နုလည်း အင်းစိန်ထောင်တွင် သခင်စိုး၊ သခင်သန်းထွန်းတို့ နှင့် အတူ ထောင်ကျနေသည်။ သို့ဖြင့် နဂါးနီ စာအုပ်တိုက် ရပ်စဲသွားရခြင်း ဖြစ်ပါသည်။

အဓိကမောင်းနှင်အား

နဂါးနီစာအုပ်အသင်း အကျိုးဆောင်များ အ ဖြစ် မောင်သန်းထွန်း၊ မောင်စိုး၊ မောင်နုဟု လက်ထိုးကြော်ငြာကမ်းသော် လည်း အဓိက မောင်းနှင်အားမှာ သခင်နု ဖြစ်ပါသည်။ ကိုသန်းထွန်း နှင့် ကိုစိုးတို့ သည် သခင်နုနှင့် အတူ ထုတ်ဝေမည့် စာအုပ် ရွေးချယ်ရေး ကိုသာ တာဝန်ယူရပါသည်။ သခင်နုသည် ငွေရေး ကြေးရေး ကအစအားလုံး တာဝန်ယူခဲ့ပါသည်။ အလုပ်စီမံခန့် ခွဲမှု လုပ်ငန်းများ တွင် မန်နေဂျာ ကိုထွန်းအေး(ထားဝယ် နောင်နဂါးနီထွန်းအေးဟု အမည် တွင် ခဲ့သူ)အား သခင်နုက ဒိုင်ခံကူညီခဲ့၏ ။ နဂါးနီစာအုပ်အသင်းမှထုတ်ဝေသော စာအုပ်များ ကို ပုံနှိပ်သူမှာ မြန်မာ့ရုပ်ရှင် ဦးမောင်မောင် ဖြစ်ပါသည်။

သခင်နု၏ စာဖတ်နည်း

နဂါးနီစာအုပ်အသင်း ထူထောင်ရာတွင် သခင်နုနှင့် အတူပါဝင်ခဲ့သော ကိုသန်းထွန်း၊ ကိုစိုးတို့ သည် စာဖတ်အား ကောင်းကြသူများ ဖြစ်သည်။

ကိုသန်းထွန်းသည် ၁၀တန်း အောင်ပြီးနောက် ရန်ကုန်ဆရာ ဖြစ်သင် တက္ကသိုလ်မှ တီတီစီအောင်လက်မှတ် (Teacher Traning College) ရခဲ့သည်။ ကိုသန်းထွန်းသည် ဆရာ ဖြစ်သင်တက္ကသိုလ်နေကတည်းက သခင်နု အစရှိသည့် တက္ကသိုလ်ကျောင်းသား သမဂ္ဂခေါင်း ဆောင်များ နှင့် ရင်းနှီးခဲ့သည်။ အင်္ဂလိပ်လိုရော မြန်မာလိုပါ ပညာရေး ၊ နိုင်ငံရေး နှင့် အထွေထွေ ဆောင်းပါးများ ကိုကလောင်မည် အမျိုးမျိုးဖြင့် ရေး ခဲ့သည်။ ကိုသန်းထွန်းသည်စာအုပ်ရေး ခဲ့ခြင်း မရှိပဲ အခြားသူများ စာအုပ်တွင် နိဒါန်း၊အမှာ စသည်ဖြင့် ရေး လေ့ရှိသည်။ အမှာ ရေး ရာတွင် အလွန်တော် သူ ဖြစ်၏ ။ ကျွန်တော် မှတ်မိသရွေ့ ကိုဗဟိန်း ရေး သော 'ခေရှင်လောက' စာအုပ်တွင် ကိုသန်းထွန်း အမှာ ရေခဲ့သည်။ နိုင်ငံရေး ဆောင်းပါးရေး ရာတွင် သုပဏ္ဏကဟူ၍ လည်းကောင်း၊ နောက်ပိုင်းတွင် ဆိုရှယ်လစ်ဝါဒ အကြောင်းရေး ရာ၌ 'ပတ်မကြီး'အမည် ဖြင့် လည်းကောင်းရေး ခဲ့သည်။

သခင်စိုးကား တက္ကသိုလ်ကျောင်း မရောက်ဖူးပါ။အင်္ဂလိပ်-မြန်မာ ၇တန်းမျှသာ အောင်ခဲ့သည်ဟုသိရသည်။သန်လျင်ဘီအိုစီ(Burma Oil Company)၏

ရေနံချက်စက်ရုံတွင် ဓာတုဗေဒ အလုပ်သမားအ ဖြစ် လုပ်ကိုင်ခဲ့သည်။ သခင်စိုးသည် စာဖတ်အလွန်ဝါသနာပါသဖြင့် စာကြမ်းပိုးဟု အခေါ်ခံရသူ ဖြစ်သည်။ သူ စာဖတ်ပုံက ကိုသန်းထွန်းလို အမြန်အဆန် မဟုတ်ဘဲ လေးလေးနက်နက် ဖတ်သည်။ နိုင်ငံရေး လုပ်ရန် ဘီအိုစီ အလုပ်ကထွက်ပြီး နိုင်ငံရေး စလုပ်သော အခါ
ရန်ကုန်ပြောင်းခဲ့ပြီးဟိုအိမ်သည့်အိမ်တွင် ကပ်နေခဲ့သည်။ စာကို တွင် တွင် ဖတ်တော့သည်။ စာကြည့်တိုက်များ တွင် ဖတ်သည်။ အပေါင်းအသင်းများ ထံမှ စာအုပ်ငှားဖတ်သည်။ မဝယ်နိုင်သော စာအုပ်ကို နေ့ စဉ်ဆိုင်သွားပြီး မတ်တတ်စာမြီးသလို အပြီးဖတ်လေ့ရှိသည်။ စာဖတ်သည့်ကိစ္စတွင် သခင်နုသည် ကိုသန်းထွန်းနှင့် သခင်စိုးတို့ အကြား အလယ်အလတ်လမ်း ကျင့်သုံးသူ ဖြစ်လေသည်။ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေမည့် စာအုပ်များ ကိုရွေးချယ်ရာတွင် သူတို့ သုံးဦး အစပိုင်းတွင် ပူးပေါင်းဆောက်ရွက်ခဲ့ကြပြီး နောက်ပိုင်းတွင် နဂါးနီစာအုပ်တိုက်နှင့် အသင်းအတွက် သခင်နုသာ တစ်ဦးတည်း ဒိုင်ခံဆောင်ရွက်ခဲ့ရလေသည်။

နဂါးနီစာအုပ်အသင်းသို့ ကျွန်တော် အသက် ၁၃နှစ် ခန့် က ဝင်ခဲ့သော်လည်း ရပဲတန် - ငါးပဲတန် (ယခုကျပ် ၅၀-၆၀ခန့် ) စာအုပ်မဝယ်နိုင်သဖြင့် ဓနဖြူမြို့လယ်စာပို တိုက်အနီးမှ စာဖတ်အသင်းသို့ သွားပြီး နဂါးနီစာအုပ်တိုက်မှထုတ်သော 'မြန်မာပြည်နိုင်ငံရေး ရာဇဝင်','ဂျူဆရီဇော်', 'ဆိုရှယ်လစ်ဝါဒ', 'ဓနရှင်လောက','လူမွဲတို့ ၏ ထွက်ရပ်လမ်း' စသည့်စာအုပ်များ ကို ဖတ်ခဲ့ရသည်။ရုပ်ရှင်ဇာတ်လိုက် ခင်မောင်ရင်ဆိုသည့် နဂါးနီသီချင်းကိုလည်း ထိုစဉ်က နှစ် နှစ် ခြိုက်ခြိုက် အရကျက်ခဲ့သည်။ အသံမကောင်းပေမယ့် အများ သူ နားကြားပြင်းကပ်အောင် ဟစ်ခဲ့သည်။ ယနေ့ တိုင် နဂါးနီသီချင်းကိုတစ်ဝက်တစ်ပျက် ကျွန်တော် ရသေးသည်။

"ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါသည်၊ တို့ အမျိုးသားတိုင်းပြည်၊ x x x x x x x x x x x x x x x x x x x x x x x ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည် လူမွဲတွေ က မနေးခေတ်မီ သူဌေး ဖြစ်တော့မည် တို့ နဂါးနီ"(၂)

"ရှင်အဋ္ဌဃောဏနဲ့ ဘိုးဘိုးအောင်တို့ မတဲ့ကိန်းဆိုက်ပြီ တို့ နဂါးနီ"

နှစ် ပေါင်း၇၀ ကျော်ခဲ့လေပြီ။ ဒါကြောင့် နဂါးနီသီချင်းကို ဤမျှသာ ကျွန်တော် မှတ်မိတော့သည်။

နဂါးနီစာအုပ်အသင်း

နဂါးနီစာအုပ်အသင်းတည်ရာမှာ ပထမတွင် စကော့ဈေး (ယခုဗိုလ်ချုပ်ဈေး) အနောက် ဘက်တန်းတွင် ဖြစ်သည်။ အောက်ထပ်(မြေညီထပ်)တွင် အသင်းစာအုပ်လုပ်ငန်းဌာနနှင့် အပေါ်ထပ် (အထပ်ခိုး)တွင် အသင်းဌာနချုပ် တည်ရှိသည်။ ၁၉၄၀ ခုနှစ်၊ ဖေဖော်ဝါရီလောက်တွင် လွှစ္စလမ်း(ယခု ဆိပ်ကမ်းသာလမ်း) အလယ် ဘလောက်သို့ ရွှေ့သွားခြင်း ဖြစ်သည်။ ၁၉၄၀ ခုနှစ်၊ ဇွန်လတွင် သခင်နု အစီအစဉ်ဖြင့် စနေ နဂါးနီဟူသော အပတ်စဉ်ဂျာနယ်ကိုစတင်ထုတ်ဝေသည်။ တာဝန်ခံ အယ်ဒီတာမှာ ထားဝယ်သား သခင်ထွန်းရွှေ ဖြစ်သည်။ နောင်နဂါးနီထွန်းရွှေဟု ထင်ရှားလာသူ ဖြစ်သည်။ သခင်နုသည် ဆောင်းပါးများ နှင့် စာအုပ် အများ အပြားရေး ခဲ့သည်။

ကျွန်တော် မှတ်မိသရွေ့ ဖော်ပြရပါက 'လူမွဲတို့၏ ထွက်ရပ်လမ်း' စာအုပ်သည်အင်္ဂလိပ် စာရေး ဆရာ R.Page Arrot ရေး သည့် A Short History of the Russian Revolution စာအုပ်ကိုမှီး၍ ရေး ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မ ဖြစ်မီ တရုတ်ပြည်ချုံကင်း သို့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သွားရာတွင် သခင်နုပါခဲ့သည်။ ဤအတွေ့ အကြုံကို 'ဂန္ဓာလရာဇ်' အမည် ဖြင့် စာအုပ်တစ်အုပ် ရေး ခဲ့သည်။

၁၉၄၀ခုနှစ်၊ ကာကွယ်ရေး ပုဒ်မ ၃၈ဖြင့် ထောင်ကျသော အခါ သာယာဝတီထောင်သို့ ခေတ္တ ရောက်သွားပြီး ရာဇဝတ်သား ထောင်ကျတစ်ယောက် ဘဝအ ဖြစ်ဆိုးကို အခြေခံ၍ နယ်ချဲ့ အင်္ဂလိပ်တို့၏ အကျဉ်းထောင်များ သည် လူဆိုးများ ကိုကောင်းလာအောင် မပြုပြင်ဘဲ ဆိုးသထက် ဆိုးလာအောင် ဖြစ်စေခဲ့ကြောင်း၊ အချို့ကိစ္စများ တွင် ရာဇဝတ်အကဉ်းသားများ ကို ကြေကွဲဖွယ် ဘဝမှမလွတ်စေကြောင်း သရုပ်ဖော်သည့် 'ရက်စက်ပါပေ့ကွယ်'စာအုပ်ကိုရေး ခဲ့သည်

ကျွန်တော် ရေး သည့် 'ဘုံဘဝမှာ ဖြင့် ' တွင် သခင်နု ၏ ပုံဟန်ကို ဤသို့ ဖော်ကျူးခဲ့သည်။ 'လူမွဲတို့၏ ထွက်ရပ်လမ်း' စာအုပ်(၂)စောင်တွဲ ကိုရေး ခဲ့သဖြင့် လည်းကောင်း၊ နဂါးနီစာအုပ် အသင်းဥက္ကဋ္ဌ ဖြစ်၍ လည်းကောင်း အမည် ကျော်ကြားလှသော သခင်နုမှာ ကား သူတို့(၄)ဦး [သခင်လေးမောင်၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်နု]တွင် အသက်အကြီးဆုံး ဖြစ်၍ လူကြီးလက္ခဏာသွင်မှု အပြည့်ဆုံး ဖြစ်သည်။ ဆံပင်ကို အတန်ငယ် တိုတိုညှပ်ထားပြီး၊ သပ်ရပ်စွာ ဖြီးထားလေ့ရှိသည်။အသားဖြူဖြူ မျက်ခုံးတန်းတန်း၊ နှာတံပေါ်၍ အောက်နှုတ်ခမ်းက အနည်းငယ်တွဲ ကာ မေးရိုးတင်းတင်း ဖြစ်သည်။ ကုန္တ ေသိက္ခာဆည်၍ နေလေ့ရှိသည်။ လမ်းလျှောက်ပါက ခေါင်းကိုငုံ့ငုံ့ ထား၍ လက်ဖျားနှစ် ဖက်ကို မသိမသာဆုပ်ကာ ဆန့်လွှဲ၍ လျှောက် လေ့ရှိသည်။ စကားသံမှာ ပြတ်သားရှင်းလင်း၍ မသိမသာ အနိမ့်အမြင့်၊ အဖြတ်အငင် ဂီတလှိုင်းသံပါနေသည်။

"သခင်လေးမောင်နှင့် သခင်နုတို့ကလည်း တစ်ပတ်လျှင်တစ်ကြိမ် အထွေထွေနိုင်ငံရေး ဗဟုသုတနှင့် ပတ်သက်၍ ဟောပြောပို့ ချလေ့ရှိသည်။ ကျွန်တော် အပါအဝင် အင်္ဂလိပ်စာမတတ်သော သခင်လှိုင်၊ သခင်ဝိုင်း၊ နဂါးနီ သခင်တင် (နဂါးနီစာအုပ်များ ရောင် းသဖြင့် ဤအမည် တွင် နေခြင်း ဖြစ်သည်) စသူတို့ကို အမြင်တွင် ကျောင်းဆရာလုပ်ခဲ့ဖူးသော သခင်သန်းထွန်းနှင့် သခင်နုတို့က တစ်လှည့်စီ တာဝန်ယူ၍ အင်္ဂလိပ်စာသင်ကြားပေးသည်။ အင်္ဂလိပ်စာအခြေခံ ရှိပြီး ဖြစ်သော သခင်လှထွန်း၊ သခင်သန်းမြိုင်၊ ဝါးခယ်မ သခင်မောင်မောင် စသူတို့ကသခင်စိုး၊ သခင်သန်းထွန်း၊ သခင်နုတို ၏ အကူအညီဖြင့် အင်္ဂလိပ်စာ တိုးတက်ကျွမ်းကျင်လာစေရန် လေ့လာကြသည်။

သခင်နုသည် အင်းစိန်တွဲ ဖက်ထောင်ထဲတွင် စာရေး ခဲ့သည်။ ကျွန်တော် မှတ်မိသည်မှာ အင်္ဂလိပ်ပြဇာတ်ရေး ဆရာကြီး ရှိတ်စပီးယား ရေး ခဲ့သည့် 'လိုင်ရာဘုရင်ကြီးပြဇာတ်'ကိုမှီးပြီး 'ဦးမင်းဒင် အမည် ဖြင့် ဝတ္ထုရေး ခဲ့သည်။ ဝတ္ထုတွင် ဦးမင်းဒင်၏ သမီးကြီးသည် ကာမသော င်းကျန်း သူ ဖြစ်သည်။ ဤအခန်းကိုဖတ်ပြီး သခင်စိုးက 'ခြင်ထောင်သံလေး ဒီထက်ထပ်ဖြည့်ပါဦး ကိုကြီးနုဟု တိုက်တွန်းလေသည်။

သခင်နုနှင့် ကျွန်တော် ဂျပန်ခေတ် ၁၉၄၂ ခုနှစ် ၊မေလတွင် ရန်ကုန်မြို့

ရွှေတောင်ကြားလမ်းမှ အမှတ်(၅၆)၊(ယခု သစ်တောရေး ဝန်ကြီးဌာန ဧည့်ဂေဟာ)တွင် ပြန်တွေ့ခဲ့သည်။ တစ်ဖန် ၁၉၄၅ ခုနှစ်၊ မေလ ၆ရက်များ နေ့တွင် မကြာခဏတွေ့ခဲ့ပြီး၊ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလတွင် မှ စမ်းချောင်း၊ ဘားဂရာလမ်း၊ အမှတ်(၁၈၀)၊ ကွန်မြူနစ်ပါတီဌာနချုပ်တွင် ပြန်တွေ့ကြသည်။ သခင်သန်းထွန်းနှင့် သခင်ဗဟိန်းကို လာတွေ့ခြင်း ဖြစ်သည်။သခင်နုကို သခင်သန်းထွန်းတို့က ဖဆပလ အဖွဲ့ချုပ်တွင် ပါဝင်လုပ်ရန် ပြောသော်လည်းမရပါ။ "နိုင်ငံရေး မလုပ်တော့ဘူ စာပဲရေး တော့မည် "ဟုပြောပြီး သူ့ဇာတိဝါးခယ်မပြန်သွားခဲ့လေသည်။ သခင်နု ပြောသွားသည့်အတိုင်း စာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ရေး ထွက်ခဲ့သည်။ ပထမစာအုပ်မှာ ၁၉၄၅ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့စွဲဖြင့် ထွက်လာသည်။'ငါးနှစ် ရာသီဗမာပြည်' ဖြစ်သည်။ နိဒါန်းတွင် ကိုကြီးနုက ဤသို ရေး ခဲ့သည်။"ဂျပန်တွေ ဗမာပြည်တွင် ရှိစဉ်က ဖြစ်ပျက်သွားသော အ ဖြစ်အပျက်များ သည် တစ်ပုံကြီးရှိသည်။ ယခု ကျွန်တော် ရေး သမျှသော အ ဖြစ်အပျက်များ မှာ ထိုတစ်ပုံ၏ အစိတ်အပိုင်းလေးတစ်ခုသာ ဖြစ်သည်။

ယခု ကျွန်တော် ရေး သမျှသည် တစ်ဆင့်ကြားသည့် အ ဖြစ်အပျက်များ ကို နည်းနိုင်သလောက်နည်းပြီး ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်ကြားတို့ကိုသာ ဖော်ပြထားခြင်း ဖြစ်သည်။ ထို့ကြောင့် အခန်းတိုင်း၌ လိုလိုပင်ပြည်ပြည့်စုံစုံမရှိဘဲ တစ်ဖက်သတ်သော် လည်းကောင်း ဖြစ်နေတတ်သည်။ ဟာတာတာဟင်းတင်းတင်းသော လည်းကောင်း ဖြစ်နေတတ်သည်။ ဥပမာ လွတ်လပ်ပြီလွတ်လပ်ပြီ အခန်း၊ တော် လှန်းရေး အခန်း၊ ကရင်ဗမာ ချစ်ကြည်ရေး အခန်း အစရှိသော အခန်းများ တွင် ကျွန်တော် သိသမျှကလေးထက် အဆပေါင်းများ စွာ ပို၍ သိကြသူများ ကိုယ်တိုင်လုပ်ခဲ့ကြသူများ အများအပြားပင် ရှိကြသည်။

လွတ်လပ်ပြီ လွတ်လပ်ပြီ အခန်း၌ သခင်မြ၊သခင်သန်းထွန်း၊ ကိုကျော်ငြိမ်း အစရှိသည်တို့ကလည်းကောင်း၊ တော် လှန်ရေး အခန်း၌ ဗိုလ်(ယခု ဦး)အောင်ဆန်း၊ ဗိုလ်လကျာ်၊ ဗိုလ်နေဝင်း၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း အစရှိသည်တို့ကလည်းကောင်း၊ ကျွန်တော့်ထက် အဆပေါင်းများ စွာ ပိုပြီးသိကြသေးသည်။

မူလရည်ရွယ်ချက် အတိုင်းဆိုလျှင် ထိုခေါင်းဆောင်များ သည် ယခုအခါတွင် အချိန်မရလောက်အောင် နိုင်ငံရေး ကိစ္စများ နှင့် အလုပ်ရှုပ်နေရသည့်ပြင် စက္ကူများ၊ အလုပ်သမားများ လည်း အလွန်ရှားပါးလျက်ရှိသဖြင့် ဤစာအုပ်ကို ယခုမြင်သမျှနှင့် ပင် ပုံနှိပ်လိုက်ရပါသည်။ ဤသို့ ပုံနှိပ်ရခြင်းကို မကျေနပ်သေးပါ။ ဂျပန်ခေတ်က အဖြစ်အပျက်အမှန်တို့ ကို အဘက်ဘက်မှ မြင်တွေ့ခဲ့ရသော ပုဂ္ဂိုလ်ကြီးငယ်တို့ ၏ လက်ရာများ ကိုလည်းရနိုင် သလောက်၊ ဖြစ်နိုင်သလောက် ပုံနှိပ်သင့်ပေသည်။ဘယ်ကြောင့် ဆိုသော် တစ်နေ့ သော အခါ နောင်လာ နောက်သားတို့ အတွက် ဗမာ့သမိုင်းကို ရေး သားမည် ဆိုလျှင် ဤကဲ့သို့ စာအုပ်စာတမ်းများ သည် ဗမာ့သမိုင်းအတွက် မှီငြမ်းများ အဖြစ်ဖြင့် အသုံးပြုနိုင်စရာအကြောင်း ရှိသော ကြောင့် ပင်တည်း။

ဤနိဒါန်းကို မပြီးဆုံးမီ အနည်းငယ် ပြောချင်ပါသေးသည်။ တစ်ခတုန်းက နိုင်ငံခြားသား အရာရှိကြီးတစ်ဦးနှင့် သူ့တပည့် တစ်ယောက် အမဲတစ်ကောင်ကိုပစ်လိုက်ရာ သူတို့ ရှေ့နားတွင် အမဲသည် ထိုးလဲသွားသည်ကိုမြင်သဖြင့် အရာရှိကြီးက ဝမ်းသာအားရနှင့် "ဒါနာဘစ်ဒါနာဘစ်ဒါ"ပြောပြီး အနီးသို့ သွားကြည့်သော အခါ အမဲမဟုတ်ဘဲ လူ တစ်ယောက် လဲနေသည်ကိုတွေ့ရာ "ဒါနာဘစ်ဒါမှ တ်ဘူး"ဆိုသော ဦးဘချို၏ ပုံ ကလေးကိုယခုစာရေး နေစဉ် ပြေး၍ သတိရမိသည်။တော်လှန်ရေး လုပ်ငန်းသည် ယခုလို ခေတ်စားနေသည့်အခါမျိုးတွင် ကျွန်တော် လည်း "ဒါနာဘစ်ဒါ" ဟူ၍ ပင် ပြောချင်မည် မှာ ပုထုဇဉ်တို့ ၏ သဘောပင် ဖြစ်သည်။ ထို့ အတွက်ကြောင့် ဤစာအုပ်ကိုရေး စဉ်တွင် ကျွန်တော် သိရသလောက် အတိအကျ ဖြစ် နိုင်သမျှ ဖြစ်စေရန် "ဒါနာဘစ်ဒါ"ဟု ပြောချင်သည့်ဆန္ဒများ ကို အထူးတလည် ဖိနှိပ်ချုပ်ချယ်၍ ရေး သားခဲ့ပါသည်။ သို့ ပင် ဖြစ်ပါသော် လည်း ဤဆန္ဒမျိုး ဟိုနေရာသည်တွင် ပေါ်လွင်ထင်ရှားနေပါလျှင် အမှန်သဘောချိုးယွင်း တိမ်မြုပ်မသွားစေလိုသော စေတနာနှင့် သာလျှင် ရေး သားလိုက်ခြင်း ဖြစ်သော ကြောင့် စာဖတ်သူများ က ၎င်းတို့ ကို လျစ်လျူရှုထားလိမ့်မည် ဟု မျှော်လင့်လျက်ရှိပါကြောင်း။

သခင်နု

၁၃၀၇ခု၊ တန်ဆောင်မုန်းလပြည့်ကျော်၊ ၅ရက်။

သခင်နု၏ ဤနိဒါန်းကိုရေး ရာတွင် ထိုစဉ်က သခင်နု ရေး ခဲ့သည့် သတ်ပုံအတိုင်း ရေး ခဲ့ပါသည်။ခုနှစ် ၊ သက္ကရာဇ်ကိုလည်း မူလအတိုင်းပင် ဖြစ်သည်။ ထိုစာအုပ်ရေး ပြီးနောက် ပေါ်ထွက်လာသည့် စာအုပ်များ မှာ 'မာ့ခ်ဆဇင်းဘာလဲ' (ဗမာတွေ ဘာလုပ်ရမလဲ)၊ 'ပုထုဇနော ဥမ္မတကော'နှင့် ကျွန်တော် မမှတ်မိသော အခြားစာအုပ်များ ဖြစ်ပါသည်။

သခင်နုသည် ၁၉၄၈ ခုနှစ် ၊ ဇန်နဝါရီလ မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးနောက်တွင် ၁၉၃၈ခုနှစ် ၊ အောက်တိုဘာလက စတင်ခံယူခဲ့သော သခင်အမည် ကို စွန် ခဲ့ပါသည်။ လက်မှတ်ထိုးရာတွင် လည်း သခင်နုအစား၊ မောင်နုဟူ၍ ဖြစ်လာပါသည်။ အခြားသူများ က သူ့အမည် ကို ရေး ရာတွင် လည်း သခင်နုဟု မရေး ကြဘဲ၊ ဦးနုဟု ရေး ကြပါရန် မေတ္တာရပ်ခဲ့သည်။ သူက သခင်အမည် ကို စွန့် လိုက်စေကာမူ ကျွန်တော့် အဖို့ သခင်နုကို သခင်ဘ၀၊ အင်းစိန်ထောင်ထဲတွင် စတင်တွေ့ ခဲ့ရသဖြင့် ရေး ကျင့်၊ ခေါ်ကျင့်အတိုင်း သခင်နုဟူ၍ သာ ခေါ်ကျင့်၊ ရေး ကျင့်ဖြစ်နေပါတော့သည်။ ဤသည်ကို စာဖတ်သူများ သည်းခံခွင့်လွှတ်ရန် တောင်းပန်ပါသည်။သခင်အမည် နှင့် ပတ်သက်၍ ၁၉၄၃ခုနှစ် ၊ ဩဂုတ်လ(၁)ရက်နေ့ ထုတ် ဗမာခေတ် သတင်းစာအရေး တော်ပုံ ဆောင်းပါးတွင် မိုလ်ချုပ်အောင်ဆန်း အောက်ပါအတိုင်းရေး ခဲ့သည်။ ဤဆောင်းပါးတွင် သခင် အမည် ခံရေး နှင့် ပတ်သက်၍ ကိုကြီးနုနှင့် သူ စကားအခြေအတင် ဖြစ်ခဲ့ပုံကိုအောက်ပါအတိုင်း ရေး ခဲ့ပါသည်။

"၁၉၃၈ ခုနှစ် ၊ အောက်တိုဘာလ၊ နေ့ တစ်နေ့ တွင် ဖြစ်သည်။ သိမ်ဖြူလမ်းမှ ကိုကြီးနုအိမ်သို့ ကျွန်တော် ရောက်သွားသည်။ တို့ဗမာအစည်းအရုံး (သခင်အသင်း)ဝင်ရန် သွားဆွေးနွေးခြင်း ဖြစ်သည်။ ကိုကြီးနုကို အကျိုးအကြောင်းပြောပြီး အတင်းခေါ်ခဲ့ရသည်။ ကိုကြီးနုကျွန်တော့် ကို အားနာပြီး မလိုက်ချင်လိုက်ချင်ဖြင့် လိုက်လာခဲ့သည်။ ကားစောင့်ရင်း၊ ကားဂိတ်တွင် စကားဆက်ပြောကြသည်။ ကိုဂြီးနု။ ။ "ငါ သခင်အမည် မတပ်ချင်ဘူး" ကျွန်တော် ။ ။ "သခင်အမည် မတပ်ချင် အလွယ်လေး၊ ကျွန်အမည် တပ်လိုက်ပေါ့ ကျွန်နု ဖြစ်

သွားမယ်" ကိုကြီးနု။ ။ "ကျွန်အမည် တော့ မခံချင်ဘူးကွာ၊ ငါ သခင်ပဲလုပ်တော့မယ်" ဤသို ဖြင့် သူတို့ နှစ် ယောက် လွှစ္စလမ်း (ယခုဆိပ်ကမ်းသာလမ်း) အပေါ်ဘလောက်ရှိ တို့ ဗမာ အစည်းအရုံးဌာနချုပ်သွားကာ နှစ် ယောက် အတွက် ဝင်ကြေးတစ်မတ် (ယခု ကျပ် ၅၀ ခန် )စီပေးပြီး သခင်အသင်းဝင် ဖြစ်ခဲ့ကြလေသည်။

သခင်နု၏ အစောပိုင်းလက်ရာများ

သခင်နုသည် တက္ကသိုလ်ကျောင်းသားဘဝ ၁၉၃၄ ခုနှစ် ကပင် 'ဦးကလိန်'ပြဇာတ်ကို ရေး ခဲ့သည်။ ထိုစဉ်ကနိုင်ငံရေး လောကတွင် ခေါင်းဆောင်စစ်၊ ခေါင်းဆောင်မှန်များ ရှားပါးပြီး ခေါင်းဆောင်တု၊ ခေါင်းဆောင်ညာများ ပေါ်များ ပုံကို ဦးကလိန် ပြဇာတ်တွင် ဖော်ပြထားသည်။ နိုင်ငံရေး ခေါင်းဆောင် အချို့ဘာသာရေး ဘန်းပြပြီးခေါင်းဆောင်ရရှိရန်ပြုလုပ်ပုံ၊ လူအများ ရှေ့တွင် သူတော် ကောင်း အယောင်ဆောင်ပြီး ကွယ်ရာတွင် အရက်သောက်၊ဖဲရိုက်၊ မိန်းမလိုက်ပုံနှင့် ယင်းခေါင်းဆောင်တုများ နောက်သို့ အကျင့်သီလမရှိသည့် ဘုန်းကြီးအချို့ လိုက်ပါညာစားကြပုံတို့ ကို ဖော်ပြသည့် နိုင်ငံရေး ပညာပေးပြဇာတ် ဖြစ်သည်။ ၁၉၃၇ ခုနှစ် ၊ နဂါးနီစာအုပ်အသင်း ထုတ်ဝေစတွင် သခင်နု ရေး ခဲ့သော ပြဇာတ်တစ်ခုမှာ 'နောင်တော် ချွတ်ခန်း' ဖြစ်သည်။ ဤပြဇာတ်ကို 'ပြည့်ပြဇာတ်'ဟု ခေါ်ရမည် ထင်သည်။

"အင်းဝခေတ်တွင် ဖြစ်ပွားခဲ့သော မင်းဆိုးမင်းညစ် သိုဟန်ဘွားကို မင်းကြီးရန်နောင်က 'ယိမ်းနွဲ့ပါး'ဓားဖြင့် လုပ်ကြံသတ်ဖြတ်ပုံကို အခြေခံထားသည့် ပြဇာတ် ဖြစ်သည်။ မြန်မာ့သမိုင်းတွင် ဤအ ဖြစ် အမှန်ရှိခဲ့သည်။ ပြဇာတ်တွင် ဖြည့်စွက်ထားသည်က ညီအစ်ကိုနှစ် ယောက် အကြောင်း ဖြစ်သည်။ မင်းကြီးရန်နောင်၏ တပည့်ရင်းအစ်ကိုမှာ စိတ်ရင်းကောင်း၍ သတ္တိရှိသော်လည်းအ ဖြစ်မှန်ကို မမြင်။ ရှေ့အလားအလာကိုမကြည့်တတ်။ညီ ဖြစ်သူက အစ်ကိုကဲ့သို့ မဟုတ်။ အမြင်မှန်ရှိသူ ဖြစ်သည်။သိုဖြင့် ညီအစ်ကိုနှစ် ယောက် အကြား သဘောထားကွဲကြသည်။ အစ်ကိုက သဘောထားမှား ပြီး ညီ ဖြစ်သူက အခြေအနေမှန်ကိုမြင်၍ ချင့်ချိန်စဉ်းစားတတ်သူ ဖြစ်သဖြင့် အစ်ကို၏ အမြင်မှား နေခြင်းကို ထောက်ပြကာ လမ်းမှန်ညွှန်ပြသည့် ဇာတ်လမ်း ဖြစ်သည်။

သခင်နုသည် မုဋ္ဌရဝက်မင်းပြဇာတ်ကိုလည်း ရေး ခဲ့သည်။ တောအုပ်တစ်အုပ်တွင် ဝက်အပေါင်းနှင့် ကျားတစ်ကောင်ရှိသည်။ ကျားသည် ဝက်များ ကို ဖမ်းယူစားသောက်ပြီး မင်းမူနေသည်။ ကြာလျှင် ဝက်မျိုးပြုန်းရမည့် အခြေ ဖြစ်နေသည်။ ပညာရှိ မုဋ္ဌရဝက်သည် ဝက်များ ကျားစားမခံရအောင် ဝက်များ ကိုစည်းရုံးသည်။ မင်းမူနေသည့်ကျားကို ဝက်များ စည်းစည်းလုံးလုံးရှိပြီး တည်ထွင်ဉာဏ်ရှိပါက အသေသတ်နိုင်မည် ဖြစ်ကြောင်း ရှင်းပြသည်။ ဝက်များ သည် ကြောက်ရွံ့ခြင်းမရှိတော့ဘဲ မုဋ္ဌရဝက် အကြံဉာဏ်အတိုင်း လိုက်ပါ ဆောင်ရွက်ကြသည်။ ကျားကို အသေသတ်ဖို့ ထောင်ချောက်ကျင်းတူးကြသည်။ ကျားကို ဝက်ပိုအချို့ကအယောင်ပြပြီး ကျားကို ဒေါသထအောင်ပြုလုပ်သည်။သို့ဖြင့် ကျားသည် ထောင်ချောက်တွင် းကျပြီး ထောင်ချောက် တွင် ဆင်ထားသော ငြောင့်ဆူး၍ သေလေသည်။ ဤတွင် အောင်ပွဲရ ဝက်အပေါင်းသည် မုဋ္ဌရဝက် ကိုမင်းအ ဖြစ် တင်မြှောက်လိုက်ကြသည်။ စည်းလုံးမှု ၏ အင်အားကို ဖော်ကျူးသော ပြဇာတ် ဖြစ်သည်။

'မယားဆိုးလင်' သခင်နု ပင်ကိုဉာဏ်ဖြင့် ရေး သော ဇာတ် ဖြစ်သည်။ အိမ်ထောင်မှု ပညာပေးဇာတ်လမ်း ဖြစ်သည်။ လူဆိုးကိုလူကောင်းမှတ်ပြီး သမီးကို အိမ်ထောင်ချပေးခဲ့သည့် ဖခင်အကြောင်း ဖြစ်သည်။ ဤပြဇာတ်တွင် မြန်မာ့ဆိုရိုးစကား ဖြစ်သည့် 'အိမ်ထောင်မှု ၊ ဘုရား တည်၊ ဆေးမင်ရည်စုတ်ထိုး နောင်ပြင်နိုင်ခဲသည့်အမျိုး'ကို သခင်နုထည့်သုံးခဲ့သည်။သခင်နုသည် 'လင်ဆိုးမယားတဖားဖား'ပြဇာတ်ကိုလည်း ရေး ခဲ့သေးသည်။ မြန်မာများ သည် အိမ်ထောင်ပြုခြင်းကို အထူးဂရုစိုက် အလေးထားသည်။ အထူးသဖြင့် မိန်းကလေးများ အဖို့ လင်ယူသားမွေးပြုရာတွင် ကြိုတင်ချင့်ချိန် စဉ်းစားသင့်ကြောင်း အကြံပြုထားသည်။ မြန်မာ့ဆိုရိုးစကားတွင် မိန်းကလေးများ သည် 'ဆူးပေါ် ဖက်ကျဖက်ပေါက်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်' မိန်းကလေးများ မှာ နာဘက်ကချည်း ဖြစ်ကြောင်းအိမ်ထောင်ရေး ပညာပေးပြဇာတ်များ ဖြစ်ပေသည်။ သခင်နုသည် လွတ်လပ်ရေး မရမီက 'လူပေါ်လူဇော်လုပ်နည်း' အမည် ဖြင့် ဒေးကာနက်ဂျီ ရေး သည့်စာအုပ်ကိုဘာသာပြန်ခဲ့သည်။ ယင်းအမည် မှာ ကလိမ်ဉာဏ်သဘောပါသည်ဟု သခင်နု ထင်မြင်ပုံရသည် ထင်ပါသည်။လွတ်လပ်ရေး ရပြီးနောက် ယင်းစာအုပ်အမည် ကို

'မိတ္တဗလင်္ကာ'ဟု ပြောင်းလိုက်ပါသည်။

သခင်နုသည် ၁၉၃၃ ခုနှစ် လောက်ကတည်း စာစတင်ရေး ခဲ့ဟန် တူပါသည်။ ဆောင်းပါးများ ၊ စာပေဝေဖန်ရေး စာတမ်းများ ၊ ပြဇာတ်နှင့် ဘာသာပြန်များ အပြင်၊ဝတ္ထုများ နှင့် အတ္ထုပ္ပတ္တိများ ရေး ခဲ့ပါသည်။သခင်နု ဝန်ကြီးချုပ် ဖြစ်ပြီးနောက် စာပေဗိမာန်စာအုပ်အသင်းကို ထူထောင်ခဲ့သည်။ စာအုပ်အသင်းဝင်များ သည် စာပေဗိမာန်မှထုတ်သမျှစာအုပ်များ ကို အဖိုးနှုန်းချိုစွာ ဖြင့် ဖတ်နိုင်သည်။ ပုဂ္ဂလိက စာအုပ်တိုက်များ ကဲ့သို့ မဟုတ်ဘဲ စောင်ရေသော င်းချီ ထုတ်ဝေခဲ့ပါသည်။ စာဖတ်သူဦးရေတိုးပွားလာစေပြီး စာရေး သူအတွက်လည်း စာမူခများ စွာ ရစေခဲ့ပါသည်။ စာပေဗိမာန်စာအုပ်တိုက်ကိုဟံသာဝတီအဝိုင်းကြီးအနီးရှိ ဆိုရှန်တိုဗီလာ အဆောက်အအုံ (ယခု စာတိုက်နှင့် ဆက်သွယ်ရေး ဝန်ကြီး ဌာနရုံး)ဟောင်းတွင် ဖွင့်လှစ်ခဲ့သည်။သခင်နုသည် ထိုမျှမက အင်္ဂလိပ်စွယ်စုံကျမ်း(Encyclopedia of Britainica) ကို အတုယူပြီးမြန်မာ့စွယ်စုံကျမ်းကို က မှ အ အက္ခရာအထိ၊ ပညာရှင်များ ခန့် ထားပြုစုစေခဲ့ပါသည်။ သခင်နု၏ ကျေးဇူးကြောင့် စာရေး ဆရာနှင့် သုတေသီများ စွာ အဖို့ ယနေ့ တိုင် တန်ဖိုးမဖြတ်နိုင်သော စာပေကျေးဇူးများ ရရှိနေခဲ့၊ နေဆဲ၊နေလတ္တံ့ ဖြစ်ပေသည်။ စာပေဗိမာန်၏ အမှတ်အသားမှာ 'ပညာဖြင့် အလင်းဆောင်အံ့'ဟု ဖြစ်ပါသည်။

သခင်နုသည် ဝန်ကြီးချုပ်အ ဖြစ် နိုင်ငံ့တာဝန်ထမ်းဆောင်နေရင်း ပြည်တွင်း စစ်ဆန့် ကျင်ရေး (အစိုးရကိုလူထုသာထောက်ခံပါက ပုန်ကန်ထကြွမှု ကို နှိမ်နင်းနိုင်မည် ဖြစ်ကြောင်း) 'လူထု အောင်သံ' ပြဇာတ်ရေး ခဲ့သည်။ဤပြဇာတ်ကို ရုပ်ရှင်ရိုက်ရာတွင် တပ်မတော် မှ ဗိုလ်မှူးဗကိုက သရုပ်ဆောင်အ ဖြစ် ပါဝင်ခဲ့သည်။ ထိုမှစ၍ ဗိုလ်ဗကိုတပ်မှထွက်ကာ နာမည် ကြီးသရုပ်ဆောင် ဖြစ်သွားတော့သည်။ ဗိုလ်ဗကိုသည် ရင်းနှီးသူ အပေါင်းအသင်းများ ကို သခင်နုသည် သူ့ ဆရာ၊ ကျေးဇူးရှင် ဖြစ်ကြောင်းပြောလေ့ရှိသည်။

သခင်နု၏ နောက်ဆုံးဘဝ

သခင်နုသည် ၁၉၈၀ ခုနှစ် ၊ ဇူလိုင်လတွင် အိန္ဒိယမှမြန်မာပြည်

ပြန်ရောက်လာပြီး သတင်းစာကွန်ဖရင့်ပြုလုပ်ခဲ့သည်။ သခင်နုက သူ့နိုင်ငံရေး အလုပ်ကိုအပြီးတိုင်စွန့် လိုက်ပြီ။ ရှေ့အဖို့ သမထ တရားဘာဝနာပွားများ ပြီး ပိဋကတ်ကျမ်းများ ကို အင်္ဂလိပ်ဘာသာပြန်မည် ။ကမ္ဘာတွင် ဗုဒ္ဓဘာသာပြန့်ပွားရေး ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။သခင်နုသည် သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာပွားများ ကာ အေးချမ်းစွာ နေထိုင် လျက်ရှိစဉ် ၁၉၉၅ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁၄)ရက်နေ့ တွင် ကွယ်လွန်ခဲ့လေသည်။သူ့အိမ်သို့ သခင်လှကွန်းနှင့် အတူ ကျွန်တော် ရောက်ခဲ့သည်။ ဖေဖော်ဝါရီလ (၁၆)ရက်နေ့ တွင် လည်း ကြံတောသုသာန်သို့ ကျွန်တော် တို့ လိုက်ပါပို့ ဆောင်ခဲ့သည်။သခင်နု ရုပ်ကလပ်ကို အုတ်ဂူသွင်းခဲ့သည်။ ထူးခြားသည်မြင်ကွင်းမှာ အုတ်ဂူကို ဗလာလက်ကြီးနှစ် ဖက်ကအုပ်မိုးထားပုံ ဖြစ်သည်။

မြန်မာမင်းလက်ထက် ဦးပုည ကွယ်လွန်သော အခါလက်တစ်ဖက်ကို ခေါင်းအပြင်ထုတ် ထားခဲ့သည်ကို အမှတ်ရမိသည်။ သူ သေလွန်သော အခါ လက်ဗလာဘာမျှမပါသည့်သဘော ဖြစ်သည်။ သခင်နုလည်း ဦးပုညကို နမူနာယူပုံရပါသည်။ ဤသို့ ရုပ်တုများ ထုထားရန် သူ့ သားသမီးများ ကို သခင်နု မှာ ခဲ့ ပုံရသည်။၂-၁-၂၀၀၈ ရက်နေ့၊ ညနေ ၅ နာရီခန့် တွင် ကျွန်တော့် ဇနီး သန်းသန်းညွန့် နှင့် အတူ စက်မှု လယ်ယာရပ်ကွက်ရှိ မြမြစန်းတို့ ညီအစ်မ နေအိမ်သို့ ရောက်သွားသည်။ မြမြစန်းတို့ ၏ မောင် အသုဘသို့ လိုက်မပို့ နိုင်ကြောင်းပြောပြီး အကူငွေလည်းပေးခဲ့သည်။ မြမြစန်း အစ်မ မချောက လက်ဆောင်အ ဖြစ် သူ့ထံတွင် ရှိသော ၂၀၀၉ ခုနှစ် ၊ ဇန်နဝါရီလထုတ် Wellness မဂ္ဂဇင်းကိုပေးသည်။ (ဤမဂ္ဂဇင်း ထုတ်ဝေသူ နန်းအိအိဇာနှင့် သူတို့ ညီအစ်မ အလွန်ခင်ခဲ့သည်) အိမ်ပြန်ရောက်သည်နှင့် မဂ္ဂဇင်းကိုဖတ်ကြည့်ရာ သခင်နု နောက်ဆုံးရေး ခဲ့သည့် 'မြတ်တရားကို ရှာဖွေတွေ့ရှိသူ' ဆိုသည့်စာအုပ်ကို 'စာအုပ်စင်'တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။

သခင်တင်မြ

၅-၁-၂၀၀၉

သခင်နုနှင့် သခင်လှကွန်း ဆက်ဆံရေး မှတ်တမ်း

၁၉၃၉ ခုနှစ် တွင် ဗမာ့ထွက်ရပ်ဂိုဏ်း (Burma Freedom Bloc) ဖွဲ့စည်းပြီးနောက် ယင်းအဖွဲ့၏ နိုင်ငံရေး ဆုံးဖတ်ချက်ကို ပြည်သူလူထုတို့ အား ရှင်းပြရန်နယ်လှည့်တရားပွဲများ ကျင်းပနေစဉ်တွင် သခင်နုနှင့် ခင်လှဖေ (ဗိုလ်လက်ျာ)တို သည် လမ်းရွာမြို့သို့ ရောက်ရှိ လာပါသည်။ ဖော်ပြပါဆုံးဖြတ်ချက်မှာ ဗြိတိသျှနယ်ချဲ့အစိုးရက မြန်မာနိုင်ငံအား လွတ်လပ်ရေး မပေးသော ကြောင့် ယင်းတို့၏ နယ်ချဲ့စစ်ပွဲ၌ ပူးပေါင်းဆောင်ရွက်ခြင်းမပြုဟူသော သဘောထား ဖြစ်သည်။ လမ်းရွာတွင် ၁၉၃၉ခုနှစ် ၊ ဆောင်းရာသီဝင်ခါနီး၌ ငါးမျက်နှာဘုရား ဝင်းထဲတွင် သခင်နုတို့ တရားပွဲ ကျင်းပပါသည်။ ထိုတရားပွဲကို ဖြစ်မြောက်အောင်စီစဉ်သူမှာ လမ်းရွာမြို့နယ် တို့ဗမာအစည်းအရုံး ဖြစ်ပါသည်။ အတွင် းရေး မှုးမှာ သခင်လှကွန်း ဖြစ်ပါသည်။

သခင်နုကို ထိုတရားပွဲ၌ ပထမဆုံး တွေ ့ဖူးခြင်း ဖြစ်ပါသည်။

သခင်နုတို့ ရန်ကုန်ဌာနချုပ်သို့ ပြန်သွားပြီးနောက် သခင်လှကွန်းက ဖော်ပြပါဆုံးဖြတ်ချက် ရှင်းလင်းပွဲများ ကို ရေနံကျပ်ရွာ စသော နေရာများ ၌ တရားပွဲများ ပြုလုပ်၍ ဆက်လက် ရှင်းပြ ဟောပြောပါသည်။ ထိုအချိန်တွင် သခင်လှကွန်းမှာ အသက် ၁၇ နှစ် ရှိပြီ။ ၁၉၄၀ ပြည့်နှစ် တွင် မြန်မာနိုင်ငံ (စစ်ဗြိတိသျှနယ်ချဲ့)အစိုးရက ယင်းတရားပွဲများ ကို အကြောင်းပြု၍ ၁၉၄၀ ပြည့်နှစ် ၊ဩဂုတ်လတွင် း မြန်မာနိုင်ငံ ကာကွယ်ရေး ဥပဒေ (Burma Defence Rules) ပုဒ်မ ၃၈ အရ ဗြိတိသျှအစိုးရ၏ စစ်အားထုတ်မှု ကို ထိခိုက်နှောင့်ယှက်မှု ဖြင့် တရားစွဲဆိုကာထောင် ဒဏ်တစ်နှစ် အပြစ်ပေး၍ မြင်းခြံထောင်ကြီးသို့ ပို့၍ ယင်းထောင်မှတစ်ဆင့် အင်းစိန်တွဲ ဘက် ထောင်ကလေးသို့ ပို ပါသည်။

ထိုထောင်တွင် ၁၉၄၀ ပြည့်နှစ် ၊ နိုဝင်ဘာလဆန်း၌ သခင်နုနှင့် ပြန်၍ တွေ ့ပါသည်။ သခင်နု လမ်းရွာမှပြန်ပြီး မကြာမီ သခင်လှကွန်းအားမွေးစားသားအ ဖြစ်

အသိအမှတ် ပြုလိုကြောင်း ထုတ်ဖော်ပြောဆိုပါသည်။ သခင်လှကွန်း၏ မိဘများ က စာချုပ်စာတမ်းမလိုပါ။ သခင်နုက သားကဲ့သို့ ချစ်ခင်သွန်သင်စောင့်ရှောက်သည်ကို ကျေနပ်နေပါမည် ဟု ပြန်လည်တင်ပြသဘောတူလိုက်ပါသည်။

သခင်နုနှင့် အင်းစိန်ထောင်ကလေးထဲတွင် ခြောက်လကျော် အတူနေရစဉ် သခင်လှကွန်းသည် သခင်နု၏ နိုင်ငံရေး နှင့် အခြေခံပညာရေး ကိစ္စများ ကိုဂရုတစိုက် လမ်းညွှန်သွန်သင် ရှင်းပြမှု ကို ရရှိခဲ့ပါသည်။ ၁၉၄၁ ခုနှစ် တွင် သခင်လှကွန်းသည် ဇူလိုင်လထဲ၌ ထောင်မှလွတ်၍ လမ်းရှာ တို့ဗမာအစည်းအရုံး၏ အတွင်းရေး မှူးတာဝန်ကို ထမ်းဆောင်ပြီး ၁၉၄၂ ခုနှစ် ၊ ဖေဖော်ဝါရီလထဲတွင် ကာကွယ်ရေး ဥပဒေပုဒ်မ ၅၆ ဖြင့် နောက်တစ်ကြိမ် ထောင်ကျပြန်၍ မန္တလေးထောင်တွင် း၌ သခင်နုနှင့် ပြန်တွေ ့ရပါသည်။ ထောင်တွင် းရှိ အထူးတန်းအဆောင်၌ အတူနေရစဉ် သခင်နုသည် သခင်လှကွန်းအား သားရင်းသဖွယ် အရိပ်တကြည့်ကြည့်ဖြင့် စားရေး သောက်ရေး မှအစ ကိစ္စအားလုံး၌ ညွှန်ပြကူညီကာ စောင့်ရှောက်ပါသည်။

၁၉၄၂ ခုနှစ် ၊ ဧပြီလ ၂၇ရက်နေ့ တွင် သခင်လှကွန်းအား သူ ခေတ္တနေထိုင်ရာ ဆေးရုံ အဆောင်သို့ ခေါ်ကာနောက်တစ်နေ့ တွင် ထောင်မှအားလုံး ထွက်နိုင်ကြတော့မည် ဖြစ်၍ အပြင် သို့ ရောက်ပြီး လိုရာခရီးဆက်သော အခါရေကို အရမ်းမသောက်ရန်နှင့် ပိုးသတ်ဆေးခတ်ပြီးမှ သောက်ရန် မှာ ကြားပါသည်။ ပေါင်ဒါဘူးအလွတ်ထဲတွင် သူ ထည့်ထားသော ပိုးသတ်ဆေး ကိုလည်း ပေးလိုက် ပါသည်။ နောက်တစ်နေ့ တွင် သူ ဦးဆောင်သော ရဲဘော်တစ်စုက တစ်နေရာသို့ သွားပါသည်။ သခင်လှကွန်းကို သခင်ရွှေအုပ်(ကျောက်ဆည်) ဦးဆောင်သော ရဲဘော်စုသို့ အပ်ပေးပါသည်။ ထို့ပြင် ကာလဝမ်း ရောဂါ ကြောင့် တိုက်ခန်းများ သို့ ရွှေ့ပြောင်းထည့်ထားသည့် (ရွှေတောင်တိုက်ပွဲမှ အင်္ဂလိပ်စစ်တပ်မှ ဖမ်းမိလာသော BJA သုံ့ပန်းရဲဘော်များ ကို အုပ်စုများ က တာဝန်ခွဲဝေယူကာထောင်အပြင်သို့ သယ်ယူသွားကြရန် သခင်နုနှင့် သခင်စိုးတို့ က ကြီးကြပ်ကာ တာဝန်ပေးပါသည်။ သခင်ရွှေအုပ် အုပ်စုမှ သခင်လှကွန်းနှင့် သခင်မြသန်း (နောင်တွင် စာရေး ဆရာ ဖြစ်လာသူ)တို့ အတွဲ က

လူနာရဲဘော်တစ်ဦးကိုသယ်ယူထုတ်သွားရန် တာဝန်ပေးအပ်ပါသည်။ ထောင်အပြင်သို့ ရောက်ပြီး မြောက်ပြင်နှင့် အရှေ့ပြင် ကျုံးဒေါင့်သို့ ရောက်သည့်အခါ တပ်ဆုတ်လာနေသော တရုတ်စစ်တပ် နှင့် ပက်ပင်းတိုးတော့မည့် အနေသို့ ရောက်ပါသည်။

ထိုအခါအဖွဲ့ခေါင်းဆောင် သခင်ရွှေအုပ်က လူနာကို ကျုံးဒေါင့်၌ ရေပြင် အနီးတွင် ဖွက်ထားခဲ့ရန်နှင့် ရန်သူနှင့် တိုးမိပြီးအားလုံး အသက်အန္တရာယ် မတွေ့ကြုံရစေရန် အတွက်မတတ်သာသော ကြောင့် ထားခဲ့ရကြောင်း စာတိုတစ်စောင် ရေး ၍ လူနာ၏ အကျီရင်ဘတ်တွင် တွယ်ချိတ်ဖြင့် ချိတ်ပေးရမည် ဖြစ်ကြောင်းဖြင့် စီစဉ်ညွှန်ကြား၍ ထားခဲ့ရပါသည်။ ထိုလူနာ သောက်ရန်ရေကို လက်ထဲတွင် ထည့်ကြည့်၊ နမ်းကြည့်ရာ ရန့် မွှေးနေပါသည်။ ငှါလဒ္ဒီးသခင်လှကွန်း ယူလာတဲ့ဘူးက ပေါင်ဒါဘူးပဲကွ ဟုဆုံးဖြတ်ကာ သူ၏ (ဆေးခတ်ပြီးသား) ရေဘူးနှင့် ပုလင်းကို လူနာအနီးတွင် ထားပေးခဲ့ပါသည်။ အ ဖြစ်မှန်မှာ သခင်နုက ဆေး မှု နှ့် ဘူးပေးစဉ်က တံဆိပ်တူ ဖြစ်အောင် Eclat ပေါင်ဒါဘူးကို သခင်လှကွန်းက ယူလာမိခြင်း ဖြစ်ပါသည်။ လူနာအား အထက်ပါ အစီအစဉ်အတိုင်း ထားခဲ့ပါသည်။ နောက်ခြောက်လခန့် ကြာသော အခါ ရန်ကုန်မြို့ရှိ မော်တော် ကားပြင် အလုပ်ရုံ၌ ထိုလူနာသည် လူကောင်းအ ဖြစ်ဖြင့် ပြန်တွေ့ရပါသည်။ ထိုသူနှင့် သခင်လှကွန်းက မော်တော် ကားစက်၏ ချို့ယွင်းချက်ကို ပြပြင် ရန်သွားရင်း ခင်မင်လာသော အခါ သူ၏ ဇာတ်ကြောင်းပြန် ပြောပြချက်အရ ကျုံးဒေါင့်တွင် လူနာထမ်းစင်ပေါ်၌ သတိပြန်ရလာပြီး ရေကောင်းများ ကို ချွေချွေတာတာသောက်ကာ အားအင်ရရှိလာ၍ တောင်ပြုံးရွာသို့ ရောက်ကြောင်း၊ ရွာမှ အစားအစာများ ကျွေးမွေးကာ ပြုစုသဖြင့် လူကောင်း ဖြစ်လာခဲ့ရကြောင်း သိရပါသည်။ အကျီရင်ဘတ်တွင် ချိတ်ပေးထားခဲ့သော စာကိုလည်း တွေ့ရှိသိမ်းထားကြောင်းကိုပြောပြပါသည်။ သခင်ရွှေအုပ်၏ အစီအစဉ်ကြောင့် သူ အသက်ရှင်ရသည့်ပြင် သခင်ရွှေအုပ်တို့လည်း အန္တရာယ်ကင်းစွာ ရေကြည်ရွာသို့ ရောက်သွား နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

သခင်လှကွန်းသည် ၁၉၄၂ ခုနှစ် ၊ မေလ နှစ် ရက်တွင် သူ့အား လိုက်ရှာနေသော သခင် တင်မြနှင့် ရန်ကင်းတောင်ရွာတွင် တွေ့ရပြီးနောက်

ဘီအိုင်အေတပ်သို့ ဝင်လိုက်ပါသည်။ တပ်တွင် ဗိုလ်လင်းယုန် (မန္တလေးထောင်ထဲတွင် အတူနေခဲ့ရသူ) ကွပ်ကဲသော တပ်၌ အထက်ဗမာပြည် စစ်ရုံးအဖွဲ့၌ ဒုဗိုလ်အဆင့်ဖြင့် ပြောင်းရွှေ့တာဝန်ယူရပါသည်။ ၎နိုလ အလယ်လောက်တွင် ဗိုလ်လက်ျာ၏ တာဝန်ပေးချက်အရ ဘယ်လင်းရွာ၌ ရှိနေသော (သခင်စိုး၏ ဇနီး) ဒေါ်ခင်စီ ကို ရန်ကုန်သို့ ပြန်ပို့ပေးရပါသည်။ရန်ကုန်သို့ ပို့ရာ၌ ဗိုလ်အောင်သူ (ခ) မြင်းခြံ ကိုမောင်မောင်(သံမဏိတပ်ဗိုလ်ဟောင်း)နှင့် အတူ တာဝန်ယူရပါသည်။ မန္တလေး အမရပူရစစ်ရုံးသို့ အပြန် လမ်းခရီး၌ မသန့်သော ဖက်စွပ်ရေသောက်မိပြီး တိုက်ဖွိုက် ရောဂါ ဖြစ်၍ ဆေးကုခံနေရချိန် အတွင်း ;တွင် ဇူလိုင်လ ကုန် သွားပါသည်။ဇူလိုင် ၂၇ ရက်နေ့တွင် ဘီအိုင်အေကို ဖျက်သိမ်းပြီး ဘီဒီအေ ဖွဲ့စည်းသည်ကို မမီလိုက်တော့ပါ။ ကျန်းမာလာ၍ ရန်ကုန်သို့ပြန်ပြီး သခင်နု၏ အိမ်မှာ ထိုစဉ်က ရွှေဥဒေါင်းမင်း အထည်ပိုင် သူဌေးကြီး၏ တိုက် (ယခု ဆီဒိုးနားဟိုတယ်) ဖြစ်ပါသည်။ ထိုအိမ်တွင် နေစဉ် ရွှေတောင်ကြားလမ်း၊ တိုက်အမှတ် ၅၆၌ နေထိုင်လျက်ရှိသော ဝန်ကြီး သခင်ဆန်းထွန်း(လူပို့ကြီး) အိမ်တွင် သခင်နု တာဝန်ပေးထားသည့် သခင်ရွှေအုပ်ကြီးသည် ကျောက်ဆည်သို့ပြန်ရန် ဖြစ်လာပါသည်။ သခင်ရွှေအုပ်သည်ကျောက်ဆည်၌ ရှိနေစဉ် ဂျပန် ကင်ပေတိုင်စစ်ပုလိပ်အဖွဲ့၏ ရန်ကို ကြောက်နေရသဖြင့် သခင်လှကွန်း ရန်ကုန်သို့ ဒေါ်ခင်စီကို လိုက်ပို့စဉ်က ကျောက်ဆည်မှစောင့်ပြီးလိုက်ပါလာသူ ဖြစ်ပါသည်။ ရန်ကုန်တွင် သခင်နုက သခင်ရွှေအုပ်အား စောင့်ရှောက်ထားပြီးနောက် သခင်သန်းထွန်းနှင့် အတူသွားနေပြီး စောင့်ရှောက်ပြီး အိမ်တော် ထိန်းအ ဖြစ် ကူညီရန် သခင်နုက တာဝန်ပေးထားသူ ဖြစ်ပါသည်။ သခင်ရွှေအုပ်ကြီး ကျောက်ဆည်ပြန်၍ ပြန်ရမည့် အချိန်တွင် သခင်လှကွန်းအား သခင်သန်းထွန်းအိမ်၌ တာဝန်ယူရန် ဖြစ်လာပါသည်။ သခင်နု၏ တာဝန်ပေးချက်အရ သခင်လှကွန်းမှာ သခင် သန်းထွန်းအိမ်သို့ ပြောင်းရွှေ့ရပါသည်။

ဤသို့ဖြင့် ၁၉၄၂ ခုနှစ်၊ ဩဂုတ်လလောက်မှ သခင်သန်းထွန်းအိမ်တွင် တာဝန်ယူရင်း ကွန်မြူနစ်ပါတီဝင် ဖြစ်ပြီးနောက် ၁၉၄၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အိန္ဒိယပြည်ရှိ ဖဆပလ၏ အဝေးရောက်ကိုယ်စားလှယ်ရဲဘော်ကြီး သိန်းဖေမြင့်ထံသို့

သွားရောက်ရပါသည်။ အိန္ဒိယနှင့် သီဟိုဠ်(သီရိလင်္ကာ)တွင်

လိုအပ်သည့်စစ်ပညာလေထီးဆင်းပြောက်ကျားတပ်မှု ပညာများ ဆည်းပူး၍ ၁၉၄၅ ခု၊ ဧပြီလ

၉ရက်နေ့တွင် မြန်မာနိုင်ငံသို့ စစ်တာဝန်ဖြင့် ပြန်လည် ရောက်ရှိခဲ့ပါသည်။

စစ်ကြီးပြီးသည်အထိစစ်မြေပြင်၌ လေထီးပျောက်ကျားတပ်မှုအ ဖြစ် တပ်ကုန်းဒေသ ကျွဲပွဲ၊

ညောင်ခြေထောက်၊ ဇေယျာဝတီ ဒေသများ ၌ တပ်များ ကိုဦးစီးကာ တိုက်ခိုက် ခဲ့ပါသည်။

စစ်ပြီးသော အခါ သခင်နုနှင့် ဝေးသွားပြီးလျှင်စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်

းလမ်း၊ အိမ်နံပါတယ် ၁၂၃ သခင်သန်းထွန်း၏ မိသားစုဝင်အ ဖြစ်

နေထိုင်ရင်းကွန်မြူနစ်ပါတီဝင် ဖြစ်ခဲ့ရပါသည်။

သခင်လှကွန်း

၂၉-၁-၂၀၀၉

# (၉)


ပြဇာတ်ဆရာ ဦးန

၁၉၂၈ ခုနှစ် သည် မြန်မာပြဇာတ် လမ်းကြောင်းတွင် အချိုးအကွေ့တစ်ခု ပေါ်ပေါက်လာ သော နှစ် ဖြစ်သည်။ ဦးကင်ဥ၊ ဦးပုညတို့ ၏ အစဉ်အလာကို လိုက်သော 'ရှေးခေတ်ပုံစံ ပြဇာတ်များ ' တိမ်ကောသွားပြီးနောက်ခေတ်သစ်ပုံစံဖြင့် ရေး သော ပြဇာတ်များ ထိုနှစ် တွင် စတင်ပေါ်ပေါက်လာသည့်အတွက် အချိုးအကွေ့တစ်ခုဟု ဆိုရ ခြင်း ဖြစ်သည်။ ၁၉၂၈ ခုနှစ် တွင် ပြင်သစ် ပြဇာတ်ဆရာမိုလဲ၏ ပြဇာတ်ကို ဆရာကြီး သခင်ဘသော င်း မြန်မာမှု ဖြစ်သော 'ဆရာဝန်ပါပဲ' ပြဇာတ် ပေါ်ထွက်သည်။ ထိုပြဇာတ်ကို ပထမဆုံး ခေတ်သစ်ပြဇာတ်ဟု အမှတ်အသားပြုကြသည်။

စိတ်ဝင်စားစရာကောင်းသော အချက်တစ်ချက်မှာ ဦးန၏ 'အချစ်လော အမုန်းလော'ပြဇာတ်သည် ၁၉၂၇-၂၈ လောက်က ဂန္ဓဝံ မဂ္ဂဇင်းတွင် ရေး သားသော ပြဇာတ် ဖြစ်ပြီး မိမိ၏ ပထမဆုံးပြဇာတ် ဖြစ်ကြောင်း ဦးနကဆိုခဲ့ခြင်း ဖြစ်သည်။ သို့ ဆိုလျှင် ထိုပြဇာတ်သည် 'ဆရာဝန်ပါပဲ'နှင့် မတိမ်းမယိမ်း ပေါ်ထွက်လာသော ပြဇာတ် ဖြစ်သည်ဟု ဆိုရပါလိမ့်မည် ။ ဦးနသည်လည်း ခေတ်သစ် ပြဇာတ် ရေး ဖွဲ့သူများ တွင် အစောဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု ဆိုရပါလိမ့်မည် ။ပြန်စဉ်းစားကြည့်သော အခါ ကျွန်တော် ကျောင်းသားဘဝက သင်ယူရသော မြန်မာစာပြဋ္ဌာန်းစာများ တွင် ဦးန၏ စာအတော် များများ ပါဝင်သည်ကို သတိပြုမိပါသည်။ သတ္တမတန်းတွင် 'လူထုအောင်သံ' ပြဇာတ်သင်ရသည်။ အဋ္ဌမတန်းရောက်တော့ ဒေးကာနက်ဂျီ၏ စာအုပ်ကို ဦးန ဘာသာပြန်သော 'မိတ္တဗလဋီကာ'ကိုသင်ရသည်၊ တက္ကသိုလ်ဝင်တန်းမှာ ဦန၏ 'ပြည်တောင်စုပန်းတိုင်' စာအုပ်များသင်ယူခဲ့ရသည်။ထိုစာအုပ်များတွင် ယခုအချိန်အထိ စိတ်ထဲစာမှာ 'လူထုအောင်သံ' ဖြစ်သည်။ လွတ်လပ်ရေး ခေတ်ဦး မြန်မာနိုင်ငံအခြေအနေကို နောက်ခံပြုသော ပြဇာတ် ဖြစ်သည်။ အတန်းထဲမှာ ဆရာက ပြဇာတ်သင်ပေးစဉ် ကျောင်းသားများ ကို အောင်ဝင်း၊ အေးမောင်၊ ဗိုလ်တောက်ထွန်း စသည့် ဇာတ်ဆောင်များ နေရာ မှာ ဝင်ပြီး သူတို့ ၏ ပြောစကားများ ကို ပြောဆိုသရုပ်ဆောင်စေသည့်အတွက် စိတ်ဝင်စားစရာ ကောင်းသည်။

လူထုအောင်သံသည် ရုပ်ရှင်ဇာတ်ကားအ ဖြစ်လည်း ပရိသတ်ထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ခဲ့သည်။

ခေတ်သစ်ပြဇာတ်များ ကို လေ့လာကြည့်သော အခါ ဦးနုသည် ပြဇာတ်များ အစဥ်တစိုက် ရေး သားခဲ့သော ပြဇာတ်ဆရာတစ်ဦး ဖြစ်ကြောင်း ပို၍ သိလာရပါသည်။ ဦးနုသည် 'ဘီအေ ကိုနု' အမည် ဖြင့် 'အကုသိုလ်'တစ်ခန်းရုပ်ပြဇာတ်ကို ၁၉၃၄ ခု၊ ဩဂုတ်လထုတ် တိုးတက်ရေး မဂ္ဂဇင်းတွင် ရေး သားခဲ့သည်။ 'အကုသိုလ်'ခေါင်းစဥ်ဖြင့် ပင် ၁၉၃၄ ခု၊ အောက်တိုဘာလထုတ် တိုးတက်ရေး မဂ္ဂဇင်းတွင် ထပ်ရေး သည်။ ထိုပြဇာတ် ၂ ပုဒ်စလုံးတွင် မမျှော်လင့်ဘဲ အကုသိုလ်ဝင်တတ်ပုံကို ပုံဖော်လိုဟန်ရှိသည်။


HOW TO WIN FRIENDS
AND INFLUENCE PEOPLE

ဒီးဒုတ်ကျာနယ်တွင် ဦးနု ရေး သော တစ်ခန်းရပ်ပြဇာတ်များ ကို စုပေါင်း၍ 'ခေတ်မီ ပြဇာတ်များ 'အမည် ဖြင့် နဂါးနီစာအုပ်တိုက်က ထုတ်ဝေခဲ့သည်။ရန်ကုန်တက္ကသိုလ်၊ ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းအတွက် ဦးကလိမ်ပြဇာတ် (၁၉၄၃)ကို ရေး ဖွဲ့ပြီး ကလိမျခြုံအကျင့်ရှိသူများ ၏ အကျင့်ဆိုးကို မညာမတာ ဖော်ထုတ်သည်။ တစ်ဖက်တွင် လူရိုးလူအများ ၏ အမူအရာကိုလည်း ပေါ်လွင်စွာ သရုပ်ဖော်ထားသည်။

နောင်တော် ချွတ်ခန်း ပြဇတ်တွင် စိတ်ဓာတ်မြင့်မားရေး ၊ နယ်ချဲ့ဆန့်ကျင်ရေး ၊ ဇာတိမာန် ထက်သန်ရေး တို့ ကိုဦးတည်ရေး ဖွဲ့သည်။ သူကရပြဇာတ် (၁၉၃၆၊ ဩဂုတ်) တွင် ငါးရာ့ငါးဆယ် နိပါတ်လာ ဝဏ္ဏကီ သူကရဇာတ် ကိုအခြေခံ၍ အမျိုးသားစည်းလုံးညီညွတ်ရေး ကို ဦးတည်ရေး ဖွဲ့သည်။ ဘုရားလောင်းဝက်မင်းက ဝက်များ ၏ စည်းလုံးမှု အင်အားဖြင့် ရန်သူ ကျားစေဉ်းလဲကို တွန်းလှန်ပုံဖြင့် နယ်ချဲ့ကို စည်းစည်းလုံးလုံး တိုက်ခိုက်တွန်းလှန်ရန်ဖော်ညွှန်းတင်စားရေး ဖွဲ့သော ပြဇာတ် ဖြစ်သည်။ လွတ်လပ်ရေး ကြိုးပမ်းမှု အရှိန်အဟုန် မြင့်မားနေသည့်ခေတ်သရုပ်ကို ထင်ဟပ်ပြသည်။ ယမမင်းပြဇာတ် (၁၉၃၇)တွင် မူ ထိုခေတ်ကနိုင်ငံရေး သမားများ ကို ဟာသမြောက်စွာ သရော်ထားသည်။ အကျင့်ပျက်သူများ သေသော အခါ ယမမင်းထံရောက်ပုံ၊အမျိုးမျိုး လှည့်ပတ်ကြပုံတို့ ပါဝင်သည်။

ဦးနုသည် အိမ်ထောင်ရေး ပြဇာတ်လမ်းကိုလည်းရေး သားခဲ့ရာ မယားဆိုးလင်ပြဇာတ် ၊ လင်ဆိုးမယားပြဇာတ် ၊ လင်နေစ ဆင်သေမပြဇာတ် တို့ ဖြစ်သည်။ မယားဆိုးလင် ပြဇာတ်တွင် မယားငယ်ငယ်ကလေးယူထားပြီး ရိုးသားစွာ လုပ်ကျွေးသော လည်း မယားက ဖောက် ပြန်သည့်အတွက် လင်ကြီး ဖြစ်သူ အသေဆိုးဖြင့် သေရပုံကိုဖွဲ့သည်။ လင်ဆိုးမယား ပြဇာတ် တွင် စက်သူဌေး


ရေးသူ
ဦးနု



သမီးသည် ရုပ်ပွေ့ဆိုးသွမ်းသူနှင့် အိမ်ထောင်ပြုမိသည့် အတွက်
လင်ဆိုးမယားအ ဖြစ် ဒုက္ခရောက်ရပုံ၊ ပစ္စည်းများ ကုန်သည့်အပြင် လူပါ ရောဂါ
ရပုံ၊ လင်ဆိုးမှာ မယားငယ်၏ ကျည်ဆံကြောင့် သေဆုံးရာ မယားကြီး
သတ်ပါသည်ဟု အစစ်ခံသည့်အတွက် ဒုက္ခရောက်ရပုံတို့ ကိုဖွဲ့သည်။ လင်နေစ
ဆင်သေမ ပြဇာတ်တွင် မှု ဟာသ မြောက်စွာ ရေး ဖွဲ့သော ပြဇာတ် ဖြစ်သည်။
လင်နိုင်သော မိန်းမကို အရပ်က ရက္ခစိုးယောင်ဆောင်ပြီးခြောက်ပုံ၊
အိမ်မြှောင်ယောင်ဆောင်ပြီးပွဲ ကြည့်နေမည် ဟု ဆိုသည့်အတွက်
အိမ်မြှောင်မြင်သော် လင်ကို မနိုင်ဝံ့တော့ဘဲရှိသေရပုံတို့ ကို ဖွဲ့ထားခြင်း
ဖြစ်သည်။

လူထုအောင်သံ ပြဇာတ်နှင့် သူကရ ပြဇာတ်တို့ မှာ လွတ်လပ်ရေး ခေတ်တွင် ရေး သော ပြဇာတ်များ ဖြစ်သည်။နောက်ခံ ခေတ်သရုပ် ထင်ဟပ်သော ပြဇာတ်များ ဖြစ်သည်။ဦးနုသည် ဝတ္ထုကောင်း၊ ပြဇာတ်ကောင်းများ ထွန်းကားရေး ကို အစဉ်တစိုက် အလေးထားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ မြန်မာစာပေလောကတွင် ဝတ္ထုကောင်း၊

ပြဇာတ်ကောင်းများ ပေါ်ထွန်းလာရေး အတွက် အားပေးနှိုးဆော်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ၁၉၃၇ ခုနှစ် က ဦးသိန်းဖေမြင့်၏ ဝတ္ထုတိုများ ကို စုစည်းထုတ်ဝေရာတွင် ဦးနုကနိဒါန်းရေး ပေးသည်။ ထို နိဒါန်းတွင် 'မိန်းမပေါ၏ သို့ ရာတွင် မယားရှား၏ 'ဟူသော စကားဖြင့် ပုံခိုင်းကာ မြန်မာစာပေလောကတွင် ဝတ္ထုများ ပေါပေါများများ ထွက်နေသော လည်း ဝတ္ထုစစ်၊ ဝတ္ထုကောင်း ရှားပါးကြောင်းသုံးသပ်ပြသည်။ ဝတ္ထုကောင်း၊ ပြဇာတ်ကောင်းတို့ ကို သာဓက ပြရာတွင်

"သဝန်ကြောင်သော မိန်းမအကြောင်းကို ရေး သားထားသော ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ သမီးနှစ် ယောက် ကို ယုံမိ၍ စုံလုံးကန်းရရှာသော ဖခင်အကြောင်းပါသည့် အင်္ဂလိပ် စာရေး ဆရာကြီး ရှိတ်စပီးယား၏ ဘုရင်လီယာပြဇာတ်၊ ၎င်းဆရာကြီး ၏ သဝန်ကြောင်သော ယောကျ်ားအကြောင်းကို ရေး ထားသည့် အော်သယကို ပြဇာတ်၊ ဘုရားထက် တန်ခိုးကြီးချင်၍ မြေမျိုခံရသော ဒေဝဒတ်ဇာတ်၊ တစ်ဗိုဇနာခြားကာမှုဖြင့် သီတာခုနစ်တန် တားသလိုထင်ပြီး အနှစ် ခုနစ်ရာတိုင်တိုင် ငိုပွဲဆင်လျက်ရှိသည့် သစ္စာရှိသော ကိန္နရီ မောင်နှံ ပြဇာတ်၊ ပတ်ဝန်းကျင်ဖျက်၍ လူပျက်ရသည့် ပြင်သစ်ဆရာကြီး ဟူးဂိုးရေး သော "လီမစ္စရေဘီး" ဝတ္ထုစသည်တို့ သည် အထက်ဖော်ပြခဲ့သော စကား၏ အကောင်းဆုံးသော သာဓကအချို့ပင်တည်း"ဟု ဝတ္ထုကောင်း၊ ပြဇာတ်ကောင်းများ ကို သာဓက အ ဖြစ် ဖော်ညွှန်းထားသည်။

ခေတ်သစ်မြန်မာပြဇာတ် လမ်းကြောင်းတွင် ဦးနု၏ ပြဇာတ်များ သည် အရေး ပါသော ကဏ္ဍတစ်ရပ်အ ဖြစ်ပါဝင်လျက်ရှိပါသည်။(ဦးနု၏ ကိုလိုနီခေတ် ပြဇာတ်များ အကြောင်း ဖော်ပြရာတွင် မြန်မာစာ မဟာဝိဇ္ဇာဘွဲ့အတွက် သူငယ်ချင်းဦးငွေရ (ကွယ်လွန်သူ) ပြုစုတင်သွင်းခဲ့သော ကျမ်းကို ကိုးကားရပါကြောင်း အမှတ်တရ ဖော်ပြပါသည်။)

မောင်ခင်မင် (ဓနုဖြူ)